www.burmeseclassic.com



www.burmeseclassic.com

**နို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| [redacted] | နို့အရေး |
| [redacted] ညီညွတ်မှု မပြိုကွဲရေး | နို့အရေး |
| [redacted] တည်တံ့ခိုင်မြဲရေး | နို့အရေး |

**ပြည်သူ့သဘောထား**

- [redacted] ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- [redacted] တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သျှင်မ

## ပထမဆုနဲ့ တတိယလူ

(အချစ်မေတ္တာဘွဲ့လုံးချင်းသန္တသန္တ)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၁၂၁၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၁၀၁၂၀၉
ထုတ်ဝေခြင်း
၂၀၁၀ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်
ထုတ်ဝေသူ
ဦးကျော်ဆန်း၊ (မြ-၀၉၃၂၁) ရဲအောင်စာပေ
အမှတ် (၂)၊ ချွန်း (၁)လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်
အမှတ်(၁၀၆)၊ တာမွေလမ်း။
မွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - I.လင်း
ကွန်ပျူတာ - ပန်းအိစံ
ဖြန့်ချိရေး - မြတ်မာမာမင်း၊ မင်းလေး
အတွင်းဖလင် - ကိုအောင်ကျော်
စာအုပ်ချုပ် - သစ္စာမွန်
သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။

၈၉၅ . ၈၃
ချင်မ
ထမဆုံနဲ့တတိယလူ / သျှင်မ ။ - ရန်ကုန်
အောင်စာပေ၊ ၂၀၁၀။
၂၅၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁). ပထမဆုံနဲ့ တတိယလူ

"ကျိမ်း"

ဝင်းလက်သော လျှပ်စီးကြောင်းတစ်ခုနောက်မှာ စူးရှကျယ်လောင်သော မိုးခြိမ်းသံက ကြောက်ခမန်းလိလိ မြည်ဟီးသွားသည်။

အငြိုးတကြီးရွာချနေသော မိုးသည်းသည်းအောက်မှာ ညက မည်းမည်းမှောင်လျက်ရှိကာ ကိုယ့်ကိုယ်ကိုပင် လူလုံးပျောက်၍ အမိုးအငွေ့တစ်ခု ဖြစ်သွားလေပြီလားဟု ထင်ယောင်မှားဖွယ် ရှိလေသည်။

ရင်ခွင်ထဲမှာ သားငယ်ကိုပွေ့ထားလျက်ရှိတာ သိထားပေမယ့် စိတ်မချနိုင်စွာ မကြာခဏ ထွေးညှစ်ကြည့်မိသည်။

တဟီးဟီး တိုက်ခတ်နေသည့်လေသံ သူ့ကိုယ်ပေါ်သို့ အရှိန်ပြင်းစွာ ရိုက်ပုတ်နှိပ်စက်နေသော မိုးစက်များ…

ဘာကိုမှ ဂရုမစိုက်နိုင်…

ခြေဖဝါးနုနုမှာ စူးခနဲ မျက်ခနဲ ဘာတွေ ဆူးဆူးရှရှ

www.burmeseclassic.com



ခြေလှမ်းကို တစ်ချက်မှ အရှိန်မလျှော့နိုင်ဘဲ နောက်လှည့်မကြည့်စတမ်း သူမ ပြေးနေမိသည်။

သူတို့လက်မှာ ပြန်လည်ကျရောက်သွားသည်နှင့် သားလေးနဲ့သူမ ခွဲရတော့မည်။ သူတို့တွေ သားလေးကို သူမ ရင်ခွင်ထဲက အတင်းဆွဲယူကြတော့မည်။

ပြေး… ပြေး…

မိုးကြီးလေထန်…

မှန်တိုင်းရဲ့ညတွေမှာ ကြောက်အားပိုတတ်လွန်းခဲ့သော မိန်းမတစ်ယောက်သည် မှောင်နဲ့မည်းမည်း ကြမ်းတမ်းသော မုန်တိုင်းညမှာ လူသူကင်းဝေးနေသည့် သစ်တောအစပ် တောင်ပတ်လမ်းလေးပေါ်မှာ အင်တိုက်အားတိုက် ပြေးလွှားနေခဲ့ရပြီ။

အို… ကားမီးရောင်တွေ…

သူတို့ လိုက်လာကြပြီ။

သူမ သစ်တောတွေထဲ လှည့်ပြေးဝင်သည်။

ကြည့်စမ်း… ဒါ… ဒါ… သူ သေဆုံးခဲ့တဲ့နေရာ…

သူမရဲ့လက်ပေါ်မှာ သူ အသက်ဆုံးပါးသွားခဲ့တဲ့နေရာ။

"ကိုဘုန်းမြတ်မင်း၊ ရှင်… ရှင် ဒီနားမှာရှိနေတယ် မို့လားဟင်၊ ငွေရည်တို့သားအမိကို ကာကွယ်ပေးပါဦး ကိုရယ်၊ ငွေရည်လေ… ငွေရည် သားလေးကို မခွဲပါရစေနဲ့၊ သူတို့ သားလေးကို ငွေရည်ဆီက ခွဲထုတ်ခေါ်မသွားနိုင်အောင် ရှင် ကာကွယ်ပေးပါနော်… ငွေရည့်ကို ကယ်ပါဦးရှင်"





ငွေရည် သားလေးကို ကာကွယ်ပတ်ခြုံထားသည့် အကာအကွယ်တွေကို မိုက်မဲစွာ ခွာချလိုက်သည်။

ထိုစဉ်…

ဝင်းခနဲ လျှပ်ရောင်တစ်ချက်ကြောင့် သားမျက်နှာ ဝင်းဝင်းလေးကို ထင်းခနဲ မြင်လိုက်ရ၏။

မိုးစက်တို့ထိမှန်လို့ သားလေး လူးလွန့်လာတာကို ကျစ်လျစ်စွာ ထွေးဖက်၍ သူ့ရဲ့ရှင်သန်ခြင်းတို့ကို ရက်စက်စွာ ဖဲ့ခြွေသွားခဲ့သည့် သစ်ပင်မြင့်ကြီးကို မျက်ရည်စက်လက်နှင့် မော့ကြည့်မိ၏။

ကားမီးရောင်တွေ အနီးရောက်လာတာကို ဂရုမပြုနိုင်ဘဲ ကာကွယ်ပေးမည့်သူကိုသာ နှုတ်မှ တဖွဖွတမ်းတရင်း…

"ကာကွယ်ပေးပါ ကိုရယ်…၊ သူတို့… သူတို့ လာနေကြပြီ၊ ငွေရည်တို့သားအမိကို ရှင် ဘယ်လိုမှပစ်သွားမှာ မဟုတ်ဘူးဆိုတာ ငွေရည် ယုံတယ်၊ ဟုတ်တယ်မို့လားဟင်"

သူမ ရှုံးသွားပြီလား…

မိုးသည်းညမှာ ကြောက်အားပို၍ သူမ ရှုံးသွားခဲ့ပြီလား။

မရှုံးဘူး…

အို…

ငွေရည် ရှုံးလို့မဖြစ်ပါဘူး။ ငွေရည် သားလေး ဘဝကို ပြုစုပျိုးထောင်ပေးရဦးမှာ…

* * *



www.burmeseclassic.com

www.burmeseclassic.com

"မေမေ... မေမေ"

တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်သလို ငွေရည် ဆတ်ခနဲ လန့်နိုးသွားသည်။

သားလေးက သူမလက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထားဆဲ...

"မေမေ ဘာတွေပြောနေတာလဲဟင်၊ ပြီးတော့ မေမေ ငိုလည်းငိုနေတယ်"

"သား... သားလေး"

သူ့မျက်ရည်တွေကို တယုတယသုတ်ပေးနေသည့် သားကိုယ်လုံးလေးကို ငွေရည် တအားပွေ့ဖက်ထားလိုက်သည်။

စားပွဲပေါ်က နာရီကိုလှမ်းကြည့်လိုက်တော့ ည ဆယ်နာရီခွဲတော့မည်။

ညဦးကတည်းက မိုးရောလေပါကျနေသည့် ရာသီဥတုက အနည်းငယ်လျော့ကျသွားသည်မှလွဲ၍ လုံးဝတိတ်သွားခြင်း မရှိသေး။





"ဆယ်နာရီတောင် ခွဲတော့မယ်၊ သားလေး စာကျက်ပြီးသွားပြီလား"

"ပြီးပြီ၊ သားသားလေး ချမ်းလို့ အနွေးထည်တောင် ယူဝတ်လိုက်သေးတယ်၊ ဒီမှာ မေမေ့ဖို့ အနွေးထည်"

လိမ္မာလိုက်တဲ့ သားလေး...

သားရဲ့ပါးလေးကို ငုံ့နမ်း၍ ငွေရည် သားလေးပေးတဲ့ အနွေးထည်ကို ဝတ်လိုက်သည်။

အမေတစ်ခု၊ သားတစ်ခုမို့ နေ့ဘက် ငွေရည် ဘယ်လောက် အလုပ်ပင်ပန်း ပင်ပန်း၊ သားလေး စာကြည့်ချိန်ဆို သားကို စာပြပေးပြီး သားစာကျက်တော့ တစ်ခါတလေ ဒီလိုပဲ ငွေရည်က အနားမှာစောင့်ရင်း အိပ်ပျော်တတ်ခဲ့သည်။

"မေမေ... မေမေက မိုးတွေသည်းတိုင်း ခဏခဏ ငိုတတ်တာ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး သားသားလေးရယ်၊ မေမေက ငယ်ငယ်ကတည်းက ဒီတိုင်းပဲ၊ လာ... အိပ်ရအောင်နော် သား"

သားလေးက တတိယတန်းကျောင်းသားအရွယ်လေး ပေမယ့် အရွယ်နှင့်မလိုက်အောင် ပါးနပ်လွန်းသည်။

ငွေရည်ပြောတာကို သူ သဘောမကျပါ။

"ငွေရည်တို့သားအမိကို ကာကွယ်ပေးပါတဲ့ ဘုန်းပြတ်မင်းတဲ့၊ သားသားလေးကိုလည်း ခေါ်တယ်"

ငွေရည် အတင်းသိပ်နေတဲ့ကြားက သားလေးက



www.burmeseclassic.com

www.burmeseclassic.com



အတင်းထထိုင်သည်။

"မေမေ ငယ်ငယ်တုန်းက သားသားလေးနဲ့ ဖေဖေက မေမေနဲ့ တူတူရှိနေလို့လားဟင်"

စကားတတ်လွန်းတဲ့သားရဲ့အမေးကို ငွေရည် မပြောတတ်ပေ။

"မေမေ"

"ဟင်"

"လူကြီးဆိုတာ မညာရဘူးလေ၊ မေမေညာရင် သားသားလေးလည်း ညာတတ်မှာပေါ့"

"သားရယ်"

ငွေရည် ထထိုင်၍ သားလေးကို မြတ်နိုးစွာ ရင်ခွင်ထဲမှာ ထွေးပိုက်ထားလိုက်မိသည်။

"ဒါတွေ သားသားလေး သိသင့်တဲ့အခါကျတော့ မေမေ ပြောပြပါ့မယ် သားသားလေးရယ်၊ မေမေဟာလေ သားသားလေးနဲ့ မေမေ ခုလိုမခွဲမခွာနေနိုင်ဖို့ ဆင်းရဲဒုက္ခ အမျိုးမျိုးခံပြီး ဒီဘဝရောက်အောင် ကြိုးစားခဲ့ရတာ၊ မေမေ့ဘဝ ဟာ သိပ်ကိုဝမ်းနည်းကြေကွဲဖို့ကောင်းခဲ့တယ်၊ ခုချိန်ထိ မေမေ့ ရင်ထဲမှာ သောကတွေ မငြိမ်းနိုင်သေးဘူး၊ မေမေလေ သားသားလေးကို မခွဲနိုင်ဘူး၊ သားသားလေးကို မေမေ သိပ်ချစ်တယ်"

သူမဒိုတော့ သားသားလေး ခပ်ငိုင်ငိုင်လေး ရှိနေသည်။

သစ္စာမွန်စာပေ



ဒီနေ့ချိန်ထိ ငိုတာတောင် မျက်ရည်မကျအောင် ငိုတတ်တဲ့ သားလေး။

စိတ်ခံတတ်မာကြောတာရော၊ ငွေရည့်ကိုချစ်တာရော…

အားလုံးတူတဲ့ ဖအေတူသားလေး…

ကိုရယ်… ရှင်သာ အနားမှာရှိရင် ငွေရည်နဲ့ သားလေးရဲ့ဘဝ ဘယ်လောက်ငြိမ်းချမ်းလိုက်မလဲ။

ရှင်ရော သားလေးကို ဘယ်လောက်ထိချစ်ရှာလိုက်မလဲ။

ရှင့်ကို ငွေရည် တမ်းတခဲ့ရတဲ့နှစ်တွေ ကြာခဲ့ပါပကော…

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

"မောင်မြတ်ကိုမင်း၊ အဘ ဦးဘုန်းမြတ်မင်း၊ ၁၉... ခုနှစ်၊ ဒုတိယတန်း စာသင်နှစ်အတွက် ပထမဆုယူရန် စင်ပေါ်သို့ ဖိတ်ခေါ်ပါတယ်"

"ဖြောင်း... ဖြောင်း"

လက်ခုပ်တီးရင်း ငွေရည် လက်ကလေးတွေ တုန်နေသည်။

ကျောင်းစိမ်းပုဆိုးနှင့် လည်ကတုံးလက်ရှည်အဖြူလေးကို ကြယ်သီးစုံတပ်၍ဝတ်ထားသည့် သားလေးဆံနွယ်လေးတွေက ကရင်မ်လူးပေးထားသည်မို့ သေသပ်စွာ ပြောင်လက်နေသည်။

ဖအေလိုပဲ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် မေးရိုးကျပုံ ချင်းပါ လိုက်တူနေတာမို့ သားမျက်နှာလေးက တည်တည်ခံ့ခံ့လေး။

"မြတ်ကိုမင်းတဲ့၊ နာမည်လေးက ချစ်စရာလေးနော်"

"ကလေးလေးက ချစ်ဖို့ကောင်းလိုက်တာ"

ခဲနိုင်သော လက်ခုပ်သံတွေကြားမှာ ချီးမွမ်းသံတွေ





ကိုပါ ကြားနေရ၏။

"မေမေ"

"သား"

ဓာတ်ပုံရိုက်ချက်တွေကြားမှ သားလေးကို သူမ ပြေးချီလိုက်တော့လည်း ဖလက်ရှောင်က ဝင်းခနဲ။

အခမ်းအနားပြီး၍ သားလေးလက်ကို ဆွဲ၍ထွက်လာတော့...

"ဟဲ့"

"ဟာ"

တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိကာ မြတ်ကိုမင်းလက်ထဲက ဆုရသည့်ပစ္စည်းများနှင့် တံဆိပ်တွေပါ ပြုတ်ကျကုန်သည်။

ငွေရည် ဘာကိုမှသတိမထားမိဘဲ ပစ္စည်းတွေကို ကမန်းကတန်း ငုံ့ကောက်ပြီး ပြန်အမော့...

"ဟင်"

သားနဲ့ဝင်တိုက်မိသည့် ရွယ်တူကောင်မလေးက သားမျက်နှာကို ဂျစ်ကန်ကန်၊ ပေစောင်းစောင်းကြည့်လို့...

"ဟော့... မြတ်ကိုမင်း၊ ပထမဆုရတယ်ဆိုပြီး သိပ်ဘဝင်မြင့်မနေနဲ့၊ နောက်နှစ်ကျ အဲဒီဆု ငါရအောင်ယူပြမယ်၊ ကြည့်ထား"

"နင့်ဟာနင် ဘာဆုယူယူ ယူပေါ့၊ ဘာလို့ ငါ့ကို ရန်စရတာလဲ၊ ကဲ..."



www.burmeseclassic.com

www.burmeseclassic.com



"အို… သား"

အားနဲ့လွဲချလိုက်သည့် သားလက်ကို ငွေရည် အမိအရ ဆွဲထားလိုက်သည်။

"ဟာ… ဘာဖြစ်နေတာလဲ မီးမီး"

အသံကြောင့် ငွေရည် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

"ဟင်… နင်… ငွေရည်…"

"သက်ဦး"

တစ်ယောက်ကိုတစ်ယောက် ငေးကြောင်၍ အတန်ကြာ ကြည့်နေမိကြသည်။

ပထမဆုံး သတိဝင်လာသူက သက်ဦး…

သူ အံ့သြမထင်မှတ်လွန်းစွာ နှုတ်ခမ်းသားတွေပါ တဆတ်ဆတ်တုန်လျက် မြတ်ကိုမင်းလေးကို ပြူးတူးပြဲတဲ ငုံ့ကြည့်၏။

"ဒါ… ဒါ…"

"ဟုတ်တယ်၊ အဲဒါ ငါ့သားလေး၊ မြတ်ကိုမင်းတဲ့"

"ဘာ"

သက်ဦး ယောင်ရမ်း၍ ခေါင်းခါနေသည်။

သူ ဘယ်လိုမှ လက်မခံနိုင်သည့်ပုံ။

"သူက ဘုန်းမြတ်မင်းနဲ့ ဘယ်လို…"

"ဘုန်းမြတ်မင်းက သူ့အဖေပေါ့၊ သူက ငါ့သား"

သက်ဦး ငွေရည်ကို မမြင်ဖူးတဲ့လူလို စူးစိုက်ငေးမော





ကြည့်သည်။

သူသိထားခဲ့သည့် အတိတ်မှာ ငွေရည်က ပင်တိုင်စံ ထိုပ်ထားလေးသာ။

ငွေရည့်မျက်နှာကို အတည်ငြိမ်ဆုံးထိန်းကာ သားလက်ကိုဆွဲ၍ သူတို့ရှေ့က ထွက်ခဲ့သည်။

"ငွေရည်… ငွေရည်… ခဏ"

ကားတံခါးဖွင့်ထားသည့် ငွေရည့်လက်ကို သူအုပ်ကိုင်တော့ ငွေရည် လက်ကို ရုတ်ပစ်လိုက်၏။

"နင် ဘယ်မှာနေတာလဲဟင်၊ အရင်တုန်းက နင် ဘယ်မှာလဲ၊ သူတို့ရော…"

"နင်မေးတာတွေ ငါ ဘာမှမဖြေနိုင်သေးဘူး သက်ဦး"

ငွေရည် လက်ကောက်ဝတ်လှလှလေးမှာ ပတ်ထားသည့် ဒိုင်ကို ငုံ့ကြည့်လိုက်၏။

"ငါ အလုပ်ချိန်နီးနေပြီ၊ သွားတော့မယ်"

"ငွေရည်… နင် အဲဒီလောက်ထိ ပြတ်သားနေပြီလား၊ နင့်ကြောင့် ငါ့ဘဝရဲ့ နှစ်တွေအများကြီး အဓိပ္ပါယ်မဲ့ လွင့်မျောခဲ့ရတာ၊ အဲဒါ နင် နည်းနည်းလေးမှ မတွေးမိဘူးလား"

ငွေရည် ကားတံခါးကိုပိတ်၍ စက်ဖွင့်လိုက်သည်။

"ဟိုမှာ နင့်သမီး မျှော်နေတယ် သက်ဦး"

"ငွေရည်"



www.burmeseclassic.com

www.burmeseclassic.com



ငွေရည်ရဲ့ကားလေး ပျောက်ကွယ်သွားတဲ့အထိ သက်ဦး ကျောက်ရုပ်ကြီးလို ရပ်နေမိဆဲ။

ခြေသလုံးထိသာရှိသော နက်ပြာရောင် ကိုယ်ကျပ်ဝတ်စုံပေါ်မှာ ကျောက်စိမ်းရောင်ကုတ်အင်္ကျီအရှည်ကို ထပ်ဝတ်ထားသည့် ငွေရည့်မျက်နှာလေးက ဆံပင်တွေကို နောက်နားမှာ ခပ်တွဲတွဲလေး သိမ်းထုံး၍ ဆံမြိတ်ပါးလေးချထားပုံက မရိုင်းမယဉ်လေးနှင့် အနောက်တိုင်းဆန်သလိုလို…

မြန်မာဟန်လည်းမပျောက်ဘဲ ရှိနေသည်။

ဆံပင်ကုတ်ဝဲနဲ့ ခပ်ဆိုးဆိုးကောင်မလေးရဲ့စတိုင်လ်မျိုးတွေ ပျောက်၍ အလှကြီးလှ၊ ကြည့်မဝနိုင်အောင် ကျက်သရေရှိနေလိုက်တာ။

ငွေရည် ဘာတွေဖြစ်ခဲ့သလဲ…

ခု ဘာတွေဖြစ်နေသလဲ…

သူ ဘာမှမသိ။

ငွေရည့်ကို ဘယ်မှာနေလဲတောင် မေးလို့မရ။ သက်ဦး မှုလတန်းကျောင်းကြီးဆီ ပြန်ကြည့်မိသည်။

မြတ်ကိုမင်းတဲ့…

ဖအေနဲ့ တစ်ထေရာတည်းတူတဲ့သား…

ဒီကလေး မွေးဖွားလာရတဲ့အကြောင်းကို သူ ဘယ်လိုမှ နားမလည်နိုင်။

ဘာပဲဖြစ်ဖြစ် ဒီကလေး ဒီကျောင်းမှာရှိနေသမျှ ငွေရည်ကို သူ ထပ်ဆုံဖို့ အခွင့်အရေးတွေ အများကြီး ရှိပါသေး





သည်။

"လေးလေး"

"ဟင်"

"မြတ်ကိုမင်းရဲ့ မေမေက လေးလေးနဲ့ ဘယ်တုန်းက သိတာလဲ"

"ငယ်ငယ်တုန်းကပေါ့"

"မီးမီးကတော့ အဲဒီအန်တီသားကို သိပ်မုန်းတာပဲ"

"ဘာဖြစ်လို့လဲ မီးမီး၊ မီးမီးကို စလို့လား"

"ဟင့်အင်း… သူစရောက်ကတည်းက မီးမီး အဆင့်တစ် မရတော့လို့"

သက်ဦး မျက်နှာပျက်သွားမိသည်။

"အဲဒါ မီးမီး သူ့ထက်တော်အောင် ကြိုးစားပေါ့ မီးမီးရယ်"

"မရဘူး လေးလေးရဲ့၊ မြတ်ကိုမင်းဆိုတဲ့ကောင်လေးဟာ သချ်ာ တအားတော်တာ၊ အင်္ဂလိပ်စာဆိုလည်း မီးမီးတို့စကားပြောတာမျိုးတွေတောင် အင်္ဂလိပ်လိုမှတ်နေအောင် ပြောတတ်တာ"

သက်ဦး ပင့်သက်ရှိုက်မိသည်။

ဘုန်းမြတ်မင်း…

မင်း ငါ့ကို ခုထိနိုင်နေတုန်းပါလား။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

"သားသားလေး တမင်အနိုင်ယူတာ မဟုတ်ဘူး မေမေ၊ ဘူမတော်လို့ ဒုတိယရတာ၊ အလကား ညေစ်မ"

"အို… ဒီလို ရင့်ရင့်သီးသီး မပြောရဘူး၊ သူ ဘာ ပြောပြော သားသားလေးက မဟုတ်ရင်ပြီးတာပဲ၊ ယောကျ်ား ဆိုတာ ခလုတ်တိုက်တိုင်း ဒေါသမထွက်ရဘူး၊ မှောက်လျက် လဲလို့ ဒူးပြဲသွားတာကို မကြောက်တတ်ရဘူး၊ ဒီလိုနောက် တစ်ခါ နာခဲ့ရင်လို့ တွေးပူပြီး ကိုယ့်ခြေလှမ်းတိုင်းကို သံသယ ဝင်နေမယ့်အစား ငါ နောက်တစ်ခါ ထပ်ပြီးအသုံးမကျတာမျိုး မဖြစ်ရဘူးဆိုတဲ့ ယုံကြည်စိတ်နဲ့ ရဲရင့်ရတယ်၊ ပြီးတော့ ယောကျ်ားပီသတဲ့လူဆိုတာ မိန်းမနဲ့ပြိုင်ပြီး စိတ်မဆိုးတတ်ရ ဘူး၊ ရန်မဖြစ်ရဘူး၊ အဲဒီလိုဖြစ်တာ မိန်းမနဲ့ နေရာလုတာပဲ"

"ဒါဆို သားသားလေးက သူ့ကို ဘယ်တော့မှ ရန် မဖြစ်ရတော့ဘူးလား၊ သူ့ကို စိတ်လည်းမဆိုးရတော့ဘူးလား"

ရွဲ့မေးတာမျိုးမဟုတ်ဘဲ တကယ့်ကို အံ့သြဟန်လေးနဲ့ မေးတာမို့ ငွေရည် ပြုံးလိုက်မိသည်။

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သားရဲ့၊ လူဆိုတာ





စိတ်မဆိုးတဲ့သူ ဘယ်သူရှိမှာလဲ၊ ဒါပေမယ့် ကိုယ်က ယောကျ်ားလေးလေ၊ မိန်းမတွေထက် သည်းခံခွင့်လွှတ်တဲ့စိတ်၊ သဘောထားကြီးနိုင်တဲ့စိတ် အများဆုံးရှိသင့်တာပေါ့"

"သားသားလေး… သားသားလေးကိုမစရင် ဘယ်သူ့ ကိုမှ စိတ်မဆိုးဘူး၊ ရန်စရင်တော့ ထိုးမှာပဲ"

"သားရယ်"

ငွေရည် ဆုပ်ထားတဲ့ သားလက်သီးနုနုလေးကို ဆုပ် ကိုင်၍ သက်ပြင်းသာ ချမိပါတော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

သူမ ကားပေါ်ကဆင်းတော့ တစ်နာရီနဲ့ ငါးမိနစ်ရှိပြီ။

ဒီနေ့ Meeting ရှိနေတာသိပေမယ့် သားလေး နေမကောင်း၍ ထားခဲ့ရမှာ စိတ်မချနိုင်ရှိရရင်း ဟိုဟာမှာ၊ ဒီဟာမှာနှင့် တော်တော်နဲ့ အိမ်က မထွက်ဖြစ်။

"မမ… မီတင်းနဲ့ စနေပြီ"

"အေး"

ဖိနပ်သံ တဒေါက်ဒေါက်ထွက်နေတာတောင် ဂရုမစိုက်နိုင်ဘဲ အပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်ခဲ့သည်။

ခန်းမထဲမှာ သူမအတွက် ကုလားထိုင်လွတ်တစ်လုံးက ကြိုဆိုလျက်။

"ဒေါ်နန်းငွေရည်… ခုနစ်မိနစ်တိတိ နောက်ကျတယ်နော်"

"ဟုတ်ကဲ့၊ ကလေး နေမကောင်းလို့ နည်းနည်းနောက်ကျသွားပါတယ်"

"ထားလိုက်ပါ၊ အခု ကျွန်တော်တို့ ဒါရိုက်တာသုံးယောက်ထဲက တစ်ယောက်ကို တာဝန်ပေးစရာရှိပါတယ်၊





တာဝန်ကတော့ ဂျပန်ကို ကုမ္ပဏီ ဖက်စပ်လုပ်ငန်းအတွက် လေ့လာစရာ၊ သင်ယူမှတ်သားစရာတွေရော အားလုံးအတွက်ပါ၊ အဲ… ဟိုမှာ ကိုယ့်ရဲ့တိုးတက်ရာ တိုးတက်ကြောင်း မျက်စိပွင့် နားပွင့်ဖြစ်သွားခဲ့ရင်လည်း ကျွန်တော်တို့က ဝမ်းသာအားရ ပံ့ပိုး ကူညီဦးမှာပါ"

ဦးကျော်နိုင်ထွန်းက လူအားလုံးကို ဝေ့ကြည့်လိုက်ပြန်သည်။

"ဒီတာဝန်ကို အားလုံးထဲမှာ ကျွန်တော် ဒေါ်နန်းငွေရည်ကို လွှဲအပ်ချင်ပါတယ်"

"ဟင်"

ငွေရည် မျက်နှာပျက်သွားပေမယ့် အားလုံးက အထင်ကြီး အားကျသော မျက်လုံးတွေနှင့်မို့ ကိုယ့်မျက်နှာကို ကပျာကယာ ပြန်ပြင်လိုက်ရသည်။

"ကျွန်မ တစ်ခုလောက် ပြောပါရစေရှင်"

"ပြောပါ၊ ပြောပါ"

"ကုမ္ပဏီကပေးတဲ့ ဒီအခွင့်အရေးကို ကျွန်မ ဝမ်းသာအားရ လက်ခံချင်ပါတယ်၊ ဒါပေမယ့်…"

"အခက်အခဲရှိရင် ပြောပါ ဒေါ်နန်းငွေရည်"

"ဟုတ်ကဲ့… ရှိပါတယ်၊ ကျွန်မမှာ လူမမယ်သားလေးရှိနေတဲ့အတွက် ဒီကိစ္စကို ဝမ်းနည်းစွာနဲ့ပဲ ငြင်းပါရစေရှင်"

"ကလေးကိစ္စပဲဆိုရင်တော့ သိပ်မလိုပါဘူး၊ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ခေါ်သွားလို့ရပါတယ်''

''ဒါပေမယ့် လူကြီးရဲ့လုပ်ငန်းအပြောင်းအရွှေ့မှာ ကလေးက နေရာစိမ်း၊ ဒေသစိမ်းနဲ့ ပညာရေးအနှောင့်အယှက် ဖြစ်မှာ စိုးရပါတယ်၊ အဲဒါကြောင့် ဒီတာဝန်ကို ကျွန်မ မဖြစ်မနေ ငြင်းရမှာပါ''

''ကောင်းပါပြီ၊ ဒါဆို ကျွန်တော်တို့ ဒုတိယလူ စဉ်းစားပါ့မယ်''

ဦးကျော်နိုင်ထွန်း မျက်လုံးတို့က ဒေါ်တင်သီရိစံဆီ ရောက်သွားသည်။

''ဒေါ်တင်သီရိစံ ဒီတာဝန်ကိုယူမယ်ဆိုရင် အခက်အခဲ ရှိနိုင်မလား ပြောပါ''

ဒေါ်တင်သီရိစံ မျက်နှာကြီး ဝင်းထိန်သွားကာ ရုတ်တရက် စကားမထွက်နိုင်။

သူမနံဘေးမှ မိတ်ဆွေတချို့က သူမရဲ့လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်၍ ဝမ်းသာကြောင်း အမူအရာတွေ ပြကြသည်။

''မ… မရှိပါဘူးရှင်၊ ဒီတာဝန် သီရိ ယူပါ့မယ်''

ကုမ္ပဏီက နိုင်ငံခြားလွှတ်သည့်ကိစ္စကို ငြင်းပစ်နိုင်သည့် ငွေရည်ကို တမင်စတန့်ထွင်ပြတာလားဆိုသည့် မျက်လုံးတို့နှင့် သူမထံ တစ်ချက်မျှ စိုက်ကြည့်၍ ပြုံးလိုက်သေးသည်။

ဘယ်သူဘာပြောပြော ငွေရည် ဂရုမစိုက်ပါ။

သူမဘဝမှာ သားလေးထက် အရေးကြီးတာ ဘာမှ





မရှိ။

Meeting ဖြုတ်လိုက်သည်နှင့် ငွေရည် အိမ်တန်းပြန်ခဲ့သည်။

''မမ… လူတစ်ယောက် စာလာပေးသွားတယ်''

''ဘယ်သူလဲ နုနု''

''မသိဘူး၊ ကျွန်မ အသံကြားလို့ စာထယူတော့ အဲဒီလူက ဘာဂျာတံခါးကြားမှာ ညှပ်ထားခဲ့ပြီး လှည့်ထွက်သွားပြီ''

နုနုက တံခါးဆွဲပိတ် သော့ခတ်ခဲ့ပြီး ငွေရည့်နောက်က ယို့ယို့လေး ပါလာသည်။

''သား…လေး ကိုယ်ပူကျရဲ့လား''

''ဟုတ်ကဲ့ မမ၊ ခုနကပဲ ပန်းသီးစားချင်တယ်ဆိုလို့ ကျွန်မ ကျွေးထားပါတယ်''

ငွေရည် ပခုံးက စလင်းဘက်ခ်ကို ပေါင်ပေါ်တင်၍ လက်ထဲကဖိုင်ကို စားပွဲပေါ်ချကာ ဆိုဖာမှာ ထိုင်လိုက်သည်။

စာအိတ်ပေါ်မှာ ဘာမှရေးမထားပါ။

ငွေရည် စာအိတ်ကိုဖောက်လိုက်တော့ စာခေါက်ကလေး ထွက်ကျလာ၏။

*နန်းငွေရည်*

*မင်း ဘယ်လောက်ပုန်းပုန်း ကမ္ဘာမြေကြီးက ကျဉ်းကျဉ်းလေးပါ။ ဒီစာကို ပို့လိုက်ကတည်းက တို့ဘက်က ဘယ်လောက်ထိ ပိုင်ထားပြီလဲဆိုတာ မင်း သဘောပေါက်ပေ*



www.burmeseclassic.com

www.burmeseclassic.com



တော့။ ဒီနေ့ ဒီအချိန်ကစပြီး မင်းရဲ့ပတ်ဝန်းကျင်မှာ တို့အားလုံး ရှိနေမယ်။

ကိုယ့်ပစ္စည်းကို ကိုယ် ပြန်ခိုးရတာ သဘာဝ သိပ်မကျဘူးထင်တယ်။ ဒီတော့ မြတ်ကိုမင်းကို မင်း အသာ တကြည် ပြန်ပေးပါ။ ကောက်ရတဲ့သူကတောင် ဒီလောက် စုံမက်ရင် ပစ္စည်းရှင်ရင်ထဲ မင်း ဝင်ကြည့်လေ…

နောက်ထပ် တစ်နေရာရာကို မင်း ထပ်ပြီးထွက်ပြေးဖို့ ကြိုးစားလို့မရတော့ဘူးဆိုတာပါ တစ်ခါတည်း မှတ်ထား။

မြင့်မြတ်အေး

"သား… သားလေးရော"

စာကို လုံးချေ၍ ငွေရည် သားလေးရှိတဲ့အခန်းထဲ တရှိန်ထိုး ပြေးဝင်ခဲ့သည်။

သားလေးက အိပ်ရာပေါ်မှာ အိပ်မောကျလို့…

သား…

ငွေရည် သားလေးကို စိုးရိမ်တကြီး ငုံ့ကြည့်ကာ မျက်ရည်တွေ ချက်ခြင်းဝိုင်းလာသည်။

ပြီးတော့ ရုတ်ခနဲထ၍ တလွင့်လွင့်လူပ်ရှားနေသော ပြတင်းခန်းဆီးစကို အလျင်စလို ဆွဲဖယ်၍ အောက်ဖက်လမ်း ပေါ်ကို ဘာမှန်းမသိဘဲ လိုက်လံရှာဖွေနေမိသည်။

သူတို့ ဒီနားမှာရှိနေကြပြီဆိုသောအသိကြောင့် ရင်ထဲ မှာ မီးပုံကြီးတောက်လောင်နေသလို ပူပြင်းနေတော့သည်။

မပေးဘူး။





သားလေးကို ဘယ်နည်းနဲ့မှ မပေးဘူး။

ကောက်ရတဲ့သူတဲ့လား…

ငွေရည် ဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့ သားလေးကို ကောက် ရတဲ့ ပစ္စည်းလို့ ပြောရက်ကြသည်။

သူတို့က မျိုးဆက်ဆိုတဲ့ အတ္တတစ်ခုနောက်ကို စိတ္တဇ ဆန်စွာ လိုက်နေကြတဲ့ အရူးတွေ…

ငွေရည်က ကိုယ့်ရင်သွေးကို သေတဲ့အထိ ဖက်တွယ် ထားချင်တဲ့ မိခင်မေတ္တာ…

ငွေရည် ဘာဖြစ်လို့ သူတို့ကို ရှုံးရမှာလဲ။

မရှုံးရဘူး။ ပေးလည်း မပေးနိုင်ဘူး။ သွား… သွားကြ။

ငွေရည် စာကို နာကြည်းစွာ ဆွဲဆုတ်ပစ်ကာ တအင့်အင့် ရှိုက်ငိုလိုက်မိသည်။

ကိုဘုန်းမြတ်မင်း… ရှင့်လိုပဲ ကျွန်မ အချစ်ရူး ရူးနေရ ပါပြီ။ ရှင် ကျေနပ်ပါတော့ရှင်။

ငွေရည်ဆိုတဲ့ မိန်းမတစ်ယောက် ဒီထက်ခံစားရဦးမယ် ဆိုရင် သွက်သွက်ခါအောင် ရူးရတော့မှာပါ…

ငွေရည်၏ ရှိုက်သံလေးများက ဟိုးတစ်ချိန်က မြမျိုး မြင့်မာန်ရဲ့ ဘိုဆောင်ခန်းတစ်ခုမှာ ကြွေလွင့်ခဲ့ရသော မျက်ရည် စက်တို့၏ ငိုညည်းသံလေးများအတိုင်း…

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

ပြည့်မောက်ရူထွက်နေပြီဖြစ်သည့် ကိုယ်ဝန်ကို ငုံ့ကြည့်၍ သူ အမြတ်တနိုးပုံကြီးချဲ့ ရေးဆွဲထားခဲ့သော ငွေရည်ရဲ့ ပန်းချီကားကြီးကိုလည်း မော့ကြည့်မိကာ ငွေရည် မျက်ရည်တွေ တဖြည်းဖြည်း တအိအိ ပြိုဆင်းလာသည်။

*ကိုဘုန်းမြတ်မင်း… ငွေရည်လေ… ရှင်မရှိတော့မှ ရှင့်ရဲ့ချစ်ခြင်းအားလုံးကို တရေးရေး ခံစားမိနေတယ်။ ရှင်မရှိတော့မှ ရှင့်ရဲ့အရိပ်ကို အားကိုးချင်လာတယ်… အချစ်ဆိုတာ ဘာလဲဟင်၊ ငွေရည် မသိဘူး။ ဒါပေမယ့် ခုချိန်မှာ ငွေရည့် ရင်ထဲမှာ ကိုဘုန်းမြတ်မင်းဆိုတဲ့ ယောကျ်ားတစ်ယောက်ဟာ ဘယ်လိုမှမေ့ပျောက် ပျက်ကွယ်သွားမှာ မဟုတ်တဲ့ ကမ္ပည်းစာတိုင်တစ်ခုလို စွဲထင်ကျန်ခဲ့ပါပြီ။ ဒီလိုရင်းနှီးတွယ်တာမှုမျိုး ငွေရည် ဘယ်ယောကျ်ားအပေါ်မှာမှ မဖြစ်ခဲ့ဖူးဘူး။ ဘယ်ယောကျ်ားကိုမှ အထင်ကြီး အားကိုးချင်စိတ် မဖြစ်ခဲ့ဖူးပါဘူး။ အဲဒါ ရှင် ယုံပါ။ ရှင့်အပေါ်မှာ ငွေရည် ရင်ထဲက ချစ်တယ်ဆိုတာတွေထက်ပိုတဲ့ တွယ်တာမှုမျိုးနဲ့ ချည်နှောင်ခဲ့*





*တာပါ… ရှင် တမလွန်ကနေ သိပါစေ…*

*ရှင့်ရဲ့ ရင်သွေးကို ငွေရည် မြတ်မြတ်နိုးနိုး ယုယုယယ မွေးမြူခဲ့တာဟာလည်း ရှင့်ရဲ့အချစ်ကို လက်ခံယုံကြည်မှု ရှင့်ရဲ့ကိုယ်စား ကိုယ်ပွားတစ်ယောက်ကို ငွေရည်ရဲ့အနားမှာ တစ်သက်လုံး ထားသွားချင်တဲ့ ဆန္ဒကြောင့်ပါပဲ။ ရှင့်ရဲ့ ဝိညာဉ်ဟာ ငွေရည်ရဲ့နားမှာပဲ ရှိနေသေးတယ်ဆိုရင် ရှင် ကျေနပ်ပါနော်…*

"ဘာဖြစ်လို့ ဒီမှာလာလာပြီး ငိုနေရတာလဲ ကလေးရယ်"

ဒွေးတော်နဲ့ ဘဘ ရောက်လာတော့ ငွေရည် ဒွေးတော်ကိုမှီတွယ်၍ ရှိုက်ငိုမိပြန်သည်။

သူတို့အားလုံး ငွေရည့်ကိုဂရုစိုက်လွန်းတာ ကြမ်းကြမ်းကိုင်လျှင် ပွဲကြွေသွားနိုင်တဲ့ ပွင့်ဖတ်ကလေးတစ်ခုလို မထိရက်၊ မတို့ရက် ရှိပုံမျိုး…

မြတ်ကိုမင်းကို တနင်္ဂနွေနေ့မှာ မွေးဖွားခဲ့သည်။

"ဖအေက အင်္ဂါသားကွဲ့"

ဒွေးတော် မျက်ရည်တလည်လည်နှင့် ကလေးကို တုန်ယင်စွာ ပွေ့ချီရင်း ပြောရှာသည်။

'မင်း' ဆိုတာကတော့ မျိုးရိုးနာမည်လိုဖြစ်နေခဲ့သည်မို့ ဘုန်းမြတ်မင်းဆိုတာ ဖြစ်ခဲ့ရသည်တဲ့။

သားလေးကျတော့ မြတ်ကိုမင်းဟု မှည့်ဖြစ်ကြသည်။

ရွှေလင်ဗန်းနဲ့ အချင်းဆေးပြီး မွေးဖွားခဲ့တဲ့ သားလေး



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကိုမင်းက ဖအေနဲ့ တစ်ထေရာတည်း၊ တစ်ရုပ်တည်းမို့ အားလုံး ဝမ်းမြောက်ဝမ်းသာ ပျော်မဆုံး ဖြစ်ကြရတဲ့နေ့ပါ။

“ရော့… ဒါဟာ မြေးလေးကို လှလှပပ စင်စင်ကြယ်ကြယ် မွေးဖွားပေးခဲ့တဲ့ မိန်းမမြတ်အဖြစ် ‘ဘဘက သပ်သပ် ဂုဏ်ပြုလက်ဆောင်ပေးတာ၊ ယူပါ ကလေးရယ်”

တဖျတ်ဖျတ်လက်နေသည့် ပတ္တမြားဘယက်ကြီး တစ်ကုံးကို ဦးမင်းအောင်ထက်က သူကိုယ်တိုင် လက်ဆောင်အဖြစ် ပေးသည်။

ကလေးရဲ့ကင်ပွန်းတပ်မွေးနေ့မင်္ဂလာကို မြမျိုးမြင့်မာန်ရဲ့ မျိုးနွယ်စုအားလုံး အလုပ်သမားပါမကျန် ရောက်သည့်နေရာတိုင်းက မဖြစ်မနေ တက်ရောက်ဖို့ ဒီမြို့၊ ဒီခြံကြီးထဲမှာ စုဝေးကျင်းပခဲ့သည်။

အဲဒီအချိန်ထိ ငွေရည်ဟာ သားလေးရဲ့ မိခင်…

မြမျိုးမြင့်မာန်ရဲ့ အရှင်သခင်မတစ်ယောက်အဖြစ် အေးချမ်းစွာ ရှိနေခဲ့သည်။

သားလေး သုံးလပြည့်သည့်နေ့မှာ ငွေရည့်ဘဝရဲ့ ကြီးမားသော အစိတ်အပိုင်းတစ်ခု ပဲ့ကြွေခဲ့ခြင်းပါတည်း…။

* * *



“မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ ဒီတိုင်းထားလို့မဖြစ်ဘူး၊ ကလေးက သူနဲ့ ဘာဆိုင်လို့လဲ၊ သူက တို့မိသားစုဝင်ဖြစ်ခဲ့တဲ့လူမှ မဟုတ်ဘဲ”

ငွေရည် အောက်ထပ်ဆင်းတော့မည်ပြင်နေသည့် ခြေလှမ်းတွေ နေရာမှာပင် တုံ့ခနဲ ရပ်သွားသည်။

ငွေရည် တစ်ခါမျှမကြားဖူးသော အသံက ဩနက်ရှူးရှနေသည့် မိန်းမသံ…

ပန်းနုရောင် ဇာရင်ဖုံးလက်ရှည် ရောင်စုံအခက်တွေ ယှက်နွယ်နေသော ပန်းရင့်ခံ ထမီကို ဝတ်ထားလျက်…

ဆံထုံး ခပ်မြင့်မြင့်ထုံးထားသော အမျိုးသမီးကြီးတစ်ယောက်က အားလုံးရဲ့အလယ်မှာ မိန့်မိန့်ကြီး ရပ်နေသည်။

“ဒီအိမ်ကြီးမှာ ဒီလိုဖြစ်ချင်တိုင်း ဖြစ်ခွင့်မရှိဘူး၊ ဒီမှာ ကိုမင်းအောင်ထက်၊ ရှင်တို့က တူအရင်းဖြစ်ပြီး ခွင့်လွှတ်နိုင်ပေမယ့် ကျွန်မကတော့ လုံးဝခွင့်မလွှတ်နိုင်ဘူး၊ ရှင်တို့လည်း ညီအစ်ကိုလေးယောက်ပေါင်းမှ ဒီကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ချစ်စရာရှိသလို ကျွန်မတို့မှာလည်း ညီအစ်မနှစ်ယောက် ပေါင်းမှ ဒီကလေးတစ်ယောက်ပဲ ချစ်စရာရှိတာပါ၊ မောင်မင်း ဟာ ညီမလေးကိုရမယ်ရှာပြီး နှိပ်စက်တယ်၊ ညီမလေးဆုံးခဲ့ ရတယ်ဆိုတဲ့ နာကြည်းချက်နဲ့ ကျွန်မ ဒီကို ကိုယ်တိုင်မလာဖူး ခဲ့ပေမယ့် လူလေးနဲ့ကျွန်မ အမြဲတွေ့တယ်၊ လူလေးရှိရာ ကျွန်မ အမြဲသွားတယ်၊ ခုတော့ ခဏလေး အဆက်အသွယ်ပြတ်သွား တဲ့ ခဏမှာ လူလေးဆုံးခဲ့ရတယ်၊ အဲဒါ ဘယ်သူ့ကြောင့်လဲ၊ ကျွန်မ အားလုံးသိပြီးပြီ''

ငွေရည့်ကိုယ်လုံးလေး သွေးခဲသွားသလို တောင့်မတ် သွားလေသည်။

''အခု ကလေး သုံးလရပြီမို့လား၊ သူ့ကို ကျေနပ် လောက်အောင်ပေးပြီး နှင်လွှတ်လိုက်''

''ဟာ... ဒီလိုပစ်ပစ်ခါခါတော့ ဘယ်လုပ်လို့ဖြစ် မလဲ၊ သူလည်း မိခင်တစ်ယောက်ဖြစ်နေပြီ၊ ပြီးတော့ ဒီမိန်းကလေးကို လူလေးက သိပ်မြတ်နိုးခဲ့တာ''

''ဒါကြောင့် ဒီလိုတွေဖြစ်ကုန်တာပေါ့၊ ကလေးက သူ့ကိုမြတ်နိုးတာ အားလုံးသိတယ်လေ၊ သူက ဘာများပေး ဆပ်ခဲ့လို့လဲ၊ လူလေးဟာ မကြည်ဖြူတဲ့ပန်းကိုနမ်းပြီး ချစ်ဆိပ်ရူးလို့ သေခဲ့ရတာ၊ ဒါကို ရှင်တို့ ဘာဖြစ်လို့ ခွင့်လွှတ် ပေးနေကြတာလဲ၊ လူတစ်ယောက်ရဲ့အသက်၊ မျိုးနွယ်၊ ဂုဏ် သိက္ခာ၊ အားလုံးကို တစ်စစီကျိုးကြေစေပြီးမှ ကလေးရဲ့သခင် သားကို ဆယ်လလောက်လွယ်ပေးလိုက်တာနဲ့ အားလုံးရဲ့





ကျေးဇူးရှင် ဖြစ်သွားရောလား၊ သူ ဒီလောက်လေးပေးဆပ်ပြ လိုက်တာနဲ့ ရှင်တို့က ကျေနပ်သွားပြီလား''

အသံသြကြီးက နက်ရှိုင်းစူးရှကာ ဒေါသငြကြောင့် လိုဏ်သံပါနေသည်။

''ဒါက ဒီလိုရှိတယ် မမြင့်မြတ်အေး၊ အပေါ်ယံကြည့် လို့ ထင်စရာရှိပေမယ့် ခုချိန်မှာ သူ့ခမျာလည်း လူလေးအပေါ် တော်တော်နားလည်ခံစားနေရှာပါပြီ၊ လူငယ်တိုင်းမှာ သိစိတ် ကြောင့်ဖြစ်ဖြစ်၊ မသိစိတ်ကြောင့်ဖြစ်ဖြစ် ဒီလိုမျိုးမှားတတ်ကြ ပါတယ်၊ ဒါကို...''

ဦးမင်းအောင်ထက်က ငွေရည့်ကို ခွင့်လွှတ်နိုင်အောင် ကြိုးစားနေပြန်သည်။

''ဘာကိုမှခွင့်မလွှတ်နိုင်ဘူး ကိုမင်းအောင်ထက်၊ လူလေးကို သူမချစ်လို့ ဟိုကောင်နဲ့ထွက်ပြေးတာ၊ သူတို့ ကားဘီးကို သေနတ်နဲ့လှမ်းပစ်လို့ လူလေး ကားမှောက်ပြီးဆုံး တာ၊ ဒီအပြစ်တွေကို ဘာနဲ့မှဆေးကြောခွင့်မပြုနိုင်ဘူး၊ အဲဒီ မိန်းကလေးကို ကျွန်မ လုံးဝမမြင်ချင်ဘူး၊ ကလေးဆုံးခဲ့ရကဲ့ အဖြစ်ကိုလည်း ဘယ်တော့မှမေ့လို့ရမှာမဟုတ်ဘူး၊ သူ အခု ငယ်ငယ်လေးပဲရှိသေးတယ်၊ ဒီကလေးကိုမွေးပြီး ဒီရဲ့တိုက်ကြီး ထဲမှာ တစ်သက်လုံး သူ့ဘဝကို မြှုပ်နှံသွားမယ်တဲ့လား၊ သူ တစ်နေ့ လင်ယူမယ်၊ သားမွေးဦးမယ်၊ ဒီအဖြစ်မျိုးတွေဖြစ်လာ ရင် ကျွန်မတို့ ဘယ်လိုရှင်းမလဲ''

အားလုံး ငိုင်ကျသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု သံသရာမရှည်ခင် ကလေးကိုခေါ်ထားပြီး ချက်ချင်းနှင်ထုတ်လိုက်ပါ၊ ဒီမှာ ကိုမင်းစိုင်းလူ၊ ရှင်တို့လည်း ဖြစ်ချင်တာကို မစဉ်းစားဘဲ ဖြစ်သင့်တာကိုပဲ စဉ်းစားကြည့်ပါဦး၊ ကျွန်မပြောတာ သဘာဝနဲ့လွှန်တာ ဘာပါသလဲ"

"မပါပါဘူး"

အားလုံးကလည်း ပြန်လှန်ပြောဆိုမည့်သူ မရှိတော့ပါ။

ငွေရည် နောက်ထပ် အိမ်ထောင်ပြုခဲ့ရင်ဆိုတဲ့ အကြောင်းတစ်ခုပေါ်မှာ အားလုံး တစ်သဘောတည်းဖြစ်သွားခဲ့ကြပြီ။

"သူ တစ်ခုခုငြင်းဆန်နေရင် အမွေကြောင့်ပဲဖြစ်မှာပဲ၊ အမွေနဲ့ပတ်သက်ပြီး သူ့မှာပြောခွင့်မရှိဘူး၊ ဒါပေမယ့် ထိုက်သင့်သလောက်ပေးလွှတ်လိုက်၊ ဒါကိုမှ မကျေနပ်သေးရင် ရတနာတိုက်ခန်းတစ်ခုလုံး ဖွင့်ပေးထားလိုက်၊ သူကြိုက်သလောက် သယ်သွားပစေ၊ သူ့မျက်နှာကို ဒီနေရာမှာ မမြင်ရတော့ဖို့ပဲ အဓိက… မစိန်"

"ပြောပါ မမကြီး"

"ကလေး သွားခေါ်ခဲ့ပါ၊ ကလေးကို သူ့နဲ့တိုက်လို့ လုံးဝမဖြစ်ဘူး"

"မတိုက်ပါဘူး မမကြီး၊ သူ တငိုငို တရယ်ရယ် ဖြစ်နေလို့ လုံးဝနို့မထွက်ပါဘူး"

"ကောင်းတယ်၊ သူ့ကိုပါ ခေါ်လာခဲ့၊ ဒီအိမ်ကြီးကို ရော၊ မောင်ဘုန်းမြတ်မင်းကိုပါ လုံးဝမေ့ပစ်လိုက်ဖို့ပြောပြီး





နှင်ထုတ်လိုက်"

အခန်းထဲပြေးဝင်ပြီး ငွေရည် သားလေးကို ပွေ့ပိုက်ထားလိုက်ချိန်နှင့် တစ်ထပ်တည်း ဒွေးတော် အခန်းထဲ ဝင်လာသည်။

"မယူနဲ့၊ သားလေးကို မယူပါနဲ့၊ ငွေရည်နဲ့ သားကို မခွဲပါနဲ့ ဒွေးတော်ရယ်… ငွေရည့်ကို သနားပါရှင်"

ဘယ်လိုပဲလုပေမယ့် ငွေရည် မနိုင်ပါ။

အခန်းထဲမှာ ခွေခေါက်ပုံကျ၍ ငွေရည် ကျန်ခဲ့သည်။

*ဒေါ်မြင့်မြတ်အေး…*

*ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်… သားလေးကို ပြန်ပေးပါ။ သားလေးကို ပြန်ပေးကြပါ။*

ငွေရည့်ကို ငွေပေးသည်။ ပြီးတော့ ရွှေ၊ ပြီးတော့ ရတနာတွေ…

ငွေရည် ဘာမှမယူဘဲ သားလေးကိုပဲ တွင်တွင် တောင်းနေတော့ သူတို့က ငွေရည့်ကို မြမျိုးမြင့်မားနံရပ်တွေ ရှိတဲ့ ရတနာခန်းထဲ ခေါ်သွားကြသည်။

ကြိုက်သလောက်ကျုံးယူသွားတဲ့။ ပြီးတာနဲ့ ထွက်သွားရမယ်တဲ့။

ငွေရည် ဘာမှမယူဘဲ သားကိုသာ မရမက တောင်းခဲ့သည်။

နောက်ဆုံး ဒေါ်မြင့်မြတ်အေး သားလေးကို တစ်နေရာခေါ်ထုတ်သွားတော့မည့်ညမှာ ငွေရည် သားလေးကို ခိုးယူ၍



www.burmeseclassic.com

www.burmeseclassic.com



ခြေဦးတည့်ရာ ထွက်ပြေးခဲ့ပါတော့သည်။

ငွေရည်ရဲ့ အမှတ်တရနေ့တိုင်းမှာ မိုးစက်တို့က ထာဝရ သက်သေ…

မိုးသည်းသည်း လေထန်ထန်၊ ဘာမှမမြင်ရသော ညမှောင်မည်းမည်းထဲမှာ ငွေရည် ထွက်ပြေးခဲ့လေသည်။

✵ ✵ ✵

ငွေရည် ဘွားဘွားတို့ဆီလည်း ပြန်မသွားဘဲ အားလုံးကို မျက်ခြေပြတ်၍ ပုန်းအောင်းခဲ့သည်။

သားရဲ့ ရှေ့ရေးအတွက် ငွေရည် ယူခဲ့တာက ဦးမင်းအောင်ထက် လက်ဆောင်ပေးခဲ့သည့် ပတ္တမြားဘယက်နှင့် သက်ဦးနဲ့လက်ထပ်စဉ်က ဝတ်လျက်သားပါလာခဲ့သော ရတနာတွေသာ။

ဒါတွေကို ထုခွဲ၍ ရင်းနှီးခဲ့သည်။

ဒါပေမယ့် လက်မှာစွပ်ထားသည့် နဂါးလက်စွပ်ကိုတော့ ချွတ်ဖို့ဘယ်တော့မှစိတ်မကူးခဲ့ပေ။

ဒါဟာ တစ်နေ့ကျရင် သားလေးအတွက် မိဘအထိမ်းအမှတ်ပစ္စည်းတစ်ခု ဖြစ်စေရမည်။

ခုတော့ နှစ်တွေလည်း ကြာခဲ့ပြီ။

သားလေးကလည်း အရွယ်ရောက်လို့ သုံးတန်းကျောင်းသားလေးတောင် ဖြစ်ခဲ့ပြီ။

ငွေရည် နည်းနည်းခြေလှမ်းကျဲလိုက်သည်နှင့် သူတို့ သတိထားမိသွားကြပြီ။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေ… ကျောင်းကို ကျော်သွားပြီ"

"ဩော်… အင်း…"

ငွေရည် ဘရိတ်အုပ်၍ တဖြည်းဖြည်း နောက်ပြန် ဆုတ်ရသည်။

"သားသားလေး"

"ဗျာ"

"မေမေကလွဲပြီး သားသားလေးကို ဘယ်သူလာခေါ် လို့မှ ဘယ်မှလိုက်မသွားရဘူးနော်၊ ကြားလား"

"ဟုတ်"

ငွေရည် စိတ်မချနိုင်ဘဲ ဆရာမတွေကိုပါ ထပ်မှာ သည်။

"စိတ်ချပါ ညီမရယ်၊ ကျွန်မတို့က ကလေးအားလုံး ကို စနစ်တကျ ထိန်းကျောင်းသင်ကြားနေတာပါ၊ ဘာမှမဖြစ် စေရဘူး"

ငွေရည် အလုပ်သွားရတာလည်း စိတ်မပါ။

အပြန်ကျတော့ သားလေးကို ဝင်ခေါ်ရတာ ထူးခြား စွာ ရင်တွေနင့်နေ၏။

"မေမေ"

သားလေးမျက်နှာက ခါတိုင်းလိုပဲ ပြုံးကြည်လျက်ရယ် ပါ။ ဒီတော့မှ သက်ပြင်းချနိုင်၏။

"ငွေရည်"

"ဟင်"





သက်ဦးက ငွေရည့်ကားနားမှာ ရပ်စောင့်နေ၏။

"ငွေရည်… ငါ နင်နဲ့ အေးအေးဆေးဆေး စကား ပြောချင်တယ်"

"ငါ့မှာ အေးဆေးတဲ့အချိန် တစ်ချိန်မှမရှိဘူး သက်ဦး၊ ဆောရီးပဲဟာ"

ငွေရည် သားလေးဘက်က တံခါးကိုပိတ်ပေး၍ မောင်းသူနေရာကိုပတ်လျှောက်သွားတော့ သက်ဦး ကပ်ပါလာ သည်။

"ဘယ်လိုဖြစ်တာလဲ ငွေရည်၊ နင့်မှာ ကလေး တစ်ယောက်ရတဲ့အထိ ပြောင်းလဲသွားပေမယ့် ငါ့ဘဝက ဘာမှ မပြောင်းလဲဘူး၊ နင့်ဘက်ကအပိုင်းကို ငါ အတိုင်းအတာတစ်ခု ထိ သိပါရစေ"

ငွေရည် ကားထဲ ဝင်ထိုင်လိုက်သည်။

တံခါးပိတ်မည်ပြင်တော့ သက်ဦးက ကိုယ်နဲ့ခံထား ၏။

"ငါ့ဘက်က အခု နင်မြင်တဲ့အတိုင်းထက် ဘာမှမပို ဘူး သက်ဦး၊ နင့်ဘဝပြောင်းလဲတာ မပြောင်းလဲတာလည်း ငါ စိတ်မဝင်စားဘူး၊ အားလုံးဟာ ပုံစံမပျက် ဒီအတိုင်းပဲ ရှိနေသင့်တယ်၊ ငါ့ကို မနှောင့်ယှက်ပါနဲ့"

သက်ဦး မျက်နှာကြီး နီသွားသည်။

"ငွေရည် နင်…"

ငွေရည် ကားကို တံခါးမပိတ်ဘဲ အတင်းမောင်းထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"မေမေ… အဲဒီဦးက ဘယ်သူလဲဟင်"

"အရင်တုန်းက မိတ်ဆွေတစ်ယောက်ပါ သားရယ်"

"ခု မေမေက ဘာလို့မခေါ်ချင်တာလဲဟင်"

"သူနဲ့ သားသားလေး ဖေဖေနဲ့ မတည့်ဘူး သားရဲ့၊ အဲဒါကြောင့် မေမေ မခေါ်တာ"

မြတ်ကိုမင်း ငြိမ်ကျသွားသည်။

"မေမေ"

"ဘာလဲ သား"

"ဖေဖေသာရှိရင် သိပ်ကောင်းမှာပဲနော်၊ ဓာတ်ပုံထဲမှာ ဖေဖေက သိပ်ချောတာပဲ"

"သားရယ်"

သားလေး ဖအေကိုမေးတိုင်း ငွေရည် သနားလို့မဆုံး ဖြစ်ခဲ့ရသည်။

မွေးကတည်းက သားလေးက ဒီမအေကိုပဲ အမေ၊ ဒီမအေကိုပဲ အဖေ၊ ဘိုးဘွား ဆွေမျိုးဆိုတာလည်း မရှိ။

မွေးချင်းညီအစ်ကို မောင်နှမလည်း မရှိ။

တကယ့်ကို ခြောက်သွေ့အထီးကျန်ဆန်ခဲ့ရှာသူလေး။

တကယ်လို့သာ သားလေးဟာ မြမျိုးမြင့်မာန် စံအိမ်ကြီးမှာဆိုလျှင်… အထိန်းတော် အခြံအရံတို့နှင့် ဘိုးဘွား ဦးမင်းတို့ အလယ်မှာ…

"အမလေး"

သစ္စာမွန်စာပေ



ငွေရည် အလန့်တကြားအော်လိုက်မိကာ ကားဘရိတ်ကို ဆောင့်နင်းပစ်လိုက်၏။

မောင်မြတ်ကိုမင်း သူမ လက်မောင်းကို ကြောက်လန့်တကြား ဆုပ်ကိုင်ကာ

"မေမေ… မေမေ ဘာဖြစ်တာလဲဟင်"

ငွေရည် မဖြေအားပါ။

သူမ မျက်စိရှေ့နီးနီးလေးမှာ လူသေကောင်မျက်နှာလို ဖြူဖွေးအေးစက်နေသော မျက်နှာပြည့်ပြည့်ကြီး တစ်ခု။

ဒေါ်မြင့်မြတ်အေး…

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

မောင်းထွက်သွားသည့်ကားကို မျက်စိတဆုံး လိုက်ကြည့်နေပြီး ဒေါ်မြင့်မြတ်အေး အံကိုတင်းနေအောင် ကြိတ်ထားသည်။

ဦးမင်းစိုင်းလူ သက်ပြင်းချနေသည်။

"ရှင်တို့မြင်ပြီမို့လား၊ လူလေးကိုသတ်ခဲ့တဲ့ ဟိုကောင်နဲ့ သူ ဆက်သွယ်နေတာ"

ဒွေးတော် ဒေါ်စိန်ပွင့်ရဲ့မျက်နှာပါ တင်းမာနေသည်။

"ဒီလို အပျော့ဆွဲဆွဲနေလို့ မဖြစ်တော့ဘူး၊ သူတစ်ယောက်ယောက်နဲ့၊ အင်း... အဲဒီသက်ဦးဆိုတဲ့ကောင်နဲ့ အိမ်ထောင်ပြုလိုက်မယ်ဆိုမှ ဒီပြင်သူစိမ်းထပ်ဝင်လာပြီး ဇာတ်လမ်းတွေက တအားရှုပ်ကုန်မှာ"

"အဲဒါ ဟုတ်တယ်"

"ဘယ်လိုလုပ်မလဲ"

"ကလေးကို ရတဲ့နည်းနဲ့ ပြန်ခေါ်ရမှာပဲ"

"ကလေးက မအေကို ခင်တွယ်နေပြီ၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုပဲလုပ်ရ လုပ်ရ၊ လူလေးရဲ့သွေးကို ရအောင်





ပြန်ခေါ်မယ်၊ သူနဲ့လူလေးဟာ သွေးချင်းသားခဲ့တာ မဟုတ်ဘူး၊ လူလေးရဲ့သန္ဓေကို အငှားလွှယ်ပေးခဲ့တဲ့သဘောပဲ၊ ဒါကို သူက မိခင်နေရာဝင်ချင်လို့ရမလား၊ နောက်တော့ ကလေး ဒါတွေ သဘောပေါက်လာမှာပဲ"

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



"ရှင်… ရှင်တို့ ဘာလာလုပ်ကြတာလဲ၊ ဘာလုပ်ကြမလို့လဲဟင်"

ငွေရည် ကမန်းကတန်း ထရပ်ကာ စာရေးနေတဲ့သားလေးရှေ့က ကွယ်ထားလိုက်၏။

"ဘယ်လိုဖြစ်နေတာလဲ နန်းငွေရည်၊ ပစ္စည်းရှင်က ငါတို့ပါ၊ ဘယ်နှယ့် ကောက်ရတဲ့သူက သည်းသည်းလှုပ်နေရတာလဲ"

ဒေါ်မြင့်မြတ်အေး၊ ဦးမင်းအောင်ထက်၊ ဦးမင်းစိုင်းလှူ။

သုံးယောက်စလုံး မျက်ဝန်းတို့က မြတ်ကိုမင်းဆီမှာ စူးစူးနစ်နစ်…

ဘုန်းမြတ်မင်းနှင့် လုံးဝချွတ်စွတ်တူနေသည့် ကလေးကို သူတို့ကြည့်သည့် မျက်ဝန်းတို့က လွှမ်းမောစွာ၊ တမ်းတမြတ်နိုးစွာ၊ လိုချင်တပ်မက်စွာ…

ဒေါ်မြင့်မြတ်အေး မြတ်ကိုမင်းရှေ့ထိလျှောက်သွား၍ ငွေရည့်ကိုကြည့်သော မျက်လုံးတို့နှင့် လုံးဝခြားနားစွာ နူးညံ့နွေးထွေးခြင်းတို့နှင့် ငုံ့ကြည့်၏။

ပြီးတော့ ငွေရည့်ကို ပြန်ကြည့်လိုက်သည်က အေးစက်မုန်းတီးစွာ…

"ငါတို့မြေးကို မင်း အသာတကြည်ပြန်ပေးပါ နန်းငွေရည်"

"ကျွန်မ လုံးဝမပေးနိုင်ဘူး"

"ဘာပြောတယ်"





အပြောနှင့်အတူ လက်တစ်ဖက်က ရိုပ်ခနဲ မြောက်တက်သွားကာ ငွေရည့်ပါးပေါ်သို့ အရှိန်ပြင်းစွာ ကျလေသည်။

"မေမေ… မေမေ့ကို ဘာလို့ရိုက်တာလဲ၊ မေမေ့ကို မရိုက်ရဘူး"

မြတ်ကိုမင်း ငွေရည့်ကို မနိုင်တနိုင်နှင့် အတင်းပြေးထူကာ ကလေးမျက်လုံးလေးပေမယ့် မီးဝင်းဝင်းတောက်နေ၏။

"ခေါင်းမမာပါနဲ့ မိန်းကလေးရယ်၊ ဒါဟာ သဘာဝအကျဆုံး ဆုံးဖြတ်ခြင်းပါပဲ၊ မင်းဟာ 'လူလေးရဲ့ဇနီးမဟုတ်ခဲ့သလို ကလေးရဲ့မိခင်လည်း မဖြစ်ချင်ပါနဲ့၊ တို့များ ဒီကိစ္စတွေ စီစဉ်ခဲ့ကြတုန်းကတည်းက လူလေးအတွက် မင်း တာဝန်ကျေကျေ ပေးဆပ်ချင်ပါတယ်လို့ ခွင့်တောင်းခဲ့တာပါ၊ တာဝန်တစ်ခု ကျေသွားပြီလို့ပဲ မင်း လက်ခံစေချင်တယ်"

"အို… မဟုတ်ဘူး၊ ဒါ ကျွန်မသား၊ ကျွန်မရင်က ဖြစ်ခဲ့တဲ့ သား၊ ဝမ်းနဲ့လွယ်မွေးခဲ့တဲ့ သား၊ ကျွန်မနဲ့ပဲ ဆိုင်တယ်၊ ဘယ်သူ့ကိုမှ မပေးဘူး၊ အားလုံးထွက်သွားကြပါ"

"မင်း တော်တော်ခေါင်းမာတဲ့ မိန်းကလေးပါလား"

ဒေါ်မြင့်မြတ်အေး ရှေ့တိုးလိုက်တော့ ဦးမင်းစိုင်းလှူက ဆွဲထားလိုက်သည်။

"အကျယ် အကျယ် မဖြစ်ပါစေနဲ့ မမြင့်မြတ်အေး၊ အခုလက်ရှိ အကြမ်းဖက်လို့ အောင်နိုင်သွားလည်း မင်းကို ခင်တွယ်နေတဲ့ ဒီကလေးရဲ့နှလုံးသားပုံရိပ်မှာ ဒီနေ့မြင်ကွင်းဟာ အနာဂတ်အတွက် အလွန်ဆိုးရွားတဲ့ နာကြည်းစရာတစ်ခုအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ကျန်ခဲ့မှာပဲ၊ ဒီတော့ ကလေးကို ဘယ်သူပိုင်သင့်သလဲ ဆိုဘာ အကြမ်းမဖက်ဘဲ ဆွေးနွေးကြတာ ပိုကောင်းပါတယ်”

လွန်စွာအချက်ကျသော ဦးမင်းစိုင်းလူစကားကြောင့် ဒေါ်မြင့်မြတ်အေး မျက်နှာအပျက်ကြီးပျက်ကာ ငွေရည်ကို ရိုက်လိုက်မိသည့် သူမလက်ကို သူမ အလန့်တကြား ပြန်ငုံ့ကြည့်လိုက်သည်။

ဒီနေ့ချိန်ထိ သားလေးကို စွန့်လွှတ်ရမှာစိုးသည့်စိတ်ကြောင့် လုံးဝကိုယ်ရောင်မပြဘဲနေခဲ့တာ ဘွားဘွားတို့နဲ့တောင် မဆက်သွယ်ဘဲ နေခဲ့တဲ့အထိပါ။

ခုတော့ အားလုံး မရှိကြတော့ပေ။

ဘိုးအေလုပ်သူက သက်ဦးတို့ ပြန်ပြောပြချက်တွေအပေါ် သုံးသပ်၍ ငွေရည်ကို ဒေါသမျက်ရှကာ ရောဂါဖောက်လို့ ဆုံးခဲ့သည်တဲ့။

ဘွားဘွားခများလည်း အထီးကျန်စွာနေခဲ့ရရှာရင်း ငွေရည်ကို စုံစမ်းပါသော်လည်း သတင်းအစအန မရသည့်မို့ မြေးကို စိတ်နာ စိတ်ခုရင်း ကွယ်လွန်ခဲ့လေသလား မပြောတတ်။

သားနဲ့ပတ်သက်၍ ငွေရည် ဆုံးရှုံးကြေကွဲခဲ့ရတာတွေ နည်းသလား။

တစ်လောကလုံး ဘာတွေဖြစ်နေနေ ငွေရည် အံခဲ၍ မျက်ကွယ်ပြုထားခဲ့သည်။

သားကိုဖက်၍ အရာရာကို ရင်ဆိုင်နိုင်ခဲ့၏။





နေထိုင်သူမဲ့ တံခါးပိတ်ထားခဲ့သော ဘွားဘွားတို့ရဲ့ ခြံနဲ့တိုက်ကြီးဆီသို့ ခြေဦးမျှပင် မလှည့်ဘဲနေခဲ့တာလည်း သက်ဦးတို့ညီအစ်ကိုနှင့် မဆုံစည်းလိုတော့၍ပါ။

ငွေရည် သည်မျှ စွန့်လွှတ်အနစ်နာခံခဲ့ရတာတွေကို စာနာခြင်းကင်းစွာ သားလေးကို ကောက်ရသလို ခပ်ပေါ့ပေါ့လေး ပြောရက်ကြသည်။

ကိုဘုန်းမြတ်မင်းနှင့် ပတ်သက်ခဲ့သမျှ သူသေဆုံးပြီးမှ ပြင်းထန်စွာ ငိုကွယ်ကျန်ရစ်ခဲ့သော ချစ်ခြင်းသံယောဇဉ်ကို သားလေးအပေါ် စုပုံပေးအပ်ခဲ့သည်။

ဒီကလေးကို ရင်မှာလွယ်ခဲ့ရကတည်းက ဘုန်းမြတ်မင်းရဲ့ ကိုယ်ပွားလေးရတော့မှာပါလားဆိုတဲ့ အသိတစ်ခုတည်းနှင့် သူမဘဝကို နှစ်မြှုပ်ပေးဆပ်ခဲ့တာ။

သေပြီးတော့မှ ချစ်ရသလားလို့ အပြစ်တင်ကြစမ်းပါ။ ငွေရည် သူသေဆုံးပြီးကာမှ ချစ်ခြင်းထက်ခိုင်မြဲသော ကြိုးတစ်ချောင်းကို ချည်နှောင်ခဲ့မိသည်က အမှန်။

တစ်သက်လုံးပုန်းကွယ်နေလို့မဖြစ်တော့တဲ့ သားလေးရဲ့ ရှေ့ရေးအတွက် ငွေရည် စွန့်စားလျှောက်လှမ်းခဲ့တာပါ။

ခုတော့…

ကြည့်စမ်း…

ကလေးရဲ့ မီးတွက်မတတ်ပြောင်လက်နေတဲ့ ဒေါသမျက်လုံးလေးတွေ သူမကို စူးစူးစိုက်စိုက် နာကျင်စွာ…

“ကဲ… မိန်းကလေးလည်း နေရာမှာ ပြန်ထိုင်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



မမြင့်မြတ်အေးလည်း ထိုင်ပါ"

ဦးမင်းထက်အောင် တစ်ချိန်လုံး ဘာမှဝင်မပြောပါ။

"မိန်းကလေး... မင်း ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်စမ်းပါ၊ ဒီကလေးလေး မျိုးဆက်အဖြစ် ထင်ရှိ ကျန်ခဲ့ဖို့ တို့တွေအားလုံး ဘယ်လောက်ထိ ကြိုတင်စီစဉ်ခဲ့ရသလဲ၊ ဘယ်လိုအားကိုးမျှော်လင့်ခဲ့ကြသလဲ၊ မင်းချစ်တာ၊ မင်းမျှော်လင့်တာ မင်းတစ်ယောက်တည်း"

"မိခင်ဆိုတာကရော ဘယ်နှစ်ယောက်ရှိနေနိုင်သလဲ ဘာဘ"

ငွေရည် ပက်ခနဲ ပြန်မေးသည်။

ဒေါ်မြင့်မြတ်အေး ဆတ်ခနဲ တောင့်မတ်သွားပေမယ့် ဘာမှဝင်မပြောဘဲ ငြိမ်နေသည်။

ဒါပေမယ့် ငွေရည့်ရင်ခွင်ထဲက ကလေးကို လှမ်းကြည့်ရင်း သူ့မှာ နေမထိ ထိုင်မသာ ဖြစ်နေပုံက အထင်းသား။

"ဘာဘတို့ဘက်က အဖြစ်နိုင်ဆုံးကို ပြောမယ်၊ ကလေးကို မင်းမခွဲနိုင်ဘူးဆိုရင် ကလေးနဲ့အတူ မြမျိုးမြင့်မာန်ကို လိုက်နေနိုင်တယ်၊ ဒါပေမယ့် မင်းဟာ မင်းရဲ့ဘဝ၊ မင်းရဲ့ လွတ်လပ်ခွင့်အားလုံးကို ကလေးနဲ့အတူ သက်ထက်ဆုံး မြှုပ်နှံထားလိုက်ရတော့မှာ ဖြစ်တယ်၊ ဘာဘပြောတာ မင်း သဘောပေါက်လား၊ ရှင်းအောင် ထပ်ပြောမယ်၊ မင်းဟာ မြမျိုးမြင့်မာန်ရဲ့အရိပ်မှာ နောက်ထပ် အိမ်ထောင်လုံးဝမပြုရတော့ဘူး၊ အဓိကက ဒါပဲ"





"အိမ်ထောင်မပြုဖို့က ကျွန်မ မြမျိုးမြင့်မာန်မှာ လိုက်နေမှ မဟုတ်ပါဘူး၊ ခုလည်း ဘာဘတို့စောင့်ကြည့်နေလို့ရတာပဲ၊ ကျွန်မ နေတာထိုင်တာ မှားယွင်းခဲ့ရင် သားလေးကို အချိန်မရွေး လာပြန်ခေါ်ပါ၊ ဒါပေမယ့် ကျွန်မ အိမ်ထောင်ပြုလိုက်တာမျိုးမဟုတ်ဘဲ..."

"တော်ပြီ၊ တော်ပြီ၊ စကားတွေ ဝေ့ကုန်ပြီ၊ မင်း ဘာလုပ်လုပ် တို့နဲ့မဆိုင်ဘူး၊ စောင့်လည်းကြည့်မနေနိုင်ဘူး၊ မင်း စံအိမ်ကိုလိုက်နေမယ်ဆိုတာတောင် ကလေးရဲ့မိခင်အဖြစ် မဟုတ်ဘဲ ကလေးထိန်းအဖြစ်ပဲ တို့က လက်ခံနိုင်မှာ"

"အို... မဖြစ်နိုင်ဘူး၊ ဘာတွေလာပြောနေတာလဲ၊ ဘယ်လိုအနေအထားနဲ့ဖြစ်ဖြစ် မြမျိုးမြင့်မာန်ကို ကျွန်မ လုံးဝ ပြန်မလိုက်ဘူး၊ သားလေးကိုလည်း မပေးနိုင်ဘူး"

သူတို့ အခြေအနေ တင်းမာလာနေဆဲ...

မောင်မြတ်ကိုမင်းက ဘယ်သူမှမထင်မှတ်သော လှုပ်ရှားမှုတစ်ခုကို လုပ်လိုက်လေသည်။

"အို... မြေး... မြေးလေး"

"သား"

ငွေရည် ရှူးရှူးဝါးဝါး ထအော်၍ ပြေးသွားမည်အပြု...

"သားသားလေးနားကို ဘယ်သူမှမကပ်နဲ့နော်၊ ကပ်လာရင် သားသားလေး ခုန်ချပစ်လိုက်မှာ"

ပြတင်းပေါက်ဘောင်ပေါ်မှာ မနိုင့်တနိုင် ရပ်၍ မြတ်ကိုမင်းမျက်နှာက နုနုငယ်ငယ်လေးပေမယ့် မတွန့် တင်း



www.burmeseclassic.com

www.burmeseclassic.com



ပြတ်နေ၏။

"ခ… မလုပ်လိုက်ပါနဲ့ မြေးလေးရယ်၊ ခုန်မချလိုက်ပါနဲ့နော်၊ မြဲမြဲကိုင်ထား"

"သား… သား မြဲမြဲကိုင်ထား၊ မလှုပ်နဲ့"

သူတို့ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်ကြလျက်စောစောက ဒေါသ၊ မာနတွေ ဘယ်ဆီလွင့်ပြေးကုန်ကြသည်မသိ။

"သားသားလေးတို့အိမ်လာတဲ့ ဧည့်သည်တွေ အကုန်ပြန်ကြ၊ မပြန်ရင် သားသားလေး ခုန်ချလိုက်မှာ"

"မြေးလေး… ဘွားဘွားတို့က မြေးရဲ့ ဘိုးဘိုး၊ ဘွားဘွားတွေပါ မြေးလေးရယ်၊ မြေးလေးဖေဖေရဲ့ မိဘတွေပါ၊ အခုလေ မြေးလေးကို ချစ်လွန်းလို့ လာခေါ်တာပါကွယ်"

မောင်မြတ်ကိုမင်း တစ်ချက်တွေဝေသွားသည်

သို့သော် မီခင်ပါးပြင်ထက်က လက်ဝါးရာကြီးကို လှမ်းမြင်လိုက်သည်နှင့် တွေဝေစိတ်က ထောင်းခနဲ ပြန်တင်းသွားသည်။

"ဟင့်အင်း… ဘယ်သူဖြစ်ဖြစ် သားသားလေး မသိဘူး၊ ဘွားဘွားတို့ မေမေ့ကိုလည်း ရိုက်ကြတယ်၊ သားသားလေး ဘယ်သူနဲ့မှမလိုက်ဘူး၊ သွားကြ၊ မသွားသေးဘူးလား"

"အမလေး… သွားပါ့မယ် မြေးရယ်၊ မလှုပ်နဲ့နော်၊ မလှုပ်လိုက်နဲ့၊ ဘွားဘွားတို့သွားပြီ"

သစ္စာမွန်စာပေ



ဒေါ်မြင့်မြတ်အေး ဣန္ဒြေမဆောင်နိုင်ဘဲ မြေးခုန်ချမှာစိုး၍ တံခါးဝဆီသို့ ကမန်းကတန်း တိုးဆုတ်၍ ရပ်ပြရသည်။

သူတို့အားလုံး တံခါးဝထိ ဆုတ်ခွာသွားကြပြီးမှ

"နန်းငွေရည်… ဒီနေ့ဆွေးနွေးခြင်းက မြေးလေးကိုငဲ့ပြီး တို့ ရပ်သိမ်းပေးလိုက်တယ်၊ ဒါပေမယ့် မင်း မဖြစ်မနေလုပ်ရတော့မှာကို အသေအချာ ဆုံးဖြတ်ထားပါ"

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

ကြားရတဲ့စကားတွေအပေါ် သက်ဦး ဘယ်လိုမှ လက်မခံနိုင်ဖြစ်နေရသည်။

သူသိထားခဲ့သည်က ငွေရည်နဲ့ ဘုန်းမြတ်မင်းဟာ ပေါင်းသင်းခဲ့ခြင်းမပြုခဲ့သည့် လင်မယား...

ငွေရည်ကိုယ်တိုင်ပြောခဲ့တာကို သူ အကြွင်းမဲ့ ယုံကြည်ထားခဲ့သည်။

ခုပြောတာကလည်း ငွေရည်ကိုယ်တိုင်ပဲ ဖြစ်နေပြန်သည်။

"နေပါဦး ငွေရည်ရယ်၊ သူက နင့်ကို..."

"ဟုတ်တယ်၊ သူနဲ့ငါ ညားခဲ့လို့ ဒီကလေးရခဲ့တာပေါ့၊ နင့်အပေါ် ငါ လိမ်ညာခဲ့သလိုဖြစ်သွားခဲ့တာကို ခွင့်လွှတ်ပါ"

သက်ဦး ခေါင်းခါနေမိဆဲ...

မဟုတ်ဘူး။ အဲဒီတုန်းက ငွေရည်ပြောခဲ့တာ လိမ်တာ မဖြစ်နိုင်ပါ။

ဒါဖြင့် အခု ငွေရည် လိမ်နေတာလား...





ဒါဆို ကလေးက ဘုန်းမြတ်မင်းရဲ့ရုပ်နှင့် တထေရာတည်း တူနေတာကရော၊ သူ ဘယ်လိုမှ မတွေးတတ်အောင် ရှိနေလေသည်။

"နင် ငါ့ကို ဘယ်တော့မှလက်ထပ်ခွင့်ရမှာ မဟုတ်တော့ဘူး သက်ဦး၊ ငါ့ဘဝမှာ သားလေးကလွဲပြီး ဘာကိုမှ ဦးစားမပေးနိုင်ဘူး၊ အထူးသဖြင့် ငါတစ်ယောက်ယောက်နဲ့ လက်ထပ်ဖို့စိတ်ကူးရင်တောင် အဲဒီတစ်ယောက်ယောက်ဟာ နင်မဟုတ်နိုင်တာ သေချာတယ်"

"ငွေရည်"

"နင်ရယ်... ငါရယ်... သူရယ်... အဲဒီစည်းဝိုင်းထဲက သုံးယောက်မှာ တို့ကြောင့် သူသေသွားခဲ့တယ်၊ သူ့ကို ငါ ချစ်ခဲ့ပြီးပြီ"

"ဘာ"

"ဟုတ်တယ်၊ ငါ့အချစ်တွေအားလုံး သူနဲ့အတူပါသွားခဲ့ပြီ၊ သူ့ကိုချစ်တဲ့အတွက် သူသိပ်မုန်းတဲ့နင့်ကို ငါ ဘယ်တော့မှ လက်မထပ်ဘူး၊ အဲဒါ ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ"

စာသင်ခန်းတွေဆီမှ ကလေးတွေရဲ့စာအံသံက သူတို့နှစ်ယောက်ရဲ့ တိတ်ဆိတ်ခြင်းကြားမှာ ကျယ်လောင်စွာ မြည်ဟီးနေလေသည်။

"ငါကတော့ နင့်ရဲ့လွတ်လပ်စွာ ပျံသန်းလာမယ့် တစ်နေ့ကို ဒီနေ့ထိ မျှော်နေခဲ့မိတယ်"

"ဒီနေ့ အားလုံးကိုရုပ်သိမ်းလိုက်ပေါ့ သက်ဦးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



နင့်ရဲ့ တန်ဖိုးရှိတဲ့လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်းတွေကို တန်ဖိုးမမဲ့ပါစေနဲ့"

"နင့်ကို ငါ ခုထိ မြတ်မြတ်နိုးနိုး ချစ်နေဆဲပဲ ငွေရည်"

ငွေရည့်မျက်နှာမှာ မည်သည့်လှုပ်ရှားပြောင်းလဲမှုမျိုးမှ ဖြစ်မလာပါ။

"နင် ငါ့ကိုချစ်တယ်လို့ အဖြေပေးခဲ့တယ်နော်"

ငွေရည် ငြိမ်သက်နေသည်။

"အချစ်ဟာ သက်ရောက်စေတတ်တဲ့သဘောရှိနေတာ ငါ မတွေးမိခဲ့ဘူး"

သူ သက်ပြင်းချနေပြန်သည်။

"ဒါပေမယ့် ငါ့ရင်ထဲကအချစ်ကတော့ နီးစပ်ရာမှာ သက်ရောက်လို့ လုံးဝမရခဲ့ဘူး ငွေရည်ရယ်၊ ငါ့ရင်ထဲမှာ နင်ကလွဲပြီး…"

"တော်လောက်ပါပြီ သက်ဦးရယ်၊ ငါ ဒီစကားတွေ နားထောင်နေရတာ လိပ်ပြာမလုံဘူး၊ ငါ့ရင်ထဲကသစ္စာတရားကို နင် မဖျက်ဆီးချင်ပါနဲ့၊ နောက်ကိုလည်း ဒီစကားမျိုးတွေ ပြောဖို့ဆိုရင် ငါ့ကိုတွေ့ဖို့ မကြိုးစားပါနဲ့"

"နင် သိပ်ကိုပြောင်းလဲသွားတယ်နော်"

"ငါဟာ ကလေးတစ်ယောက်အမေဆိုတဲ့ဘဝကို သိပ်ကိုနာကျင်ကြေကွဲစွာ ဖြတ်သန်းခဲ့ရသူပါ၊ ဒါတွေလည်း နင်သိဖို့မလိုပါဘူးလေ၊ ငါသွားတော့မယ်"





ငွေရည် ကားထဲကို ဝင်ထိုင်လိုက်သည်။

ဒီနေ့ အလုပ်လည်းနားသည်မို့ သားလေးကို ကျောင်းပို့ရင်း သက်ဦးကစောင့်နေသည်နှင့် ရပ်၍စကားပြောနေမိခြင်းပါ။

ရှင်းသန့်နေသော သက်ဦးမျက်နှာချောချောကို တစ်ချက်ကြည့်၍ ငွေရည် ကားကို ဖြည်းဖြည်းလေး နောက်ဆုတ်၍ ကွေ့ယူလိုက်သည်။

ဆံပင်တွေကို နောက်ဖက်လှန်ဖြီးထား၍ အနည်းငယ်လူကြီးဆန်သလိုဖြစ်သည်မှလွဲ၍ သက်ဦးပုံစံက ဘာမှမပြောင်းလဲပါ။

သက်ဦးရယ်…

နင့်ကို ငါ သနားမိတာ တကယ်ပါ။

ဒါပေမယ့် ငါ သူ့ကို ပိုသနားတယ်။ ငါ့လက်ပေါ်မှာ ငါ့အချစ်တွေကို မတောင်းခံရဲစွာ ကျေကျေနပ်နပ် အသက်ပေးသွားတဲ့ သူ့အပေါ် ငါ သစ္စာရှိချင်တယ်။

သက်ဦးနဲ့ မင်း လိုက်မသွားရဘူးတဲ့။

သူ မှာခဲ့သေးတယ်။

ငွေရည် ကားကို ခြံဝန်းထဲ ဖြည်းဖြည်းပဲမောင်းဝင်လာခဲ့သည်။

ဟင်…

ရင်ထဲမှာ ဒိန်းခနဲ ခုန်သွားသည်။

ရပ်ထားသည့် ကားနက်ကြီးကို မြင်လိုက်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ ဘယ်သူတွေရောက်နေပြီဆိုတာ သိလိုက်ပါ၏။

"ကဲ... ထိုင်ပါဦး နန်းငွေရည်၊ မင်းနဲ့ ဆွေးနွေးဖို့ တို့ လာခဲ့တာ"

ဒေါ်မြင့်မြတ်အေး အိမ်ရှင်သဖွယ် ခပ်တည်တည်ကြီး စတင်မိတ်ဆက်၏။

ငွေရည် ဖိနပ်ချွတ်ဖို့ပင် သတိမရဘဲ သူတို့ရှေ့မှာ ဝင်ထိုင်လိုက်သည်။

ဦးမင်းအောင်ထက်က လည်ချောင်းတစ်ချက်ရှင်းလိုက်သည်။

"နည်းနည်းတော့ ရှင်းပြဖို့လိုလိမ့်မယ်၊ ဘဘတို့ ပြောချင်တာက ဒီလိုကွယ့်၊ မြေးလေးဟာ ဘာပဲဖြစ်ဖြစ် မိခင်နဲ့ပဲ နေချင်ရှာလိမ့်မယ်၊ ဒီလိုပဲနေပစေဆိုပြီး မိန်းကလေးနဲ့ ထားပေးဖို့ဆိုတာကလည်း မင်းရဲ့အသက်အရွယ်ကို မေ့ထားလို့ မဖြစ်ဘူး၊ ရှင်းရှင်းပြောရရင် သက်ဦးဆိုတဲ့ မင်းလက်ထပ်ဖူးခဲ့တဲ့ သူငယ်ဟာ ခုချိန်ထိ မင်းကို မျှော်လင့်နေတယ်၊ ကြိုးစားနေတယ်ဆိုတာလည်း ဘဘတို့ သိထားတယ်"

"အဲဒါ ငွေရည် အပြတ်ပြောခဲ့ပြီးပါပြီ"

ဦးမင်းအောင်ထက် ခေါင်းခါသည်။

"မင်းပြတ်တယ်ဆိုပေမယ့် သူ မပြတ်ဘူး၊ ဒါ ထားပါလေ၊ မင်း ဘယ်သူနဲ့ပဲဖြစ်ဖြစ် တစ်နေ့လက်ထပ်ဖြစ်မှာက ကိုးဆယ်ရာနှုန်းပဲ၊ ဒါကို ဘဘတို့ လုံးဝအဖြစ်မခံနိုင်ဘူး"

ဒေါ်မြင့်မြတ်အေး အနည်းငယ်လှုပ်ရှားလာကာ





"ဟုတ်တယ်၊ ဒါကြောင့် တို့ တစ်ခုစီစဉ်ထားတယ်၊ အဲဒါကို မင်း နာခံပါ"

သူတို့ကို ငွေရည် စိုက်ကြည့်နေမိသည်။

"မင်းကို ဘုန်းမြတ်မင်းရဲ့ညီ ဘုန်းစက်မင်းနဲ့ လက်ထပ်ပေးရလိမ့်မယ်"

"ရှင်"

ငွေရည် မျက်လုံးပြူးသွားသည်။

"မင်း ဒါကို လက်မခံနိုင်ရင် ကလေးကို တို့က ဆွေးနွေးခြင်းမပြုဘဲ ဖွတ်ချုပ်နှောင်ပြီး ခေါ်သွားရမှာပဲ၊ နောက်ဆုံး တို့လက်ထဲမှာ တစ်စုံတစ်ခုဖြစ်သွားခဲ့ရင်တောင် အဖြစ်ခံပြီး လုပ်ရမှာပဲ"

ဒေါ်မြင့်မြတ်အေး အပြတ်ပြောသည်။

တကယ်တော့ ဘုန်းစက်မင်းကို သူမ စကားဟဟပင် သိပ်မပြောဖြစ်ခဲ့ပါ။

ဘုန်းစက်မင်းရဲ့မိခင်က မယားကြီးရှိမှန်းမသိဘဲ ကြိုက်ခဲ့မိပေမယ့် ဆွေဂုဏ် မျိုးဂုဏ်မနိမ့်ကျတဲ့ မိန်းကလေး။

မျိုးရိုးဂုဏ်သိက္ခာကြောင့် တရားဝင်လက်ထပ်မယူနိုင်သည့် ဦးမင်းမြင့်အုန်းနှင့် သူတို့ မျဉ်းပြိုင်တွေဖြစ်ခဲ့ကြကာ ကလေးတွေအတော်ကြီးလာသည်အထိ ပြတ်တောက်ခဲ့ကြသည်။

တရားဝင်လက်ထပ်မယူနိုင်ပေမယ့် ဦးမင်းမြင့်အုန်း သားယောက်ျားလေးမွေးခဲ့တဲ့ ဒုတိယဇနီးကို အခွင့်အရေးတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပေးခဲ့သည်။ သားကိုလည်း တောင်းခဲ့သည်။

ဒါကို သူမ ဘာမှလက်မခံဘဲ ပြတ်တောက်စွာနေခဲ့တာ သူမ သေဆုံးခဲ့ချိန်ထိ။

အရိုးကင်ဆာနှင့် သေဆုံးခါနီးကျမှ သားကို ဖအေလက်ထဲ ထည့်ခဲ့သည်။

ဦးမင်းမြင့်အုန်း ဘုန်းစက်မင်းကို ဘုန်းမြတ်မင်းနဲ့မခြားတန်းတူအခွင့်အရေးပေးခဲ့သော်လည်း ဘုန်းစက်မင်းရဲ့ ပင်ကိုယ်စိတ်က မာနရှိနေသည်။

သူဟာ မယားငယ်ရဲ့သားဆိုသောအသိကို မပယ်နိုင်ဘဲ မြမျိုးမြင့်မာန်မှာ လုံးဝမနေနိုင်ပါဟု ပြောလာခဲ့၏။

နောက်တော့ ဖခင်ကိုလည်း ချစ်ပါလျက် အစ်ကိုလုပ်သူကိုလည်း ကြင်နာပါရက်နှင့် နိုင်ငံခြား ထွက်သွားသည်။

ဦးမင်းမြင့်အုန်းက သူ့အတွက် နိုင်ငံခြားမှာ လုပ်ငန်းတွေ ထူထောင်ပေးခဲ့၏။

ဒါပေမယ့် သူကိုယ်တိုင် ဖိဖိစီးစီး ဦးစီးတာမျိုးသိပ်မရှိဘဲ အားကစားပြိုင်ပွဲတွေမှာ နေရာတိုင်း သူပါသည်။

နိုင်ငံပေါင်းစုံထိ သူပါနိုင်အောင်လည်း ထုံးချွန်ပါသည်။ သူများလို ဘောလုံးကန်၊ ဘတ်စကတ်ပုတ်တာမျိုးလည်း မဟုတ်။

ဂေါ့ဖ်ရိုက်တာ၊ ဘိလိယက်ထိုးဆိုတာမျိုး ဝါသနာမပါဘဲ ဆိုင်ကယ်စီး၊ ကားမောင်း၊ သေနတ်ပစ်၊ စကိတ်စီး အသက်နဲ့ရင်းနှီးစားယှဉ်ပြိုင်ရတာမှ စိတ်ဝင်စားတတ်သူ။





သူတို့ ဘုန်းစက်မင်းအကြောင်း ဒေါ်မြင့်မြတ်အေးကို ပြောပြကြတော့ ဒေါ်မြင့်မြတ်အေး တော်တော်နှင့် လက်မခံ။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့သွေးသားဆိုလို့ သူတစ်ယောက်ပဲ ရှိတော့တာ၊ ဒီက ကလေးလည်း မတော်ဘရော် မိန်းမနဲ့မဖြစ်ရအောင်၊ ဟိုတစ်ယောက်လည်း ဒီပြင်လူနဲ့ မငြိစွန်းရအောင်၊ သူတို့ကို လက်ထပ်ပေးလိုက်တာ အကောင်းဆုံးပဲ မမြင့်မြတ်အေး၊ ကလေးအတွက်ပါ သူ့အမေနဲ့ သူ့ဦးလေး၊ အားလုံး အဆင်ပြေသွားမယ်"

"ဟုတ်တယ်၊ ဟိုတစ်နေ့ကအဖြစ်ကိုပဲ ကြည့်လေ၊ ကလေးကို ကျွန်တော်တို့ ဘယ်လိုမှအကြမ်းဖက်ခေါ်လို့ မဖြစ်နိုင်ဘူးဆိုတာ ထင်ရှားနေပြီ၊ ပြီးတော့ ဒီကလေးဟာ သာမန်ကလေးတစ်ယောက်ရဲ့ အိုင်ကျူမျိုးမဟုတ်ဘူး၊ သိပ်ကို ထက်မြက်တယ်၊ ရဲရင့်တယ်၊ သူ့ရဲ့အသိဉာဏ်မှာ ကျွန်တော်တို့တွေဟာ လူကြမ်းတွေလိုမြင်သွားတာမျိုး၊ ကျွန်တော်တို့ အဖြစ်ခံနိုင်လား"

ဒေါ်မြင့်မြတ်အေး ဘာမှမပြောသာခဲ့ပါ။

"ဒါကြောင့် ကလေးအတွက်လည်း စိတ်ချရအောင်၊ အားလုံးနဲ့ အဆင်မဆိုးရအောင် ဒီနည်းကိုပဲ သုံးကြပါစို့"

"ဒီလိုမလုပ်ဘဲ နန်းငွေရည်ကို ဟိုကိုသိုက်နေဖို့ ချော့ပြောရင်ရော"

သူ အထွန့်တက်ကြည့်ခဲ့သေးသည်။

"သူ ဘယ်လိုမှလက်ခံမှာမဟုတ်ဘူး၊ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ခွေးနွေးတာကို မမြင့်မြတ်အေး လက်ခံစမ်းပါ၊ ဒီကိစ္စ ကျွန်တော်တို့ စီစဉ်မယ်၊ မောင်ဘုန်းစက်ကို ဆက်သွယ်မယ်၊ အားလုံးပြီးစီးမှ ဟိုမိန်းကလေးကို ဖွင့်ပြောတာပေါ့''

''နို့နေပါဦး၊ ဟိုကလည်း မာနခဲ၊ ဒီကလည်း ခေါင်းမာမာနဲ့၊ ရှင်တို့အစီအစဉ်ကရော ဟုတ်ပါ့မလား''

''ဖြစ်ကိုဖြစ်ရမယ်''တဲ့။

ဒေါ်မြင့်မြတ်အေး ငွေရည့်မျက်နှာကို စိုက်ကြည့်ရင်း အကြောင်းအလဲများစွာအတိုင်း သူမအတွေးတို့က အဆုံးမသတ်နိုင်။ တိတ်ဆိတ်နေသော စကားဝိုင်းက အတော်ကြာတဲ့အထိ ငြိမ်ငြိမ်သက်သက်။

''ကျွန်မ လက်မခံနိုင်ဘူး ဘဘ''

''စဉ်းစားပါဦး မိန်းကလေးရယ်၊ ကလေးရဲ့ဦးလေး ကလေးရဲ့အဖေဖြစ်လာတာ သိပ်ကို သဘာဝကျပါတယ်၊ အဲဒီလိုဖြစ်ခဲ့ရင် အားလုံးဟာ အေးအေးချမ်းချမ်းနဲ့ ပြီးသွားမှာပါ၊ မြမျိုးမြင့်မာန်နဲ့ မင်းတို့မိသားစုလေးဟာ အမြဲတမ်း နွေးထွေးနေမယ်၊ အပင်အပွက် အပြုံးအပျော်တွေနဲ့ ကလေးဘဝလည်း ခုလိုအထီးကျန်မဆန်ဘဲ စိုပြေလာမယ်၊ ပြီးတော့ မောင်ဘုန်းစက်ဟာ လူလေးနဲ့ သိပ်ကိုတူပါတယ်၊ မြေးလေးက သူ့ဖခင်အဖြစ် လက်ခံမှာပါ''

ငွေရည် ခေါင်းလေး တွင်တွင်ခါနေမိပေမယ့် ဘာပြောရမှန်းမသိ။

''တို့က ကလေးနောင်ရေးအတွက် ကလေးစိတ်ချမ်း





သာဖို့ တို့ရဲ့အတွေ့အကြုံတွေကို လုံးဝလျှော့ချပြီး ဒီလိုပဲ စဉ်ပေးခဲ့တယ်၊ မင်းကဲ ကလေးအတွက်မငဲ့ဘဲ ငါတို့ရဲ့ပင့်ပကျကြားမှာ ကလေးနလုံးသားထိခိုက်အောင် ဖန်တီးချင်တာလား နန်းငွေရည်၊ အေး... မင်းစဉ်းစားပေါ့၊ ဒီလိုစီစဉ်ပေးတာကို မင်း လက်မခံနိုင်ရင် ကလေးကို ဖြစ်တဲ့နည်းနဲ့ခေါ်ဖို့ ဒီအချိန်ကစပြီး တို့ဘက်က စိန်ခေါ်တယ်''

ငွေရည် မျက်ရည်တွေ ဝိုင်းတက်လာကြသည်။

''ငွေရည် နောက်ထပ်အိမ်ထောင်မပြုပါရစေနဲ့၊ ငွေရည် နောက်ထပ်ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်လိုရတဲ့အဖြစ်မျိုးကို အရောက်မခံနိုင်ဘူး၊ သားလေးနဲ့ငွေရည်၍ နှစ်ယောက်တည်းဘဝကို ထူထောင်ပါရစေ ဘဘရ

တစ်ဖက်လှည့်၍ တောင်းပန်သော်လည်း ၊ သူမကို လက်မခံ။

''လူကို ကံက လှည့်စားတတ်တယ် မိန်းမင်းဟာ တစ်စုံတစ်ယောက်နဲ့ လက်ထပ်နေကာမှနဲ့ လူမျိုးရဲ့ လက်ထဲ ရောက်လာခဲ့တယ်၊ ပူလေးဟာလည်း ဧ တစ္ဆက်ထိုးလုပ်တတ်ပေမယ့် မင်းအပေါ်ကျတော့ သံကျင်ခံစားပြီး ချစ်တတ်တဲ့ ယောကျ်ားအဖြစ် ပြောင်းလဲသွား မထင်မှတ်စွာ သေဆုံးခဲ့ချိန်ထိ မင်းကို အပြစ်တစ်စက်၊ ဟိုမှာမှ မမြင်ဘဲ ချစ်သွားတယ်၊ ဟော... ဒုကြည့်၊ ဧ ကာမပိုင်လင်ယောကျ်ားမရှိခဲ့ပါဘဲ သားတစ်ယောက်ရခဲ့တဲ့ပြီး ဒါတွေဟာ ဘာမှကြိုတင်ပြင်ဆင်ထားခဲ့တာ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့အလိုလို ဖြစ်ပျက်ပြောင်းသွားခဲ့တာတွေပဲ''

ဦးမင်းစိုင်းလူ စကားရပ်၍ နန်းငွေရည်ကို စူးစိုက်ကြည့်နေပြန်သည်။

''ဒီနေ့ မင်းရဲ့စိတ် ဒီလိုရှိနေပေမယ့် မနက်ဖြန် ပြောင်းလဲမသွားဘူးလို့ ပြောနိုင်မလား၊ မင်းက မပြောင်းလဲဘူးပဲ ဆိုကြပါစို့၊ ဒီပြင် အခြေအနေတစ်ခုခုက တွန်းပို့လို့ ပြောင်းလဲသွားရင် မင်း ဘယ်လိုဖြေရှင်းမလဲ''

ငွေရည် မပြောနိုင်။

နိုင် ''ကဲ... ဒီနေ့ဆွေးနွေးတာကို မင်း တစ်ထိုင်တည်း အယ်ပေးပါ၊ ဒီလောက်ထိ ရှင်းပြပြောဆိုထားပြီးမှတော့

ဲစဉ်းစားခွင့် တို့မပေးနိုင်ဘူး နန်းငွေရည်၊ ငြိမ်းချမ်း

ဲ့ကို မင်းဘာရွေးမလဲ၊ ပဋိပက္ခဆိုတဲ့လမ်းကြောင်း

ကလေးရဲ့လားဘ၀ ဘာဖြစ်သွားနိုင်မလဲဆိုတာ မင်း အဓိက အဲဒီလိုဖြေရှင်းလိမ့်မယ်လို့ ငါတို့မျှော်လင့်ထားတယ်''

ပါ၊ မြမျိုးအားစရာမလိုပါဘူးဆိုတဲ့ အမိန့်တစ်ခုရဲ့နောက်မှာ

နွေးမထွေး အဖြေကို မျှော်လင့်စရာ ဘာလိုသေးလို့လဲ။

ဘ၀လည်ညည်ရဲ့ မျက်ရည်နှစ်စက်က ပါးပြင်မှသည် လက်ခုံ မောင်ဘုရှုနွေးစွာ...

✲ ✲ ✲

က သ

တိုက်ထဲမှာ တစ်နေကုန် လူတွေစုရုံးစည်ကားနေခဲ့

ဘူ ဒီနေ့ညနေ ခြောက်နာရီမှာ ငွေရည်နဲ့ ဘုန်းစက်မင်းကို

က်ထပ်ပေးဖို့ တာချုပ်စာတမ်းကအစ လူကြီးတွေ၊ ရှေ့နေ





တွေ၊ အားလုံး စုံလင်အောင် ဖိတ်ပြီးသား။

ကျောင်းပိတ်ရက်မို့ မြတ်ကိုမင်းလည်း တစ်ချိန်လုံး ရှိနေခဲ့သည်။

ခုဆို ဘိုးဘိုး ဘွားဘွားခေါ်လို့ သူတို့လက်ထဲမှာ မြတ်ကိုမင်း ပြုံးပျော်နေခဲ့ပါပကော။

ညနေ ငါးနာရီထိုးတော့ ဝတ်လုံတော်ရမင်းနှင့် ရှေ့နေ သုံးဦး ရောက်လာသည်။

ရပ်ရွာရဲ့လူကြီးတွေပါ စုံလင်နေကြတဲ့အထိ လက်မှတ် ထိုးဖို့ သူတို့သားက ပေါ်မလာသေး။

သူတို့ ဖုန်းတွေ တဂွမ်ဂွမ်ဆက်နေကြတာကိုကြည့်၍ ငွေရည် စိတ်ပျက်စွာ အခန်းထဲဝင်လာမိသည်။

ပန်းနုရောင် နှစ်ယောက်အိပ် ခုတင်ကြီးက သူမကို ချောက်ချားစေလေသည်။

ကလေးအမေပဲ...

သူများတွေက ကလေးတစ်ယောက်အမေနဲ့ လူပျိုရဲ့ လက်ထပ်ပွဲလို့ ထင်ကြမည်။

တကယ်တော့ ငွေရည့်အဖြစ်က လွန်စွာနာကျင်ခံစား လောက်ဖွယ်ပါ။

''မေမေ... မေမေ ဘာလုပ်နေတာလဲဟင်၊ ဟိုမှာ ဘိုးဘိုး ခေါ်နေတယ်''

''မေမေ ခေါင်းမူးလို့ပါ သားရယ်၊ သား မုန့်စားပြီး ပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"စားပြီးပြီ၊ ဖေဖေ ရောက်လာတော့မယ်တဲ့၊ မေမေ့ကို ဘိုးဘိုး ခေါ်နေတယ်"

ဒီနေ့ လက်ထပ်ရမည့်မှန်းသိလျက်နဲ့ ဒီချိန်ထိရောက်မလာဘဲနေတာ မမြင်ဘူးသေးတဲ့ မိန်းမတစ်ယောက်အပေါ် ပထမဆုံးဆင်လိုက်တဲ့ ထိုးစစ်တစ်ခုလား။

ငွေရည် မခံချင်ဒေါသတို့ကို အတင်းဖျောက်ပစ်နေရသည်။

"လေယာဉ်က ဆိုက်ပြီးသွားပြီ၊ ဟင်… သူ ပါမလာဘူးလား၊ ဘယ်လို… ဟ… ဒါ သွားစရာလား၊ ဒီမှာ လူကြီးတွေ စောင့်နေကြတာ ဘယ်လိုလုပ်မလဲ"

ငွေရည် အပြင်ပြန်ထွက်လာတော့ ဖုန်းဆက်ရင်း ဒေါသဖြစ်နေသည့် ဦးမင်းစိုင်းလူကို လှမ်းမြင်ကာ ကြားလည်း ကြားလိုက်ရသည်မို့ လက်သီးလေးကို ဆုပ်ထားလိုက်မိသည်။

"ဘာတဲ့လဲ 'ကိုစိုင်းလူ၊ သူ ရောက်ပြီမို့လား"

ဖုန်းချတော့ ဒေါ်မြင့်မြတ်အေးက အနားကပ်၍ မေးသည်။

"ဟုတ်တယ်၊ သူရောက်နေတာ ငါးနာရီဆယ်မိနစ်ကတည်းကတဲ့၊ အဲဒါ ကြိုတဲ့ကားနဲ့ ပြန်လိုက်မလာဘဲ သူ့သူငယ်ချင်းဆိုင်ကယ်နဲ့ ပါသွားသတဲ့"

"ဖြစ်ရလေတော်"

"ဒီကလေးဟာ လူကြီးတွေရင်မောရအောင် အမြဲလုပ်တတ်တဲ့ကလေး"





သူတို့ပြောဆိုညည်းညူနေကြတာကို လူကြီးတချို့က နားလည်စွာ ပြုံးနေကြသည်။

"သုံးဆောင်ကြပါ ခင်ဗျာ၊ လူကြီးမင်းတို့အားလုံးကို အားလည်းနာပါတယ်၊ ခုကိစ္စက နေ့ကောင်းရက်မြတ်ကို ဦးစားပေး ရွေးလိုက်ရတာကြောင့် ဂျပန်က ပြန်ရောက်မယ့်ကလေးကို ကြိုတင်ခေါ်မထားနိုင်ခဲ့တာပါ၊ ခုလိုအဆင်မပြေမှုလေးတွေ ဖြစ်ရတဲ့အတွက် သိပ်ကိုအားနာပါတယ်ဗျာ"

"ရပါတယ်ဗျာ၊ ဒီအတွက် ဘာမှအားမနာပါနဲ့၊ တစ်ခါတလေ ဒါမျိုး ကျွန်တော်တို့ ကြုံရဖူးပါတယ်၊ ကိစ္စမရှိပါဘူး၊ စိတ်အေးအေးနေပါ"

လူကြီးတွေ နားလည်နိုင်ကြ၍ သူတို့မှာ မျက်နှာပူသက်သာနေရသည်။

အခက်အနားသို့ တက်ရောက်လာကြသူအားလုံး စားသောက်ပြီးစီးကြတဲ့အထိ သတို့သားက ပေါ်မလာ။

ခုနစ်နာရီခွဲလို့ လုံးဝမိုးချုပ်သွားခဲ့ပြီ။

ခွင့်လွှတ်နားလည်ပါသည်ဆိုသော လူကြီးတွေလည်း လည်ပင်းတွေရှည်မတတ် မျှော်နေကြပြီ။

"ဟော… လာပြီထင်တယ်"

ဆိုင်ကယ်သံက ဝေါခနဲဆို ဆင်ဝင်အောက်မှာ ထိုးရပ်သွားသည်။

အသံကြားသည်နှင့် တိုက်တံခါးဝကို ပြေးထွက်သွားသူက မြတ်ကိုမင်း။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအကြည့်တွေက လွှန်စွာစိတ်ဝင်စားလာအောင် နောက်ကျလွန်းစွာရောက်လာပါသည့် ဘုန်းစက်မင်းဆီသို့သာ။

ဆိုင်ကယ်ဦးထုပ်ကဆင်းကာ ဟဲလ်မက်ကိုချွတ်လိုက်သည်နှင့် သူ့ကို နှုတ်ခမ်းလေး မဟတဟဖွင့်၍ ငေးကြည့်နေသော ကလေးငယ်တစ်ယောက်ကို ချက်ခြင်း သတိထားမိလိုက်သည်။

ဒါ… ကိုကို့ရဲ့သား မြတ်ကိုမင်းဆိုတဲ့ ကလေးများလား။

နှလုံးသွေးက ဖျင်းခနဲဖြစ်လျက် ရင်ထဲမှာ အမည်မသိသော နွေးထွေးခြင်းက စီးမျောလေသည်။

"ဘိုးသား"

သူ ဟဲလ်မက်ကို တစ်ဖက်ကပိုက်၍ ကလေးရဲ့ရှေ့မှာ မှဆိုးဒူးထောက်ထိုင်ကာ လက်တစ်ဖက်နှင့် သိုင်းဖက်လိုက်သည်။

"ဖေဖေလားဟင်"

မေးသံလေးက သူ့ရင်တစ်ခုလုံးကို ဆွဲလှုပ်လိုက်သည့်နှယ်…

ကိုကို… ကိုကို့သားက ညီကို ဖေဖေလားတဲ့။

သူ ကလေးကို ခပ်တင်းတင်းဖက်ချီ၍ မတ်တပ်ရပ်လိုက်၏။

ကလေးက သူ့ကို မြတ်နိုးဖွယ် ကစားစရာရုပ်တစ်ခုလို မာန်မဆောင်နိုင်စွာ လည်ပင်းမှ သိုင်းဖက်ထားရှာသည်။





"ကျွန်တော်နောက်ကျသွားတဲ့အတွက် အားလုံးကို တောင်းပန်ပါတယ်"

ခုမှ အားလုံးပြုံးနိုင်ကြတော့သည်။

စောစောကဒေါသတွေထွက်ဖြစ်နေသည့် ဒေါ်မြင့်မြတ်အေး မျက်နှာကြီးက မြေးလေးကို ဘုန်းစက် ကောက်ချီလာတာမြင်သည်နှင့် မီးနင့်တွေ့သည့် ဖယောင်းနှယ်။

ကလေးကို အသာချ၍ ပန်းအလှတွေထိုးစိုက်ထားသည့် စားပွဲနောက် နှစ်ယောက်ထိုင်ခုံမှာ သူ ဝင်ထိုင်သည်။

"သမီး ထိုင်လေ"

ဘုန်းမြတ်မင်းနှင့် အတော်ကြီးဆင်တူလွန်းသည့် သူ့ကို ငွေရည် တစ်ချိန်လုံး မျက်တောင်မခတ်လိုက်ကြည့်နေခဲ့သမျှ သူက တစ်ချက်မျှ လှမ်းမကြည့်။

သူ လက်မှတ်ထိုးရမည့်နေရာမှာ လက်မှတ်ထိုး၍ ငွေရည့်ဘက်ကို တွန်းပို့လိုက်သည်။

အားလုံးမျက်နှာတွေက ပြုံးပျော်နေကြသလောက် သတို့သား သတို့သမီးမျက်နှာတွေက တည်တည်တင်းတင်း။

မင်္ဂလာစကားပြောကြတဲ့ လူကြီးတွေ ဆုတွေပေး၍ မစဲနိုင်သော လက်ခုပ်သံတွေ…

အားလုံးက တာဝန်ကျေစွာ ပြီးဆုံးသွားသည်။

"ကဲ… မင်းတို့နှစ်ယောက် ဟောဒီမင်္ဂလာအိမ်ကလေးမှာပဲ သေတပန် သက်တဆုံး ပေါင်းသင်းနေထိုင်သွားကြဖို့ ဘဘတို့က မှာချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့မဆိုကြဘဲ တိတ်ဆိတ်စွာ ခေါင်းငုံ့နေကြသော နှစ်ယောက်ကို ဒေါ်မြင့်မြတ်အေး အကဲခတ်နေသည်။

"အေးပေါ့၊ လူလေးတို့ တစ်ယောက်ကိုတစ်ယောက် မခြင်းသိကြဘဲ လက်ထပ်လိုက်ရတော့ လောလောဆယ် အနေခက်ကြမှာပဲ၊ ဒါပေမယ့် ကိုယ့်အကြောင်းနဲ့ကိုယ် အားလုံးကရင်းနှီးပြီးသားတွေပါ"

ပြောပြီး ဆိုဖာပေါ်မှာ အိပ်ပျော်နေသည့် မြေးကို တစ်ချက်ငုံ့နမ်းလိုက်သည်။

"ကလေးကိုတော့ ဂရုစိုက်ကြပါ၊ ကလေးရဲ့စိတ်ထဲမှာ ထိခိုက်နာကြင်သွားစေနိုင်တဲ့ ဘာလုပ်ရပ်၊ ဘာစကားမျိုးမှ မပြောမိ၊ မလုပ်မိကြဖို့လည်း ဘဘ မှာချင်တယ်"

သူတို့အားလုံးပြန်သွားကြတော့ ငွေရည်နဲ့ သူ နှစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ခဲ့သည်။

"မမ… ကလေး သွားသိပ်ပေးရမလားဟင်"

နုနုက ကလေးကို ကောက်ချီဖို့ပြင်တော့…

"ဟော့… ထားလိုက်"

သူ အပေါ်အင်္ကျီကိုချွတ်ပစ်လိုက်ကာ ကလေးကို ညင်သာစွာ ပွေ့သည်။

ပြီးတော့ အခန်းထဲမှာ သားလေးအတွက် သီးသန့်ပြင်ပေးထားသည့် ကန့်လန့်ကာရဲ့တစ်ဖက်က ခုတင်ပေါ် အသာချသိပ်၏။

အနားမှာ ကပ်လိုက်လာသည့် ငွေရည့်ကို နည်းနည်းမှ





ငဲ့မကြည့်ဘဲ ပြန်ထွက်သွား၏။

သူ့ဟာသူ ရေချိုးခန်းရှာကာ ရေချိုးသည်။

သိပ်မကြာ၊ ဝေါခနဲထွက်ခွာသွားသည့်ဆိုင်ကယ်သံကို ကြားလိုက်ရလာသည်။

ငွေရည် သက်ပြင်းချ၍ ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

သူမဘဝမှာ မချစ်မနှစ်သက်ခဲ့သောယောကျ်ားတို့နှင့် တစ်ယောက်ပြီးတစ်ယောက် ဆုံစည်းခဲ့ရသည်။

ခုအဖြစ်ကတော့ အဆိုးဆုံးပါတည်း။

ကိုယ်ကလည်း မချစ်၊ သူကလည်း စိတ်ဝင်စားပုံမပြခဲ့သော ယောကျ်ားနှင့်…

"နုနုရေ"

"ရှင်… မမ"

"အဲဒါတွေသိမ်းပြီးရင် ဟိုတစ်ယောက်ကို တံခါးစောင့်ဖွင့်ပေးလိုက်နော်၊ တို့ ခေါင်းတွေအုံနေပြီ"

"ဟုတ်ကဲ့ မမ၊ နုနု စောင့်လိုက်ပါ့မယ်"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

"တိန်းတောင်… တိန်းတောင်"

သတိနှင့်နေသည်မို့ နုနု ဖျတ်ခနဲ ခေါင်းထောင်လိုက်မိ ပေမယ့် မျက်လုံးတွေက စပ်ဖျင်းဖျင်း။

"ဟိတ်… ဘာငေါင်နေတာလဲ၊ ဟိုတစ်ယောက် ဘယ်မှာလဲ သွားခေါ်"

"ရှင်… ဘယ်တစ်ယောက်လဲဟင်"

"နန်းငွေရည်ဆိုတဲ့ မိန်းမကို ပြောတာ"

သူ ခပ်ဆောင့်ဆောင့်ပြောတော့ နုနု နာရီကို မော့ကြည့်သည်။ သူဖါ လိုက်ကြည့်ဖြစ်သည်။

ညဉ့်တစ်နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့သည်။

"မမ ခေါင်းမူးလို့ အိပ်နေပါတယ် အစ်ကိုလေး၊ နုနု တံခါးဖွင့်ဖို့ စောင့်နေတာပါ"

"မလိုဘူး၊ သူ့ကို သွားခေါ်၊ ပြီးရင် မင်း ပြန်မလာနဲ့တော့၊ ကြားလား"

"ဟုတ်"

ကြားသားပဲ။ ဒီလောက်ဆူနေတဲ့အသံတွေနဲ့ ဘယ်သူ





က အိပ်နေနိုင်မှာလဲ။

နုနုဝင်လာတော့ ငွေရည် တံခါးဝမှာ ရပ်နေပြီးပြီ။

"မမ… ဟို…"

"တို့ ကြားတယ်၊ နုနု သွားအိပ်လိုက်တော့"

"ဟုတ်ကဲ့"

နုနု ဝမ်းသာအားရ ထွက်သွားရှာသည်။

တံခါးရဲ့အပြင်မှာ ဂျစ်ကန်ကန်ပုံစံနှင့် ရပ်လျက် ငွေရည်ထွက်လာတာကို စူးစူးစိုက်စိုက် ကြည့်နေသည့်ပုံစံက ပြေလည်ဖို့မရှိ။

မှန်တံခါးတစ်ထပ်ကိုဖွင့်ပြီး ဘာဂျာတံခါးကို ငွေရည် တွန်းဖွင့်ပေးတဲ့အထိ ရပ်စောင့်နေသည်။

သူဝင်လာပြီး ဖိနပ်ချွတ်နေတုန်း ငွေရည် တံခါးတွေ ပြန်ပိတ်၍ သော့ခတ်လိုက်သည်။

ပြီးတော့ ဆံပင်ရှည်တွေ လှုပ်ခါသွားတဲ့အထိ ဖျတ်ခနဲ ပြန်လှည့်၍ အိမ်ထဲဝင်၏။

"ဟာ… မင်း ဘယ်လိုမိန်းမလဲ"

ငွေရည် မျက်နှာတင်းတင်းနှင့် ပြန်လှည့်ကြည့်၏။

"ဘာလဲ"

"ယောကျ်ားပြန်လာရင် ဘာလုပ်ရမယ်ဆိုတာ မင်း မသိဘူးလား"

"မသိဘူး၊ သူများအိပ်ချိန်ကျမှ ဘယ်ကထပြန်လာမှန်း မသိတဲ့ ယောကျ်ားတစ်ယောက်ကို ငုတ်တုတ်ထိုင်စောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်နာပြနေရလောက်အောင် ကျွန်မ မကြောင်ဘူး”

“ဘာ”

သူ အံ့ဩသလို ငွေရည့်ရှေ့မှာ ထရပ်လိုက်ပြီးမှ ခေါင်းမော့၍ ခပ်အုပ်အုပ်ရယ်သည်။

“မင်းပါးစပ်လေးက သိပ်လှသလောက် စကားလုံးက တယ်ပြင်းပါလား နန်းငွေရည်”

ငွေရည် သူ့ကို မကျေနပ်စွာ ရူးရူးရဲရဲ ကြည့်သည်။ သူကလည်း အေးစက်စက် ပြန်၍စိုက်ကြည့်သည်။

အတန်ကြာ မျက်လုံးချင်းစစ်ခင်းနေမိကြပြီး ငွေရည် နှုတ်ခမ်းကိုမဲ့၍ ချာခနဲ လှည့်ထွက်သွားသည်။

ငွေရည့်နောက်က သူပါလာပြီး အခန်းထဲရောက်တော့ သူပဲ တံခါးပိတ်လိုက်သည်။

“နေဦး”

အိပ်ရာဆီသွားသည့် ငွေရည့်လက်မောင်းကို သူ ဖမ်းဆွဲထား၍

“ဒီမှာ အင်္ကျီကြယ်သီးတွေ ဖြုတ်ပေးစမ်းပါ”

“ရှင့်မှာ လက်မပါဘူးလား”

“ပါတယ်၊ စိတ်မရှည်လို့”

ငွေရည့်ကို အင်္ကျီထုတ်ခိုင်း၊ ခေါင်းမူးတယ်ဆိုပြီး ခေါင်းကပ်ပလာစတာ ကပ်ခိုင်း၊ ကြံဖန်၍ ခိုင်းနေလိုက်တာ ငွေရည် စိတ်မရှည်တော့။

“ဒီမှာ... ရှင့်ကိစ္စ ဒီညပြီးဦးမှာလား”





“ဘာလဲ... မင်း စိတ်မရှည်ဘူးလား”

“မရှည်ဘူး၊ မိန်းမလို မိန်းမရ ကြံဖန်ညစ်ခိုင်းတတ်တဲ့ ရှင့်ကိုလည်း အံ့ဩတယ်”

“ဘာ”

သူ ငွေရည့်ပခုံးကို ကြမ်းတမ်းစွာ ဆွဲဆောင့်ပစ်သည်။

“မင်း ငါ့ကို မိန်းမလို မိန်းမရလို့ ထပ်ပြောကြည့်စမ်း”

သူ့ဒေါသက ကြောက်မက်ဖွယ် တုန်ခါထွက်လာ၏။

“ငါ့ကို မိန်းမတစ်ယောက်ရဲ့အချစ်ကို တစာစာ တောင်းပြီး ဒူးထောက်အညံ့ခံတတ်တဲ့ ခပ်တုံးတုံးကောင်လို့ မင်း ထင်လား၊ ဒီမှာ နန်းငွေရည်၊ အခု မင်းရှေ့မှာရပ်နေတဲ့ ဘုန်းစက်ဆိုတဲ့ကောင်ဟာ ကိုကို့လို မင်းရဲ့စကားတစ်ခွန်း အောက်မှာ ခေါင်းညိတ်ရပ်လုပ်နေမယ် မထင်နဲ့၊ မင်းဟာ ကလေးတစ်ယောက်ရထားပေမယ့် လင်ဆိုတာကို ဘာမှန်းသိခဲ့တဲ့ မိန်းမ မဟုတ်ဘူး၊ အိမ်ထောင်ဆိုတာ ဖြူသလား၊ မည်းသလားလို့ မေးချင်နေတဲ့ မိန်းမ၊ အဲဒါတွေ သိနေလေ၊ ကိုကို့အတွက် ငါ ရင်နာလေပဲ”

သူ့အသံက အံကြိတ်သံနှင့် မာထန်ပြတ်တောက်နေ၏။

“ဒီနေ့ကစပြီး ကိုကို့ကိုယ်စား မင်းရဲ့မာနတွေကို ရိုက်ချိုးပြမယ်၊ ယောက်ျားအတော်များများရဲ့ အသည်းကို ညို့ယူဖမ်းစားနိုင်တဲ့ မင်းရဲ့အလှဟာ ငါ့အတွက် ဘာစားစရာ

www.burmeseclassic.com



အရုပ်တစ်ရုပ်ထက် မပိုပါဘူး"

ငွေရည် သူ့လက်တွေကို အတင်းဖယ်ခါပစ်ပေမယ့် မရ။

"ငါဟာ ဒီချိန်ထိ မိန်းမဆို စိတ်ဝင်စားပြီး နှစ်ခါပြန်ကြည့်ဖြစ်ခဲ့တာမျိုး တစ်ခါမှမရှိသေးဘူး၊ ရည်းစားထားဖို့ဆိုတာ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဖူးပါဘဲ ကိုကိုကြောင့် မင်းနဲ့ လက်ထပ်ဖို့ ငါ ချက်ခြင်း ခေါင်းညိတ်ခဲ့တာ၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

ငွေရည် သူ့ကို အံလေးကြိတ်၍ ကြည့်နေမိသည်။

"ဒီနေ့ကစပြီး ကိုကို့အပေါ် မင်းပြုမူခဲ့သမျှ တန်ကြေးအတိုင်း ပြန်ပေးဆပ်ရမယ်၊ အဲဒါ မှတ်ထား"

"ရှင် ဘာတွေလာပြောနေတာလဲ၊ ရှင့်အစ်ကိုကို ဘယ်သူက ဘယ်တုန်းက ချစ်ပါတယ်လို့ ပြောခဲ့ဖူးလို့လဲ၊ သူ စွတ်အတင်းခိုးတဲ့နောက်ကို ပါလာရတဲ့မိန်းမက သူ့ကို မချစ်နိုင်တာ အပြစ်လား၊ သူက သူ့အပြစ်အတွက် သူ ပေးဆပ်သွားတာ"

"ပေးဆပ်သွားတာ မဟုတ်ဘူး၊ မင်းတို့ သတ်ပစ်တာ"

"မဟုတ်ဘူး"

"ဘာလို့မဟုတ်ရမှာလဲ၊ မင်းဟာ ကိုကိုနဲ့အကြာကြီး နေထိုင်ခဲ့ပြီးမှ ကိုကိုရဲ့စောင့်ထိန်းမှုကို အသိအမှတ်မပြုတဲ့အပြင် ဟိုကောင်နဲ့ လိုက်ပြေးတဲ့၊ အရှက်မရှိတဲ့ မိန်းမ"





"ရှင်… ရှင် မစော်ကားနဲ့နော်"

"ဟုတ်တာတွေ ပြောနေတာပဲ၊ မိန်းမဆိုတာ အခွင့်အရေးမပေးကောင်းတဲ့ သတ္တဝါတွေမှန်း ကိုကို သေတဲ့အထိ သိမသွားခဲ့ဘူး၊ ငါကတော့ မင်းတို့မိန်းမတွေအတွက် ဘာခံစားချက်မှ မရှိဘူး၊ စိတ်လည်းမဝင်စားဘူး၊ မင်းရဲ့အလှအပတွေနဲ့ မြှူဆွယ်လို့လည်း ဘယ်တော့မှမရနိုင်ဘူးဆိုတာ တစ်ခါတည်း မှတ်ထား"

"နေစမ်းပါဦး၊ ရှင့်ကိုရော ဘယ်သူက ချစ်ပါရစေ၊ ကြိုက်ပါရစေလို့ ပြောနေလို့လဲ၊ ဘယ်သူက ချစ်ဖို့ ကြိုက်ဖို့ မြှူဆွယ်နေလဲ၊ ဒီမှာ ရှင့်ကို လူကြီးတွေသဘောအတိုင်း လက်ထပ်ခဲ့ရတာ၊ သားလေးကြောင့် လက်ထပ်ခဲ့ရတာ သိရဲ့လား၊ ငွေရည့်မျက်နှာကို ရှင် သေသေချာချာကြည့်ထား၊ ယောကျာ်းတစ်ယောက်ကို မြှူဆွယ်ရလောက်အောင် ရူးမယ့်မိန်းမလားဆိုတာ"

"ဟား ဟား"

ဘုန်းစက် ခေါင်းမော့၍ ဒေါသဖြစ်ဖွယ်ကောင်းအောင် ရယ်သည်။

"ကြိုက်တယ်၊ ငါက အဲဒီလိုစိန်ခေါ်ပွဲမျိုးမှ ကြိုက်တာ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဒီပွဲမှာ ပွဲစကတည်းက ငါက နိုင်ရမှာဖြစ်မယ်"

ဘုန်းစက် ငွေရည့်မေးဖျားကို ခပ်ဆတ်ဆတ်မော့စေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ငါကမချစ်ပေမယ့် မင်းက မချစ်လို့မရဘူး၊ မင်း ငါ့ကို ချစ်နေရမယ်၊ မင်းချစ်တဲ့လူဆီက အမုန်းတွေကို ရတဲ့အခါ ဘယ်လိုခံစားရမလဲဆိုတာ မင်း ခံစားတတ်ရမယ်"

အဟင်း… သူ နှုတ်ခမ်းမဲ့၍ ဟင့်ခနဲ ရယ်ကာ မွေ့ရာ ပေါ်ကို ဝုန်းခနဲ လှဲချလိုက်၏။

ရင်ထဲမှာ သူ့ကို ဒေါသဖြစ်ရလွန်းလျက် ငွေရည် ခေါင်းအုံးနဲ့စောင်ကို ဆောင့်အောင့်၍ ဆွဲယူသည်။

"ဟိတ်… ဒါ ဘာလုပ်တာလဲ"

ငွေရည့်လက်ကို သူ ဖျတ်ခနဲ ဖမ်းဆွဲထား၍ ခပ်မာမာ မေးသည်။

"ကျွန်မ သားနဲ့သွားအိပ်မယ်၊ အဲဒီမှာ ရှင့်ဟာရှင် အိပ်"

"ဘာကွ"

သူ ဆတ်ခနဲ ထထိုင်လိုက်သည်။

"ဘာလဲ၊ မင်းက ယောကျ်ားတွေ တစ်ယောက်ပြီး တစ်ယောက်ယူပြီး အချစ်ဝတ္ထုတွေထဲကလို စိတ်ကူးယဉ်နေ တာလား"

ငွေရည် လက်ကို တအားရုန်းနေရင်း သူ့ဘေးမှာ ဘေးတိုက်လေး လဲကျသွား၏။

"ရှင် မိန်းမတစ်ယောက်ကို အမုန်းနဲ့ဖျက်ဆီးရလောက် အောင် အောက်တန်းမကျနဲ့နော်၊ ကျွန်မကိုလွှတ်"

"ဘာဖျက်ဆီးတာလဲ၊ မင်းက ငါ့မိန်းမ မဟုတ်ဘူး





လား"

"မသိဘူး၊ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ လွှတ်"

ငွေရည့်တစ်ကိုယ်လုံးကို သူ တအားဆွဲဖက်ထား၍ ချုပ်ပစ်လိုက်သည်။

"မင်းတို့မိန်းမတွေက လွှတ်လပ်ခွင့်ပေးလိုက်ရင် ဖောက်ပြန်တယ်၊ ငါက ကိုကို့လို လူမိုက်မှမဟုတ်ဘဲ နန်းငွေရည်"

✽ ✽ ✽

www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ… ဖေဖေ….ထလေ"

"ဟင်"

သူ မှောက်ခုံကြီးအိပ်နေမိရာမှ မျက်လုံးဖွင့်ကြည့်လိုက်တော့…

မြတ်ကိုမင်း…

"ဟာ… သားသား နိုးပြီလား"

"ဟုတ်"

သူ မထချင် ထချင်နှင့်ထ၍ သားကို ပေါင်ပေါ်မွေ့တင်လိုက်သည်။ သွေးက စကားပြော၍ ထင်ပါသည်။

မြတ်ကိုမင်းလေးက သူ့အပေါ်မှာ အချိန်တိုတိုအတွင်းမှာပဲ ရင်းနှီးချစ်ခင်နေတော့သည်။

သူ့အတွက် သွားတိုက်ဖို့ သွားပွတ်တံမှာ သွားတိုက်ဆေး ညှစ်ချပေးတဲ့အထိ ဂရုစိုက်ကာ အနားမှမခွာ။

ဖခင်ဆိုတဲ့ ငတ်မွတ်တဲ့အရိပ်တစ်ခုကို တမ်းတမက်မောနေရှာတဲ့ ကလေး…

"သားသား မင်း ဘရိတ်ဖက်စ် စားပြီးပြီလား"





"ဟင့်အင်း"

"သွားစားသွား၊ ဖေဖေ ပြီးရင်လာခဲ့မယ်နော်"

ဦးလို့ ယောင်ပြောတော့မည့် ပါးစပ်ကို မနည်းဘရိတ်အုပ်လိုက်ရသည်။

ကိုယ့်ကိုယ်ကို ဖေဖေလို့ပြောလိုက်ရတာ ပါးစပ်က ခပ်ယားယား။

"ဖေဖေ"

"ဗျ"

"ဖေဖေ ဒီနေ့ သားသားလေးကို ကျောင်းလိုက်ပို့မှာလားဟင်"

"ပို့မှာပေါ့ သားသားရဲ့"

"ဖေဖေစီးတဲ့ ဆိုင်ကယ်ကြီးနဲ့ ပို့မှာလား"

"အေးပေါ့ကွ၊ ဘာလဲ… သားသား မစီးရဲဘူးလား"

"စီးရဲတယ်၊ အဲဒါ သားသားလေး စီးချင်လို့"

"အိုကေ၊ ဒါဖြင့် သားသား မုန့်စားထား၊ ဖေဖေ လာခဲ့မယ်၊ ဟုတ်ပြီလား"

"ဟေး"

မြတ်ကိုမင်း ခုန်ပေါက်၍ ပြေးထွက်သွားသည်။

ဒါကို ရေချိုးဖို့ အခန်းထဲကထွက်လာသည့် ငွေရည်ငေးကြည့်နေမိလေသည်။

သားလေး ခုလိုခုန်ပေါက်မြူးထူးသွားပုံမျိုး သူမ တစ်ခါမှ မမြင်ဖူးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ သားလေးဟာ ဖခင်ဆိုတဲ့ ကွက်လပ်တစ်ခုအပေါ် ထိနိုက်ခံစားနေခဲ့ရှာမှန်း သိခွင့်ရခဲ့သည့်အဖြစ်။

ဒါဆို သူမ နာကြည်းစွာ ပေးဆပ်ခဲ့ရတဲ့ဘဝအတွက် ပေးဆပ်ရကျိုး နပ်ခဲ့တာပေါ့။

✲ ✲ ✲

ငွေရည် ကျောင်းရဲ့ရုံးခန်းထဲမှ ဖုန်းကို ကပျာကယာ ကောက်ဆက်လိုက်သည်။

"ကိုဘုန်းစက်"

"... ×× ..."

"ရှင် ကလေးကို လာခေါ်သွားတာလား"

"... ..."

သူ သက်ပြင်းလေးချ၍ ဆရာမကို ကျေးဇူးတင်စကားပြောကာ ပြန်လာခဲ့သည်။

ခြံထဲကို ကားလေးကွေ့ဝင်လာသည်နှင့်...

"မေမေရေ.... သားသားလေးတို့ ဒီမှာ"

ငွေရည် လက်ကလေးပြ၍ ကားသွင်းပြီး တိုက်ထဲ ဝင်လာခဲ့သည်။

စိတ်ပန်း လူပန်းနှင့် အဝတ်အစားလဲနေတုန်း...

"မင်း အမြဲ ဒီအချိန်ကျမှ ပြန်သလား"

"အို... ရှင် အသံမပေး ဘာမပေး"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငွေရည် တွေ့ရာအဝတ် ဆွဲခြုံ၍ ကာကွယ်လိုက်ရသည်။

ဘုန်းစက် ရုတ်တရက်ဝင်လာပြီးသားဖြစ်သွားသည်မို့ သူလည်း အိုးတိုးအမ်းတမ်းဖြစ်ကာ ချာခနဲ ကျောခိုင်းပစ်သည်။

ဟင်း…

ငွေရည် အင်္ကျီဝတ်ပြီး သူ့ရှေ့ကျမှ မျက်စောင်းတည့်တည့်ထိုး၍ အပြင်ထွက်လာခဲ့သည်။

ကလေးဆန်စွာလုပ်သွားတဲ့ပုံကို ဘုန်းစက် ခပ်ရွှုံ့ရွှုံ့ကြည့်၍…

"မင်း ငါမေးတာ မဖြေသေးဘူးနော်"

ဘုန်းစက် ငွေရည့်ရှေ့မှာထိုင်၍ မကျေနပ်သံနှင့် ထပ်မေးသည်။

"ဟုတ်တယ်လေ၊ ဒါ ကျွန်မရုံးဆင်းတဲ့အချိန်ပဲ၊ ဘာဖြစ်လို့လဲ"

"ဒါဆို ကလေးက နေ့တိုင်း ကျောင်းမှာ မင်းကို ဒီလိုပဲ တစ်ယောက်တည်း စောင့်နေရတာပေါ့"

"ဟုတ်တယ်"

ဘုန်းစက်က ပိရိကျနသော နှုတ်ခမ်းတွေကို အတန်ကြာ တင်းတင်းစေ့ထား၍ ငြိမ်နေသည်။

"နောက်နေ့ကစပြီး မင်း အဲဒီအလုပ်ကို မလုပ်နဲ့တော့"

"အို… ဘယ်ဖြစ်မလဲ"





"ဘာဖြစ်လို့မဖြစ်ရမှာလဲ"

"ဒါ ကျွန်မ ရှယ်ယာပါထားတာ နည်းတာမဟုတ်ဘူးရှင့်၊ ဒီလုပ်ငန်းနဲ့ ကျွန်မတို့သားအမိ ရပ်တည်ခဲ့ရတာ"

"အခု ဘာလုပ်ငန်းနဲ့မှ ရပ်တည်ဖို့မလိုဘူး၊ မင်း ငါထားသလိုပဲ နေရမယ်၊ ငါပေးတာနဲ့ လောက်အောင်သုံး၊ ဘာမှစောဒကမတက်နဲ့"

"တက်မှာပဲ၊ လုပ်မှာပဲ၊ ရှင် ငွေရည့်ကို သက်သက်ဆရာကြီးလုပ်နေတာ"

မတ်တပ်လည်းထရပ်၊ ခြေလေးတစ်ချက်ဆောင့်၍ ပြောပုံလေးက ကျွန်မအစား သူ့ကိုယ်သူ ငွေရည်တဲ့။

ဘုန်းစက် ငွေရည့်ကို စူးခနဲ တစ်ချက်ကြည့်၍ မျက်နှာလွှဲပစ်လိုက်သည်။

"ဒီမှာ ဘုန်းစက်မင်း၊ ရှင် ငွေရည့်ကို ရှင့်အရှိန်အဝါနဲ့ ခြောက်လှန့်ဖို့ မကြိုးစားနဲ့သိလား၊ ငွေရည် ဘာစည်းစိမ်အပေါ်မှာမှ မသာယာဘူး၊ ကိုယ့်လုပ်အားကိုပဲ တန်ဖိုးထားတယ်"

"ဒါ မင်းမပြောနဲ့လေ၊ ကလေးပေါ်မှာ မိခင်ဝတ္တရားပျက်ကွက်တာတွေလည်း ပြန်ကြည့်ဦးမှပေါ့"

"ဘာမှမပျက်ဘူး၊ အခု ရှင်လည်းရှိတယ်၊ သားကို ကျောင်းပို့ ကျောင်းကြို ရှင်လုပ်ပေါ့၊ ငွေရည်က ရှင်တို့အသီးသီး အပြင်ထွက်သွားကြတာကို တံခါးကစောင့် လသာပြု၊ ပြီးတော့ မီးဖိုထဲဝင်၊ ပြီးတော့ ရှင်တို့အလာကို ဆက်ကြို၊



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချူးကျွေး၊ ဒီအလုပ်တွေနဲ့ပဲ နပန်းလုံးနေရမှာလား''

''ဟုတ်တယ်၊ ဒါအမှန်ပဲ၊ မင်း အဲဒီလိုပဲ နေရမယ်''

''မနေဘူး၊ လုံးဝမနေဘူး''

''မင်း လုပ်ကြည့်လေ''

ပြောပြီး သူက ခါးကြားထဲက ဖုန်းကို ကောက်နှိပ်နေသည်။

''ဟလို… ဦးကျော်လား''

ဟင်…

ငွေရည် ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိသည်။

ဦးကျော်ဆိုတာ ဦးကျော်နိုင်ထွန်းကို ခေါ်တာများလား။

သည်မျှ တရင်းတနှီး ဘယ်တုန်းက သိသွားရတာလဲ။

''ဟုတ်ပါတယ် ဦးကျော်၊ ဟဲ ဟဲ… ကြိုက်သလို သာ ပြောဗျာ၊ အင်း… ရတယ်၊ ရှယ်ယာကိစ္စက အေးဆေး ပါ၊ လောလောဆယ် နုတ်ထွက်ကြောင်း အသိပေးတာပါ''

သူ ဖုန်းပိတ်တော့ စူးစူးဝါးဝါး စိုက်ကြည့်နေသည့် ငွေရည့်ကို ဂရုမစိုက်စွာပြန်ကြည့်၍ ပခုံးတစ်ချက်တွန့်သည်။

''ရှင့်ကိုမုန်းတယ် သိလား၊ သိပ်မုန်းတယ်''

ငွေရည် အခန်းထဲပြေးဝင်သွားတော့ သူ ဟင့်ခနဲ ရယ်သည်။

''ဖေဖေ… မေမေ ဘာဖြစ်သွားတာလဲဟင်''

ဘောလုံးလေးပိုက်၍ ခြံထဲက ပြေးတက်လာသည့်





သားလေးက မျက်နှာငယ်လေးနှင့်မေးတော့ သူ သားကို ပွေ့ဖက်၍ နမ်းလိုက်သည်။

''ဘာမှမဟုတ်ပါဘူး သားသားရာ၊ သားသားမေမေက ဖေဖေ ရုပ်ရှင်လိုက်မပြလို့ စိတ်ကောက်သွားတာ''

''ဟင်… ဟုတ်လား၊ ဖေဖေက ဘာလို့လိုက်မပြတာလဲဟင်''

''ရုပ်ရှင်က အသစ်မတင်သေးဘူး သားသားရဲ့၊ အခု တင်နေတဲ့ကားက မကောင်းဘူး၊ သားသားမေမေက သက်သက်ဂျီကျတာ''

သားက သူ့မေမေ အလိုမကျဖြစ်သွားတာကို သိပ်သဘောကျပုံမပေါ်။ ဘုန်းစက် သားကို မေ့မေ့ပျောက်ပျောက်ဖြစ်အောင် အပြင်ဘက် ချီခေါ်လာခဲ့သည်။

''သားသားနဲ့ ဖေဖေ ဆိုင်ကယ်လျှောက်စီးရအောင်၊ သားသား စီးမယ်မို့လား''

''ဟုတ်''

သူ ဆိုင်ကယ်ထုတ်လာတော့ သားက ခါတိုင်းလို မျက်နှာမကောင်းရှာဘဲ

''နေဦး ဖေဖေ၊ မေမေ့ကို သားသားလေး သွားချော့လိုက်ဦးမယ်နော်၊ ဖေဖေပြောသလို နောက်ကားရုံတင်မှ ကြည့်ရအောင်လို့၊ သားသား သွားပြောလိုက်မယ်''

ဘုန်းစက် ခေါင်းခဲရလေပြီ။

''လာပါကွာ၊ သားသား မေမေ့ကို အပြန်ကျမှ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ချော့ပါ့မယ်နော်''

ဟူး… မလွယ်ပါလား။

✵ ✵ ✵

''မြေးလေးရေ''

''ဟာ… ဘွားဘွားတို့လာပြီ''

လက်ဖက်ရည်ဝိုင်းမှနေ၍ မြတ်ကိုမင်း ရုတ်ခနဲ ထပြေးသွားသည်။

ဘုန်းစက်နဲ့ ငွေရည်ပါ ထလိုက်ရလေသည်။

''ဘဘတို့ အကြောင်းမကြား ဘာမကြားနဲ့၊ ကလော က လာတာမို့လား''

''ဟုတ်ပဗျာ၊ ဟောဒီမှာ မင်းတို့ခွေးတော် သူ့မြေး ကျောင်းပိတ်ရက်ကို အလည်ခေါ်ချင်လို့တဲ့''

''ဟင်''

ငွေရည် မျက်နှာပျက်သွားသည်။

ဦးမင်းအောင်ထက်က မြေးကိုချီထားရင်း ပါးဖောင်း ဖောင်းလေးကို ဖိနမ်းလိုက်သည်။

''ဘယ်နှယ့်လဲ၊ မြေးလေး လိုက်မှာလား''

လိမ္မာလိုက်တဲ့ ကလေး…

မအေ့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအကြည့်က ငွေရည့်ဆီ ရောက်ကုန်ကြ၏။

"ဘယ့်နှယ့်လဲ၊ လူလေးကရော"

"သူ့မအေ သဘောပါပဲ ဘဘ၊ ကလေးကလည်း ဆန္ဒရှိတယ်ဆိုရင်တော့ ခေါ်သွားပါ"

ငွေရည် မတတ်သာ၍ ခေါင်းညိတ်ရပါတော့သည်။

"ခေါ်သွားပါ ဘဘ၊ ကျောင်းဖွင့်အမီ ပြန်ပို့ပေးပါနော်"

"အေးပါကွယ်၊ စိတ်ချ၊ ကဲ... ပြော၊ မြေးလေး လိုက်ချင်ရဲ့လား"

"လိုက်မယ် ဘိုးဘိုး"

"အေး... ဒါမှပေါ့ကွ"

ဘာရယ်မဟုတ်ဘဲ ခုလို သားလေး သူ့အဘိုးအဘွားတွေလက်ပေါ်မှာ ပျော်ရွှင်နေတာကိုမြင်ရတော့ ရင်ထဲမှာ တစ်မျိုးတော့ ချမ်းသာခဲ့ရသည်။

ကျောင်းက ဆယ်ရက်သာပိတ်တာမို့ သူတို့ ညပင်မအိပ်ဘဲ ကလေးကိုခေါ်၍ ပြန်သွားကြသည်။

"သားသားလေး... ဟိုမှာ လိမ်လိမ်မာမာနေနော်၊ မေမေ့ကိုလည်း မမေ့ရဘူး"

ကလေးဆန်စွာ မှာနေမိတော့ အနားမှာရပ်နေသည့် ဘုန်းစက် တစ်ဖက်လှည့်၍ ပြုံးလိုက်မိသည်။

တတွတ်တွတ် မှာနေလိုက်တာ ကားထွက်သွားမှာပဲ နားအေးတော့သည်။





"ဖေဖေရေ... တာတာ"

သူ ခေါင်းညိတ်၍ လက်ပြတော့ သားလေးက နှုတ်ခမ်းမှာ လက်ဝါးလေးကပ်၍ ဖလိုင်းကစ်လုပ်ပြသွားသည်။

"ဟ... မင်းက ဘာဖြစ်လို့ ဒီလောက်ငိုနေရတာလဲ"

သူမေးတာကိုမဖြေဘဲ ငွေရည် မျက်နှာကို လက်နှင့်အုပ်၍ ငိုနေဆဲ။

"ခရီးသွားတဲ့လူကို မင်္ဂလာမရှိ၊ မင်းက ဘာဖြစ်လို့ငိုရတာလဲ၊ ခဏတဖြုတ် အလည်သွားတာမဟုတ်ဘူးလား"

"ကျွန်မသား ကျွန်မ သတိရလို့ ငိုတာပေါ့၊ ရှင်အပူလား"

"မင်းကိုပူလို့ ပြောနေတာ မဟုတ်ဘူး၊ ကလေးအတွက် မင်္ဂလာမရှိလို့ ပြောတာ"

ငွေရည် ငြိမ်သွားသည်။

"ကဲ... ထ"

ဘုန်းစက် နာရီကို ငုံ့ကြည့်ကာ...

"ဘာလုပ်ဖို့လဲ"

"ဒင်နာ သွားစရာရှိတယ်"

"ရှင့်ဒင်နာ ရှင့်ဟာရှင် သွားပါလား"

"ဟ... နှစ်ယောက်လုံးကိုလာဖို့ ပြောနေလို့ပေါ့ကွ"

"ဟာ... ဒီမှာ ငိုချင်နေရတဲ့အထဲ၊ မလိုက်ချင်ဘူး"

"ငိုချင် ပြန်လာတော့ဆက်ငိုကွာ၊ ထဆို ထ"

သူ အတင်းထခိုင်း၍ ငွေရည် စိတ်မပါဘဲ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစား လဲရသည်။

"ဟာ… ဒင်နာသွားမှာကို ဒါကြီးနဲ့လား"

ထွက်လာတော့ ငွေရည်ရဲ့ ရင်စေ့နဲ့ ချိတ်ပန်းရောင်လေးကို ဘုန်းစက် ပြုံးတူးပြတဲကြည့်ကာ ရှုံ့မဲ့နေသည်။

"မျက်နှာကလည်း ပြောင်သလင်းခါနေတာပဲ၊ အခု သွားမယ့် ဒင်နာကို မင်းက ကလေကချေတွေစုဝေးနေတဲ့ နေရာလို့များထင်ထားလို့လားဟင်"

"ဒင်နာဟာ ဒီလောက်ဆိုပြီးတာပဲပေါ့၊ ဘာလဲ… ကျွန်မက မင်္ဂလာဆောင်မယ့် သတို့သမီးလို ပြင်ရမှာလား၊ ရှင် ကျွန်မကို မရွဲ့နဲ့နော်"

"ရွဲ့တာမဟုတ်ဘူးကွ၊ ဒီပုံစံနဲ့တော့ လုံးဝမဖြစ်ဘူး၊ နည်းနည်းဖြစ်ဖြစ် သွားပြင်ကွာ၊ အဲဒီပုံတုံးကြီးတွေ လဲပစ်လိုက်၊ ဘာလဲ… မင်းမှာ ဒါမျိုးတွေပဲ ရှိသလား"

ငွေရည်က နှုတ်ခမ်းလေးမဲ့၍ မျက်နှာကို မော့လိုက်သည်။

"ရတယ်၊ ရှင်သာ စိတ်ရှည်လက်ရှည် စောင့်"

ပြောသွားသည့်အတိုင်း တကယ့်ကို အတော်ကြီးကြာမှကို ထွက်လာသည်။

ပြင်စရာမလိုသည့်မျက်နှာမှာ အနည်းငယ် အရောင်တင်ပေးလိုက်သည်နှင့် ငွေရည့်မျက်နှာလေးက ပန်းသွေးရောင်ပြေး၍ နှုတ်ခမ်းထူပြည့်ပြည့်လေးတွေက စိုလက်လှပနေသည်။

အနက်နဲ့အပြုရောနေသည့် ငွေခြည်ထိုးဇာဝမ်းဆက်





ကိုယ်ကျပ်ဝတ်စုံလေးနှင့် ကိုယ်လုံးလေးက ကောက်ကြောင်းအတိုင်း အချိုးကျကာ ထင်းရှင်းနေ၏။

ဆံပင်တွေကို မျက်နှာမှ အပြောင်သိမ်းယူကာ နောက်ဖက် ခပ်မြင့်မြင့်မှာ သာရေးကွင်းလှလှလေးနှင့် စုချည်ထား၍ နားသယ်စပ် ဆံစပါးလေးတချို့ကို ခပ်မျှင်မျှင်ဆွဲချထားသည်က ရှတိုင်လ်တစ်မျိုးဖြစ်ကာ ကြည့်ကောင်းနေလေသည်။

ခပ်နိမ့်နိမ့် ဒေါက်မြင့်ဖိနပ်အနက်ရောင်နှင့် လက်ကိုင်အိတ်အနက်ကို ကိုင်ထားလျက် ဘုန်းစက်ရှေ့ထိ လျှောက်လာသည်။

အနက်ရောင် အနောက်တိုင်းဝတ်စုံဝတ်ထားသည့် ဘုန်းစက်နှင့် ဝတ်စုံချင်း ထူးဆန်းစွာ တိုက်ဆိုင်နေသည်မို့ ငွေရည် နည်းနည်းတော့ အံ့သြသွားမိသည်။

ငွေရည်ထွက်လာတော့ သူက တစ်ချက်လှမ်းကြည့်၍ အနားရောက်တော့ တစ်ခါတည်း ထရပ်သည်။

"နဲ့"

"ရှင်… လာပါပြီ အစ်ကိုလေး"

"ငါတို့ နည်းနည်းညစ်နက်မယ်၊ တံခါးသော့ခတ်ထား"

"ဟုတ်ကဲ့"

နှစ်ယောက်သား အပြင်ထွက်လာတော့ ပြဿနာတက်ရပြန်သည်။

"အဲဒါကြီး ကျွန်မ မစီးတတ်ဘူး၊ ကားနဲ့သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဂရုမစိုက်စွာ ဆိုင်ကယ်ကို ငွေရည့်နားမှာ ထိုးရပ်၍ ခွထိုင်သည်။

"တက်ကွာ… မြန်မြန်"

"ဟင့်အင်း… ရှင် ရှေ့ကသွား၊ ငွေရည် နောက်က ကားနဲ့လိုက်ခဲ့မယ်"

"ဖြစ်မလားကွ၊ ကြာတယ်၊ တက်ကွာ"

ငွေရည် ဘာပဲလုပ်လုပ်၊ ဆန္ဒရှိရှိ မရှိရှိ သူ့သဘောအတိုင်း၊ အားလုံးစွတ် အနိုင်ယူသွားတတ်တာက ကြာတော့ ငွေရည့်ရင်ထဲမှာ အဲဒီသေးသေးလေးတွေ စုဝေး၍ နာကြည်းစရာ ဖြစ်လာခဲ့တဲ့အထိ။

ဆိုင်ကယ် ဝေါခနဲထွက်လိုက်သည်နှင့် ငွေရည် သူ့ခါးကို ဖက်ထားလိုက်ရလေသည်။

"ဟလို… မစ္စတာ ဘုန်း"

သူတို့ကိုမြင်သည်နှင့် မျက်လုံးပြာနှင့် အသားနီနှစ်ဦး ထလျှောက်လာကြသည်။

သူတို့နောက်မှာ ငွေရည် မသိသော အနောက်တိုင်းဝတ်စုံနှင့် မြန်မာသုံးယောက် ကပ်ပါလာကြ၏။

"မောင်ဘုန်းစက်တို့ နောက်ကျလှချေလား၊ လာကွ၊ လာ… အားလုံးက မျှော်နေကြတာ"

ဘယ်သူ့ကိုမျှော်သည်လည်းတော့ မသိပါ။

ဒင်နာတစ်ခုလုံးမှာ ရှိသမျှမျက်လုံးတွေက ငွေရည့်ဆီမှာ တစိုက်မတ်မတ်…





"မစ္စတာဘုန်း၊ သူက ယူ့လေဒီလား"

"ရက်စ် ဘရာသာ"

ဘုန်းစက်က ငွေရည်ကို ညွှန်ပြကာ…

"နန်းငွေရည်"

"အိုး… ဘဲရီး ဗျူတီးဖူးလ်"

သူတို့ မိုးမွှန်အောင်ပြောနေကြတာတွေ ငွေရည်နားလည်လိုက်၊ မလည်လိုက်၊ ချပေးတဲ့ စားစရာတွေကလည်း ဘာတွေမှန်း မသိ။

တစ်ယောက်ပြီးတစ်ယောက် လာစကားပြောနေတာလည်း စိတ်ပျက်စရာ ကောင်းလှသည်။

ငွေရည်တို့လိုစုံတွဲတွေ အများကြီးပေမယ့် တစ်ယောက်နဲ့တစ်ယောက် သိကြတာလည်းမဟုတ်၍ မခေါ်မပြောဖြစ်ကြပါ။

ဒါပေမယ့် သူတို့က ငွေရည့်လို မဟုတ်။ အားလုံးနှင့် ရောခနောဖော်ရွေစွာ၊ ရယ်မော ပြောဆိုကြလို့။

ပြန်ချင်စိတ်နှင့် ငွေရည် သူ့ကိုရှာတော့ ဘယ်မှာမှ မတွေ့။

"ငွေရည်"

"ဟယ်… ရာဇာ၊ နင် ဒီပွဲကို လာတာလားဟင်"

ရုတ်တရက် ရာဇာကိုတွေ့၍ ငွေရည် ဝမ်းသာသွားရခေါ်မိပေမယ့် ရာဇာမျက်နှာက အရင်လိုမဟုတ်။

ငွေရည့်မျက်နှာကို စိုက်ကြည့်ကာ ကုလားထိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်သည်။

"ဘုန်းစက်မင်းဆိုတာ နင့်ယောကျ်ားလား ငွေရည်"

"အင်း"

ရာဇာ နှုတ်ခမ်းမဲ့သည်။

"အေးပေါ့လေ၊ နင်က ဂရိတ်တွေဝိုင်းဝိုင်းလည်နေတော့လည်း သက်ဦးလို ခပ်ပါးပါးကောင်ကို ဘယ်မှန်းပါ့မလဲ"

"မဟုတ်ဘူး ရာဇာ၊ ငါ နင်ထင်သလို မဟုတ်ပါဘူးဟယ်"

"ဘာမဟုတ်ရမှာလဲ၊ နင် သက်ဦးကိုကျတော့ ဘာမျက်နှာမှမထောက်ဘဲ အပြတ်အသတ်ခါချပစ်ခဲ့ပြီး ချက်ချင်းကြီး ဒီကောင့်ကိုကောက်လက်ထပ်လိုက်တာ အရှင်းကြီးပဲ"

"အဲ... အဲဒါလေ..."

"ဪ... မင်းက မိတ်ဆွေတွေ့နေတာကိုး"

ရုတ်တရက် ဘုန်းစက် ပြန်ရောက်လာသည်။

အချိန်မီ မပြုပြင်လိုက်နိုင်သည့် ရာဇာမျက်နှာခပ်တင်းတင်းနှင့် ငွေရည့်ရဲ့ ချောက်ချားသွားတဲ့မျက်ဝန်းလေးတွေကို သူ စူးခနဲ တစ်ချက်ကြည့်ကာ ရာဇာပခုံးကိုဖက်လိုက်သည်။

"ကိုယ့်ကိုလည်း မင်းမိတ်ဆွေနဲ့ မိတ်ဆက်ပေးဦးလေ နန်းငွေရည်"

"သူ... သူက ဟို... ရာ... ရာဇာ"

ဘုန်းစက် မျက်နှာမည်းခနဲဖြစ်သွားကာ ချက်ခြင်းပြုံး





၍ ဖျောက်ပစ်လိုက်သည်။

"ရာဇာတဲ့လား၊ လာ... ကိုယ်တို့ ဟိုမှာ မိတ်ဆက်ကြရအောင်"

ရာဇာကို ခပ်တင်းတင်းဖက်၍ ဆွဲခေါ်သွားတာ လူတွေ ရှိတဲ့နေရာကိုမဟုတ်။ ငွေရည် စိတ်ပူပန်စွာ လိုက်သွားချင်ပေမယ့် လူတွေ သတိထားမိကုန်မှာစိုး၍ ကိုယ်ရှိန်သတ်နေလိုက် ရသည်။

တအောင့်ကြာတော့ ဘုန်းစက်တစ်ယောက်တည်း ပြန်ရောက်လာ၏။

မျက်နှာက နီရဲတင်းမာလျက်...

ငွေရည့်လက်ကို ဆောင့်ဆွဲသည်။

"လာ... ပြန်မယ်"

တချို့က အကဲခတ်၏။ သူ ဘာကိုမှ ဂရုမစိုက်။

ဘယ်သူ့ကိုမှလည်း နှုတ်မဆက်ဘဲ ငွေရည့်လက်ကို တမင်နာအောင် ဆုပ်ညှစ်၍ ပြန်ချလာခဲ့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

"ဘုန်းစက်… ရှင် ဘာဖြစ်လာတာလဲဟင်"

အိပ်ခန်းထဲရောက်တော့ တံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်ကာ ငွေရည့်ကို အိပ်ရာပေါ် ဆောင့်တွန်းပစ်လိုက်သည်။

"ငါ ဘာဖြစ်လာနိုင်တယ်ဆိုတာ မင်း သိကိုသိရမယ် နန်းငွေရည်၊ အေး… ဒီနေရာမှာ ရာဇာဖြစ်နေလို့၊ သက်ဦးဆိုရင် ဘုန်းစက်မင်းနဲ့ပတ်သက်တဲ့နား လုံးဝမသိရဲအောင် ဖွပစ်လိုက်တယ်"

ငွေရည် ပက်လက်လဲကျနေရာမှ ထထိုင်ကာ

"ရာဇာကို ရှင် ဘာလုပ်ပစ်ခဲ့လဲဟင်၊ လူထဲ သူထဲမှာ ကျွန်မတို့ ရိုးရိုးသားသား စကားပြောတာကို ရှင် ရမ်းကားလှချေလား"

"ဘာ… ဘာရိုးသားတာလဲ၊ သူများမယားကို အိမ်တိုင်ရာရောက် လာခိုးထုတ်ရဲတဲ့ကောင်မျိုးကို ငါက ဂုဏ်ပြုပန်းကုံးတွေ ဘာတွေ စွပ်ပေးရဦးမှာလား၊ ဒီမှာ ငွေရည်၊ အဲဒီကောင်တွေလက်ချက်နဲ့ ကိုကိုသေခဲ့ရတာ ငါသိတယ်၊ မျက်နှာများချင်တဲ့မင်းကြောင့် ကိုကိုသေခဲ့ရတာ မင်းဝန်ခံရဲ





လား"

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ ရှင်… ရှင့် လူတစ်ယောက်ရဲ့ စာရိတ္တကို အခြေအနေတစ်ခုပေါ်မှာကြည့်ပြီး စွတ်ပြတ်သွားအောင် ရှုံ့ချတာ သိပ်ကိုလွန်တယ်ပဲ သိလား"

"မင်း တော်စမ်း"

ဘုန်းစက် ခုတင်ပေါ် ဖွေ့ခနဲရောက်လာကာ ငွေရည့် မျက်နှာကို လက်တစ်အားနှင့်ဆွဲလှည့်၍ ရိုက်ချရန် ရွယ်လိုက်သည့် လက်ကြီးက ကြောက်မက်ဖွယ်။

ငွေရည် မျက်လုံးတွေမှိတ်ချကာ အံကြိတ်လိုက်သည်။

"ရိုက်ချလိုက်စမ်းပါ ကိုဘုန်းစက်ရယ်၊ ရှင့်စကားလုံးတွေက ရိုက်တာထက်တောင် နာဖို့ကောင်းပါတယ်၊ ရိုက်လိုက်စမ်းပါ"

"တောက်"

ဘုန်းစက် ငွေရည့်ကို ဆောင့်တွန်းပစ်ကာ ရှူးရှူးရှားရှား ထထွက်သွားသည်။

ငွေရည် မျက်ရည်တွေ တစ်ရစ်ချင်း ဝေ့တက်လာ၏။

ကျွန်ခဲ့တဲ့အတိတ်ကို ဘာနဲ့ဆေးကြောပစ်ရမလဲ။ ဘာနဲ့လဲယူရမလဲ။

ရက်စက်လိုက်တာ…

ကိုယ့်ကိုယ်ကို ကံဆိုးလွန်းတဲ့မိန်းတစ်ယောက်အဖြစ် ရှိုက်ငင်ငိုကြွေးရုံမှလွဲ၍ ငွေရည် ဘာမှမတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com

"နုနု"

"ရှင်… လာပါပြီ"

"နှင့်မမ ဘယ်သွားလဲ"

"အပြင်ထွက်သွားပါတယ်"

"ဘယ်ကိုသွားတာလဲ"

"ဟို… ကလေးအင်္ကျီတွေ သွားရွေးဖို့ဆိုလား"

ဘုန်းစက်မျက်နှာကြီးက မှုန်ကုတ်ကုတ်ရှိဆဲ…

"ပြန်လာရင် ပြောလိုက်၊ ညနေ ခြံထဲမှာ ဒင်နာလုပ်မယ်လို့၊ သိပ်အများကြီးတော့မဟုတ်ဘူး၊ လူဆယ့်ငါးယောက်လောက်ပဲ၊ အဲဒါ သေသေချာချာ စီစဉ်ထားပါလို့၊ ကြားလား"

"ဟုတ်ကဲ့ရှင်"

ကားမောင်းထွက်လာခဲ့သည့်တိုင် စိတ်ကမကြည်။

ဒီမိန်းမ သူ့ အိမ်မှာမရှိနေမှ အပြင်ထွက်တာကို သူမကြိုက်ပါ။

နန်းငွေရည်ကို အသေရရ အရှင်ရရ ကတွတ်ပေါက်ဝ





က ဗျိုင်းစောင့်သလိုစောင့်နေတဲ့ ပုဂ္ဂိုလ်တွေက အများကြီး။

"မင်း ငါ့ကို လာရမ်းမနေနဲ့ ဟော့ကောင်၊ အစကတည်းက သက်ဦးနဲ့ငွေရည်က ချစ်သူတွေ"

"ဟော့ကောင်"

ရာဇာဆိုတဲ့ကောင် ပြောတဲ့စကားတွေက ခုထိနားထဲက မထွက်။

*"အဲဒီမိန်းကလေးအပေါ် မင်းအစ်ကိုက သိပ်ကို တယုတယ မြတ်နိုးရှာတာ"*

*"သူခေါ်လာတော့ ဟိုမှာ မင်္ဂလာဆောင်နေတုန်းလေ၊ ဒီကို မင်္ဂလာဝတ်စုံကြီးနဲ့ လူလေး မေ့ဆေးပေးပြီး နိုးလာခဲ့တာ"*

ဘဘ သူ့ကို အားလုံး ပြောပြခဲ့သည်။

*"ဒါပေမယ့် မိန်းကလေးကို သူ အစမှ မသိမ်းပိုက်ခဲ့ဘူး၊ ဘဘကိုယ်တိုင် တိုက်တွန်းတာတောင် သူ ခေါင်းခါခဲ့တယ်၊ လူလေးဟာ ဒီမိန်းကလေးရဲ့အချစ်ကို ရှုရှုမူမူးကို လိုချင်ခဲ့ရှာတယ်"*

ကားမောင်းရင်း သူ့စိတ်တွေက ဘဘပြောတဲ့စကားတွေဆီ ရောက်နေသည်။

"လူလေးရဲ့သန္ဓေသားကို ကိုကြီးရဲ့ မျှော်မြင်မှုနဲ့ ဘဘတို့ ကြိုတင်ထုတ်ယူထားနိုင်ခဲ့တယ်၊ ဒီကိစ္စကိုသိတာ ဘဘတို့ညီအစ်ကိုနဲ့ ပါရဂူကြီးနှစ်ယောက်ပဲ သိကြတယ်၊ ကာယကံရှင်ကိုယ်တိုင်တောင် မသိရှာပါဘူးကွယ်၊ ကိုကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးရဲ့ကံကြမ္မာဟာ မလွဲမသွေ ဒီတိုင်းဖြစ်လာမှာပဲဆိုတာ သူ့ပညာ၊ သူ့အာရုံမှာ ထင်ထင်ရှားရှား သိနေတယ်၊ ဒါကြောင့် ဒီလိုစီစဉ်ခဲ့တာပေါ့''

ဖြစ်ရလေ ကိုကိုရယ်....

သူ ဒီအကြောင်းတွေကို မတွေးဘဲ မေ့ထားခဲ့တာပါ။

ဒါပေမယ့် သက်ဦး၊ ရာဇာဆိုတဲ့ ညီနောင်က အတိတ်က ကျန်ခဲ့တဲ့ အမှိုက်တစ်စလို ပစ္စုပ္ပန်မှာ လွန်စွာအနှောင့်အယှက် ပေးလာခဲ့သည်။

*''မိန်းကလေးက လူလေးဆုံးသွားတော့မှ သူ တော်တော် စိတ်ထိခိုက်သွားပုံရပါတယ်၊ ဟိုကောင်နဲ့လည်း ပြန်မလိုက်ဘဲ လူလေးရဲ့သန္ဓေကိုလွယ်ဖို့ သဘောတူခဲ့တယ်၊ ဒါပေမယ့် မွေးဖွားပြီးတာနဲ့ မိခင်စိတ်ဝင်ပြီး သူ့ကလေးကို လုံးဝမပေးခဲ့ဘူး၊ ရွှေ၊ ငွေ၊ ရတနာ ဘာနဲ့မှ သိမ်းသွင်းလို့မရဘဲ နောက်ဆုံး ကလေးကိုခေါ်ပြီး ထွက်ပြေးလိုက်တာ ဘယ်မှ စုံစမ်းမရတော့ဘဲ အခု ကလေးသုံးတန်းရောက်နေမှ တွေ့ရတော့တယ်''*

မီးပွိုင့်နီသွားသည်မို့ ကားကို အရှိန်လျှော့ချလိုက်ရသည်။

''ဂလေးကလည်း မအေနဲ့ခွဲမရဘူး၊ သူကလည်း အသေခံပြီး ဖက်တွယ်ထားမယ့်ပုံပဲ၊ အဲဒါ လူလေး ဒီထဲကို ဝင်ပါမှဖြစ်တော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငွေရည်ဆိုတဲ့ မိန်းကလေးကို ဒီပြင် ယောကျ်ားတစ်ယောက်ယောက်နဲ့





လက်ထပ်သွားမှာမျိုး လုံးဝအဖြစ်မခံနိုင်လို့ပဲ''

ဘဘ သူ့ကို ဖုန်းနဲ့ပြောခဲ့သည်။

တနဲ့လည်း ပြောသည်။ ဓာတ်ပုံလေးတစ်ပုံပါ ထည့်ပေးခဲ့သေးသည်။ အဲဒီတော့မှ ကိုကို့ကို သေစေခဲ့တဲ့မိန်းမဆိုတာ သူပါလားလို့ ဘုန်းစက် တအံ့တသြ ဖြစ်ခဲ့ရသည်။

ကိုကိုဟာ မိန်းမတစ်ယောက်အတွက်နဲ့ အသက်သေရတာတောင် ပြုံးနိုင်ခဲ့သတဲ့။

ဘုန်းစက် အံကြိတ်၍ ဟင့်ခနဲ မဲ့သည်။

မင်း ငါ့ကြောင့် အမြဲစိတ်ဆင်းရဲနေစေရမယ် နန်းငွေရည်...

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

"ငွေရည်"

ငွေရည် လဲလျောင်းနေရာသို့ သူဝင်လာသည်။

"မင်း ရေမိုးမချိုးဘဲ ဘာလာလုပ်နေတာလဲ ငွေရည်"

"ကျွန်မ ခေါင်းတွေမူးနေလို့ ခဏလေးနားပါရစေ၊ ရှင် ထွက်သွားပါ"

"ဟ… ခုမှ ပွဲတောင်မစသေးဘူး၊ မင်း နားလို့ရမလား၊ ထကွာ… ရေသွားချိုးစမ်း"

ငွေရည် ဒေါသဖြစ်လွန်း၍ စကားလုံးတွေတောင် ရုတ်တရက် မထွက်။

"ဘာကြည့်နေတာလဲ၊ ထလေ"

"ရှင် တော်တော့်ကို ကိုယ်ချင်းစာတရား ခေါင်းပါးပါလားဟင်၊ ရှင့်အပေါင်းအသင်းတွေနဲ့ ရှင်ပျော်ပါးဖို့ လူဆယ့်လေးငါးယောက်စာ ဖွယ်ဖွယ်ရာရာတွေချက်ဖို့ ကျွန်မကို ခိုင်းတယ်၊ အစပ်မတည့်တိုင်း ပြင်ခိုင်းလိုက်၊ သဘောမကျတိုင်း





ပြန်ချက်ခိုင်းလိုက်၊ ပြီးတာတောင် နည်းနည်းမှမနားရဘူးဆိုတော့ ရှင် ကျွန်မကို ဘာမှတ်နေသလဲဟင်"

နွမ်းလျနေသည့် ငွေရည့်မျက်နှာကို သူ တစ်ချက်စိုက်ကြည့်သည်။

"ဒါ လိုအပ်လို့လုပ်ခိုင်းတာကွ၊ အလုပ်စုဖွဲ့ပြီး ပျော်ပါးတာ မဟုတ်ဘူး၊ ငါ အခု ကွန်ပျူတာအရောင်းခန်းတစ်ခုဖွင့်ဖို့ စီစဉ်ထားတာ၊ အားလုံးအဆင်သင့်ဖြစ်နေပြီ၊ သူတို့အားလုံး ငါ့အတွက် သိပ်လိုအပ်တဲ့လူတွေပဲ၊ မင်းက ငါ့မိန်းမ၊ ဒီကိစ္စတွေ မင်းလုပ်မပေးလို့ ဘယ်သူလုပ်ပေးမလဲ၊ သူတို့က ခင်ဗျားမိန်းမ ဘယ်မှာလဲလို့မေးရင် မင်းကို ငါက ဘယ်လိုပုံစံနဲ့ ထုတ်ပြရမှာလဲ"

"ဒီပုံစံနဲ့ပဲ ပြလေ၊ တစ်ခါတည်းပြောပြလိုက်ပေါ့၊ မိန်းမတော်ချင်တဲ့အချိန် မိန်းမ၊ အိမ်ဖော်လိုတဲ့အချိန် အိမ်ဖော်လို့"

"မင်း ငါ့ကို မရွဲ့နဲ့နော်"

"ရှင်သင်ပေးတာပဲ"

"ဟာကွာ… ရှုပ်တယ်"

"အို"

ငွေရည့်ကို သူ ဆတ်ခနဲကောက်ပွေ့ကာ ခေါ်ထုတ်သွားသည်။

"ရှင် ဘာလုပ်တာလဲ၊ လွှတ်… လွှတ်"

ရေချိုးခန်းတံခါးကို နောက်ပြန်ကန်ပိတ်၍ သူ ရေယန်း



www.burmeseclassic.com

www.burmeseclassic.com



ကို မှိုင်ကုန်ဖွင့်ချလိုက်၏။

"ရှင်… ရှင်… သက်သက်အနိုင်ကျင့်တာ၊ သွား… မကိုင်နဲ့၊ သွား"

ဒလဟောကျနေတဲ့ ရေပန်းအောက်မှာ ငွေရည့်ကို မရုန်းနိုင်အောင် ဖမ်းချုပ်၍ ရပ်ခိုင်းထားသဖြင့် သူ့ကိုယ်ပေါ်မှာပါ ရေတွေရွှဲကုန်၏။

"မုန်းတယ်၊ ရှင့်ကို သိပ်မုန်းတယ်၊ သွား… ထွက်သွား"

ငွေရည် အတင်းထုရိုက်တွန်းထုတ်နေတာကို သူ ခံနေသည်။

ဖားလျားကျနေသည့်ဆံပင်တွေအားလုံး ရေစိုရွှဲကပ်လျှက် မျက်ခုံးထူထူလေးတွေ၊ မျက်တောင်ကော့ကော့လေးတွေမှာ ရေစက်တွေ တင်နေတာ…

အဝတ်အစားတွေ ရေစိုတော့ အသားပေါ်မှာ ဖိကပ်၍ အမို့အမောက်၊ အရှိုက်အဝန်းတို့နှင့် ကိုယ်လုံးလေးက ရင်ခုန်မြန်အောင် လှနေတာ…

ဘုန်းစက် ကိုယ့်ကိုယ်ကို သတိမထားမိခင်မှာ ခုန်နေသည့်ရင်က ထိန်းမရ။

မင်း သိပ်ကိုလှပါလား နန်းငွေရည်…

သူ မျက်နှာလွှဲ၍ ဆတ်ခနဲ လှည့်ထွက်လာခဲ့သည်။

အခန်းဝမှာ နုနုနှင့် ရုတ်တရက်ဆုံတော့ ရေစိုရွှဲသော အဝတ်စားသစ်များနှင့် သူ့ကို နုနု မျက်လုံးပြူးလေးနှင့်ကြည့်





သည်။

ထူထူပူပူနှင့် အခန်းထဲပြန်ရောက်လာတော့ ရေစိုအဝတ်အစားတွေနှင့် သူ ငိုင်ငိုင်ကြီး ရပ်နေမိသည်။

ဘာဖြစ်တာလဲ…

ခုထိ တုန်လှုပ်နေဆဲ သူ့ရင်ခုန်သံကို သူ မကျေနပ်။

မဖြစ်ရဘူး။ ဒီမိန်းမဟာ သူ့အလှနဲ့ ယောက်ျားတွေကို သေစေခဲ့တာ။ အဲဒီရူးသွပ်တဲ့ယောက်ျားတွေထဲမှာ ငါ မပါဘူး။

ဘုန်းစက် အင်္ကျီတွေချွတ်၍ တွေ့ရာပစ်ပေါက်လိုက်သည်။ အနားမှာရှိသမျှ ပစ္စည်းအားလုံးကို ဒေါသတကြီး ကန်ပစ်၏။

သူ စိတ်ကူးတွေ တပွေ့တပိုက်နဲ့ မြန်မာပြည်ကို ခြေချလာခဲ့တာ ဒီမိန်းမကို ရင်ခုန်ဖို့လား။

သွားစမ်းကွာ…

တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ကာ အပြင်ကို တောက်လျှောက်ကြီးထွက်ချလာ၍ အသင့်ရှိနေသော ဆိုင်ကယ်ကို ဝေါခနဲ ဆောင့်ထွက်ခဲ့သည်။

အဲဒီလောက်ထိ ကိုယ့်ကိုယ်ကို ဒေါသဖြစ်ခဲ့တာ။

ကိုယ့်ရဲ့ဆုံးဖြတ်ချက်တိုင်းဟာ ဘာကြောင့်မခိုင်မြဲခဲ့တာလဲ။

ကိုယ်လုပ်ချင်တာကိုလုပ်ဖို့ မည်သည့်အရာကနှောင့်ယှက် ဖျက်ဆီးနေပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသမြစ်တစ်စင်းက အရှိန်ဟုန်ပြင်းစွာ စီးဆင်းနေဆဲ…

ဆိုင်ကယ် လေတဟူးဟူးထဲမှာ ကိုယ့်ကိုယ်ကိုယ် မကျေနပ်သော ခံပြင်းခြင်းတို့က ရောထွေးမှိုင်ပျလျက်နှင့်။

ကိုယ်ပစ်လိုက်တဲ့မြားချက်တွေဟာ သူ့ဆီမရောက်ဘဲ ကိုယ့်ဆီ ပြန်ပြန်လာနေတာ ဘယ်လိုရှောင်ရမလဲ။

- ငါမသိသော်လည်း
  သင့်ကို နာကျင်အောင်လုပ်တိုင်း
  သင်သည်
  ငါနှင့် ပို၍နီးစပ်လာ၏။
  သင့်ကို ရှုံးနိမ့်သွားအောင်
  ငါတိုက်လိုက်သောအခါတွင်
  ငါသည် သင့်ကို
  အရှင်သခင်အဖြစ် ပိုင်ဆိုင်ခဲ့၏။
  သင့်ကို ငါ တိတ်တဆိတ်
  လုယူသည့်အခါတွင်
  သင့်အပေါ်တွင်တင်သည့်
  ငါ့အကြွေးသည် ပို၍ကြီးလာသည်။
  သင့်ရေစီးကြောင်းများထဲ၌
  ငါ့မာနဖြင့် သင့်ကို
  ဆန့်ကျင်တိုက်ခိုက်သောအခါတွင်
  သင်၏ခွန်အားတို့သည်

သစ္စာမှန်စာပေ



ငါ့ရင်တွင်းတွင်
လာရောက်စုဝေးကြကုန်၏။

တဂိုး။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်းပါဦး ကိုစိုင်းလှူရယ်၊ မြေးလေး ပျော်နေလိုက်တာနော်၊ အဲဒီလိုသာ မြေးလေး ကျွန်မတို့ဆီမှာ ထာဝရ ရှိနေရင် ဘယ်လောက်ကောင်းမလဲဟင်"

ယုန်သားအမိန့် ဆော့နေတဲ့ မြတ်ကိုမင်းလေးကို သူတို့ မလှမ်းမကမ်းက ငေးကြည့်နေကြရင်း မျက်နှာတွေမှာ ကြည်နူးပီတိတွေ ဖြာနေကြသည်။

"ဆန္ဒမစောပါနဲ့ဗျာ၊ အချိန်တန်တော့ သူ့ဟာနဲ့သူ ဖြစ်လာမှာပါ"

"ဘယ်လို... ဘယ်လို၊ ရှင် ဘာပြောတာလဲ"

"ဪ... အဓိက,က ကလေးကို ဒီမှာပျော်အောင်ထားနိုင်ဖို့ပါပဲ၊ မောင်ဘုန်းစက်နဲ့ ငွေရည်တို့လည်း အဆင်ပြေနေကြပြီဆိုတော့ သူတို့လည်း တစ်နေ့ သားတွေ သမီးတွေ ရလာမှာပဲ၊ အဲဒီအချိန်ကျတော့ ကျုပ်တို့ကိုလည်း ခင်တွယ်နေပြီဖြစ်တဲ့ မြေးလေးဟာ အလိုလို ကျုပ်တို့ရင်ခွင်ထဲ ပြန်ရောက်လာမှာပါ"





သူတို့ ကိုယ့်အတွေးနှင့်ကိုယ် သက်ပြင်းကိုယ်စီ ချနေမိကြသည်။

"ခုပဲကြည့်လေ၊ ညအိပ်ရာဝင်တဲ့အချိန်ကလွဲပြီး ကလေးမျက်နှာလေးဟာ အမြဲပြုံးပျော်နေတာပဲ၊ ဒါ ပထမဆုံး မိခင်နဲ့ ခွဲခွာမှုပဲ ရှိသေးတယ်၊ နောက်ကို ဒီထက်ပိုလာမှာပါ"

"ဟုတ်တယ်နော်၊ ကျွန်မတို့ဘက်က ကလေးပျော်အောင် ဒီထက်ဆွဲအားကောင်းတဲ့ ပြင်ဆင်မှုတွေ လုပ်ထားမှ ဖြစ်မယ်၊ အင်း... ယောက်ျားလေးဆိုတော့ စွန့်စွန့်စားစား စိတ်ဝင်စားစရာလေးတွေ ပိုသဘောကျမှာ"

"ဟုတ်တာပေါ့၊ မနက်က ကိုထက်နဲ့ မြင်းစီးတုန်းက မြေးလေး ခုန်ပေါက်ပြီး ဘယ်လောက်ပျော်နေလိုက်သလဲ"

"ဟုတ်ပြီ၊ ခြံထဲမှာ မြေးလေးနဲ့ဆော့လို့ရတဲ့ တိရစ္ဆာန်လှလှလေးတွေ၊ ယဉ်ပါးလိမ္မာတဲ့သတ္တဝါလေးတွေ ဖန်တီးရမယ်၊ ငွေဘယ်လောက်ကုန်ကုန် ရှင်တို့စီစဉ်ကြစမ်းပါ"

"စိတ်ချ၊ အားလုံး ဖြစ်စေရမယ်"

ဒေါ်မြင့်မြတ်အေး ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်မဆုံး ဖြစ်နေရသည်။

ကြည့်စမ်းပါဦး။

ဘယ်နေရာလေးကပဲကြည့်ကြည့်၊ တကယ့်ကိုလှလေး ဘုန်းမြတ်မင်းအတိုင်း။

"မြေးကိုကြည့်ပြီး ဘာတွေတိုင်ပင်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းအောင်ထက်ရောက်လာတော့ သူတို့ပြောကြတဲ့ အကြောင်းကို ပြန်ပြောဖြစ်ကြပြန်သည်။

ဦးမင်းအောင်ထက် ခေါင်းညိတ်သည်။

"လူလေး မောင်ဘုန်းစက်လည်း ကျုပ်တို့ထင်တာထက် ပိုထက်မြက်တယ်ဗျ။ အခု ကွန်ပျူတာခန်းမကြီးဖွင့်ထားလိုက်တာ ဟီးနေတာပဲ၊ အပြင်အဆင်၊ အခမ်းအနားအားလုံးတောင့်တယ်၊ အဲဒီမှာ အားလုံး လူတော်လေးတွေချည်းပဲ၊ ပြီးတော့ အမျိုးသားဖက်ရှင်လုပ်ငန်းအတွက်လည်း အတော်ကြီးကြီးကျယ်ကျယ်လုပ်ဖြစ်ဖို့ လျာထားသေးတယ်"

"တို့ မောင်ဘုန်းစက်က မိန်းကလေးကို ကြင်နာရဲ့လား၊ ဟိုမိန်းကလေးကရော"

"အင်း... သိပ်မဆိုးဘူးလို့တော့ ထင်ရတာပဲ၊ မောင်ဘုန်းစက်ဟာ လူလေးလိုတော့ သိပ်စိတ်ကူးယဉ်မဆန်တတ်တာ သေချာတယ်၊ သူက လက်တွေ့သမား"

"ဟုတ်တယ်၊ ရုပ်ချင်းဆင်ပေမယ့် စိတ်က တော်တော်မတူတာ၊ လူလေးက နေရာတကာ ရဲရင့်ပြတ်သားပြီး အချစ်ရေးမှာ သိပ်ကိုပျော့ညံ့ရှာတာ"

အပြစ်တင်ဖို့ဟာတောင် ဒေါ်မြင့်မြတ်အေး မတင်ရက်ရှာပါ။

ဘုန်းမြတ်မင်းအပေါ် အဲဒီလောက်ထိ ချစ်ခဲ့ရတာ။

❋ ❋ ❋



"မေမေ... မေမေ... ဘွားဘွားကြီးတို့ခြံကြီးထဲမှာလေ စီးလို့ရတဲ့မြင်းကြီးလည်းရှိတယ်၊ ယုန်မကြီးရယ်၊ သူ့ကလေးလေးတွေရယ်၊ နေက်လို့ခေါ်ရင် ညောင်လို့ထူးပြီး ပြေးပြေးလာတဲ့ ကြောင်မဲမဲကြီးတစ်ကောင်လည်း ရှိတယ်၊ ပြီးတော့ ကီးကီးဆိုတဲ့ ခွေးဖြူကြီးကလေ သားသားလေးနဲ့ ဘောလုံးကစားတတ်တယ် မေမေရဲ့၊ တအားချစ်ဖို့ကောင်းတာပဲ၊ ပြီးတော့ သူက သားသားလေးလိုပဲ နို့ သိပ်ကြိုက်တာ"

သားလေးပြောပြသမျှ နားထောင်ရင်း ငွေရည့်ရင်ထဲမှာ စိုးရိမ်စိတ်တွေ ဝင်နေမိသည်။

သားပြောသမျှ စကားထဲမှာ မေမေရယ်... မေမေ့ကို သားသားလေး လွမ်းလိုက်တာ။ အိမ်ကို တအားပြန်ချင်တာပဲ၊ ဘာညာဆိုတာမျိုးတွေ မပါပါလား။

"မေမေ"

"ဟင်"

"ခုတစ်ခါ ကျောင်းပိတ်ရင် ဘွားဘွားတို့ဆီ သွားမယ်နော်၊ မေမေပါ လိုက်ခဲ့ပေါ့၊ နော် မေမေ"

ငွေရည် ရင်နာရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သားလေး တကယ်ပဲ ဘိုးဘွားတွေကို ခင်တွယ်နေပြီ ကော။

သားကို သူတို့ နည်းမျိုးစုံနဲ့ သိမ်းသွင်းဖို့ကြိုးစားနေပြီ ဆိုတာ သိလိုက်ရပေမယ့် ဖွေရည် ဘာမှမတတ်နိုင်တော့ပါ။

"မေမေ… ဖေဖေရောဟင်"

"အိမ်ထဲမှာရှိမှာပေါ့ သားရယ်"

ဖအေကို တစ်ခန်းဝင် တစ်ခန်းထွက်လိုက်ရှာရင်း ပန်းချီကားကြီးရှိနေတဲ့အခန်းထဲမှာ ပန်းချီကားကို မျက်နှာမူ၍ ဒရင်းဘက်ဒ်ပေါ်မှာ ခပ်လျော့လျော့မှီထိုင်နေသည့် ဘုန်းစက်ကို မြတ်ကိုမင်း တွေ့သွားသည်။

"ဖေဖေ"

"ဟေ… သား"

ဘုန်းစက်ရင်ခွင်ထဲ ရွေ့ခနဲ ဝင်ထိုင်၍ မြတ်ကိုမင်း သူ့မအေရဲ့ ပန်းချီကားကြီးကို လက်ညှိုးထိုးကာ…

"အဲဒီ မေမေ့ပုံကို ဘွားဘွားတို့အိမ်မှာလည်း သားသားလေး တွေ့ခဲ့တယ် သိလား၊ အဲဒါ သားသားလေး ဖေဖေနဲ့ မေမေနေတဲ့အခန်းတဲ့၊ မေမေနဲ့ ဖေဖေ လက်ထပ်တော့ တွဲရိုက်ထားတဲ့ပုံတွေလည်း တွေ့ခဲ့တယ်၊ သိပ်လှတာပဲ၊ မေမေ က နှုတ်ခမ်းကြီးစူပြီး စိတ်ကောက်နေတယ်၊ ဖေဖေက ပြုံးလို့၊ ဖေဖေ… ဖေဖေ…"

"ဟင်"

"ဓာတ်ပုံထဲက ဖေဖေက ဖေဖေနဲ့ သိပ်တူတာပဲ၊





သားသားလေး ဖေဖေက ဓာတ်ပုံထဲက ဖေဖေဆိုရင် ဖေဖေ က သားသားလေး ဖေဖေမဟုတ်ဘူးလားဟင်"

ဘုန်းစက် မြတ်ကိုမင်း နှာခေါင်းချွန်ချွန်လေးကို ခပ်ဖွဖွ ဆွဲလိမ်၍ ရယ်လိုက်သည်။

"အတူတူပဲလို့ မှတ်ထားပေါ့ သားသားရ၊ ဓာတ်ပုံ ထဲက ဖေဖေနဲ့ အခုဖေဖေက မတူဘူးလား"

"တူတယ်"

"တူတာပေါ့ သားသားရဲ့၊ ဖေဖေတို့က ညီအစ်ကိုရင်း ပဲဟာ၊ အဲဒီတော့ ကိုကိုသားက ဖေဖေ့သားပေါ့၊ သားသားလေး ကို ဖေဖေက ချစ်တယ်လေ၊ မဟုတ်ဘူးလား"

မြတ်ကိုမင်း မျက်နှာလေး ဝင်းပသွားသည်။

"ဖေဖေ"

"ပြော"

"မေမေ့ကိုရော ချစ်လားဟင်"

ဘုန်းစက် ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွား သည်။

"ဘွားဘွားက မေးတယ်၊ ဖေဖေနဲ့မေမေ ချစ်ကြရဲ့ လားတဲ့၊ ရန်ဖြစ်ကြသေးလားတဲ့"

"အဲဒီတော့ သားသားလေးက ဘာပြောလိုက်လဲ"

"သားသားလေးက မသိဘူးလို့ ပြောလိုက်တာပေါ့၊ ဒါပေမယ့် ရန်တော့ဖြစ်တယ်လို့"

"ဟာ… ဘာလို့ အဲလိုသွားပြောလိုက်တာလဲ



www.burmeseclassic.com

www.burmeseclassic.com



သားသားရာ''

''ဟင်… သားသားလေးမှ မညာတတ်တာ၊ ဒါဆို ဆေးဆေးက မေမေနဲ့ရန်မဖြစ်နဲ့တော့လေ၊ မေမေ့ကို ချစ်လိုက်ပေါ့၊ ဒီတစ်ခါ သားသားလေးသွားရင် ချစ်သွားကြပြီလို့ ပြန်ပြောလိုက်မယ်''

''လူလည်လေး''

သားကို ပွေ့ဖက်၍ ဘုန်းစက် အသံထွက်အောင် ရယ်လိုက်မိသည်။

တကယ့်ကို သွက်လက်ချက်ချာ၍ ချစ်စရာကောင်းတဲ့ ကလေး။

☼ ☼ ☼

☼

ဆိုင်ကယ်ကို ဒေါက်ထောက်၍ ငွေရည်နဲ့ လူသုံးလေး ယောက်ရှိနေသော ခြံဝသို့ သူ ခြေလှမ်းကျဲကျဲနှင့် လျှောက် သွားသည်။

''ဘာလုပ်နေတာလဲ ငွေရည်''

''ဒီဘက်တစ်ခြမ်းကန့်ပြီး ဗျူတီပါလာတစ်ခု ဖွင့် မလို့''

''ဘာ… ဘယ်သူဖွင့်မှာလဲ''

''ကျွန်မဖွင့်မှာ''

ဘုန်းစက် မျက်နှာတင်းသွားသည်။

''မင်းက အလုပ်သမားတွေ ဘာတွေတောင် ခေါ်ပြီး ပြီကိုး၊ ငါလည်း ဘာမှမသိရပါလား''

''ရှင်က ဖျက်မှာပဲ မို့လား''

''ဟုတ်တယ်၊ မလုပ်ရဘူး၊ ငါသိလည်း ခွင့်မပြုဘူး၊ ခုလည်း ခွင့်မပြုဘူး၊ ဒီမှာ ခင်ဗျားတို့ ဒီနေ့ အလုပ်စခေါ်းတာ လား''



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားသုံးယောက်က ငွေရည့်မျက်နှာကို လှမ်းကြည့်ကြသည်။

"ဟုတ်ပါတယ်၊ ဒီနေ့ ခြံတံတိုင်း ဖြိုမှာပါ"

"မဖြိုဖြစ်တော့ဘူးဗျာ၊ ခင်ဗျားတို့ ပြန်ကြတော့"

သူ ဘောင်းဘီအိတ်ထဲက ငါးရာတန်သုံးရွက်ယူ၍ ကမ်းပေးလိုက်သည်။

အလုပ်သမားတွေ ခေါင်းညိတ်၍ ပြန်သွားကြသည်။

နှုတ်ခမ်းသားလေးတွေ လှုပ်ခတ်နေတဲ့အထိ အံကြိတ်ထားသည့် ငွေရည့်ကို ငုံ့ကြည့်၍ သူ လှည့်ထွက်လာခဲ့သည်။

ဘယ်အရာမှ မင်းစိတ်ကိုင်းကျ ဖြစ်ခွင့်မရဘူးဆိုတာ သဘောပေါက်စမ်း နန်းငွေရည်…။

❋ ❋ ❋

"မေမေ… သားသားလေး ဒီနေ့ စာမကျက်ချင်ဘူး"

"ဟင်… ဘာဖြစ်လို့လဲ သားရယ်"

သားလေးမျက်နှာ ညှိုးနေသည်မို့ ငွေရည် အမှတ်တမဲ့ နဖူးလေးကို စမ်းလိုက်မိ၏။

"အို… ကိုယ်တွေပူနေပါလား၊ သား… သားနေမကောင်းတာ ဘာလို့မပြောတာလဲ သားရယ်"

ငွေရည် သားကို ကောက်ချီ၍ ဆေးပုလင်းတွေရှိရာ ထွက်လာခဲ့သည်။

"ဆေးသောက်ရမယ်နော် သား"

"ဘာဆေးတိုက်မှာလဲ၊ ကလေး နေမကောင်းတာ ဆရာဝန်ခေါ်မှ ရမှာပေါ့"

ဘုန်းစက် ကလေးကိုယ်ကိုစမ်း၍ ဆရာဝန်ဆီ ဖုန်းဆက်သည်။

ပြီးတော့ ကလေးကို ပြောင်းယူချီလိုက်၏။

"သားသား နေ့လယ်က နေပူကြီးထဲမှာ ဆော့တာကိုး၊ အပူဝင်တာပေါ့၊ နောက်ကို နေပူပူ၊ မိုးရွာရွာ တရားလွန်မဆော့



www.burmeseclassic.com

www.burmeseclassic.com



ရှာဘူး သားရဲ့၊ မှတ်ထားနော်''

မျက်တောင်လေးတွေစင်းကာ သားက သူ့ပခုံးပေါ်မှာ မှေးမှိန်ရင်း ခေါင်းညိတ်သည်။

ဆရာဝန်လာတော့ အဖျားက တစ်ရှူတစ်ထိ တက်နေပြီ။ ဆေးထိုး၊ ဆေးတိုက်ပြီး ညအိပ်ရာဝင်တော့ သက်သာသလို ဖြစ်သွားပေမယ့် ညလယ်လောက်ကျတော့ ကိုယ်ပူတွေ ပြန်တက်လာသည်။

''သား''

ငွေရည် သားကို နဖူးပေါ် ရေခဲအုပ်ပေးရင်း မျက်ရည်တွေလည်း ကျနေမိသည်။

''ကလေးကို ရေခဲအုပ်ပေးတာ ဘယ်နှယ့်ရင်ခွင်ထဲ ဆွဲသွင်းထားရတာလဲ''

သောက်လက်စ စီးကရက်တိုကို ထိုးချေ၍ သူထလာသည်။

''နေပစေ၊ ဒါမှ ကလေးဆီက ကိုယ်ပူတွေ ကျွန်မဆီ ကူးမှာ''

''အဓိပ္ပါယ်မရှိတာကွာ၊ ကလေး လူပူမိမှာပေါ့၊ ချ… ချထား၊ လိုအပ်ရင် ဆရာဝန်ဆီ ဖုန်းဆက်မယ်''

ငွေရည် သားလေးကို အသာချ၍ ရှိုက်ငိုသည်။

တော်ပါသေးသည်။ သူတို့ ရေခဲကို နိုင်အောင်အုပ်၍ အပူပြန်တက်မလာတော့ဘဲ မနက်လေးနာရီ ထိုးသွားသည်။

ဟင်…





ငွေရည် ဆတ်ခနဲ လန့်နိုးကာ သားလေးကိုစမ်းတော့ အိပ်ရာထဲမှာ သားလေးမရှိ။

ငွေရည် ကပျာကယာ အပြင်ထွက်ခဲ့သည်။

ဧည့်ခန်းဆိုဖာပေါ်မှာမှီရင်း အိပ်ပျော်နေသည့် သူ့ရင်ဘတ်ပေါ်မှာ ရင်ချင်းအပ်၍ မှောက်လျက်ကလေး အိပ်ပျော်နေသည့် သားကို တွေ့လိုက်ရ၏။

သူ သားကိုတော့ တော်တော်ချစ်ရှာပါသည်။

ဒါကလည်း သူ့အစ်ကိုရဲ့သားမို့ နေမှာပါ။ စိတ်တို့က သူ့ဆို အကောင်းဘက်က မမြင်ချင်။

ငွေရည် နေရာမှထွက်ခဲ့ပြီး မျက်နှာသစ်၊ ခေါင်းဖြီးကာ မီးဖိုထဲဝင်သည်။ အတော်လေးကြာမှ ကလေးချီလျက် သူ ဝင်လာသည်။

''ကလေးအတွက် ဘာလုပ်ထားလဲ''

''ကြက်သားစွပ်ပြုတ်လုပ်ထားတယ်၊ သောက်တော့မှ အဖတ်တွေဖယ်ပြီး တိုက်မယ်''

ခေါင်းညိတ်၍ ဘုန်းစက် ပြန်ထွက်သွားတော့ ငွေရည် လိုက်သွားပြီး မျက်နှာသစ်ဖို့ ပြင်ဆင်ပေးလိုက်သည်။

ဘုန်းစက် တယ်လီဖုန်းဆက်နေပြီး…

''တော်ကြာ စာရင်းကိုင်ကောင်မလေးတစ်ယောက် လာလိမ့်မယ်၊ သူ့အတွက်ပါ စားဖို့သောက်ဖို့ စီစဉ်ထားဦး''

''ရှင် မသွားဘူးလား''

''မသွားတော့ဘူး၊ ခေါင်းတွေအုံနေတယ်''



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး အိပ်ရေးပျက်ထား၍ ဖြစ်ပေမည်။

သားအတွက် ကျောင်းမှာခွင့်တိုင်ရင်း ငွေရည် ဈေးတစ်ခါတည်းဝယ်လာသည်။ ရေခဲသေတ္တာထဲမှာ အားလုံးဖြည့်ထားပြီး မနက်စာအတွက် စီစဉ်၏။

ထိုစဉ် မီးဖိုပြတင်းမှနေ၍ ခြံထဲကို လှမ်းအကြည့်…

ဆံပင်ကုတ်ဝဲနှင့် အဝါရောင်တောက်တောက် အမျိုးသမီး ပုံရိပ်တစ်ခုကို မြင်လိုက်ရာ…

"နုနု… ခြံထဲမှာ ဘယ်သူလဲ"

"အစ်ကိုလေးညွှန့်သည်လေ၊ မမဈေးသွားတုန်းက ဝင်လာတာ၊ နုနုတောင် နွားနို့နဲ့မုန့် သွားပို့ရသေးတယ်"

"သူတို့ ဘာလုပ်နေကြတာလဲ"

"စာရင်းစာအုပ်တွေတော့ တွေ့တယ် မမ၊ နုနုလည်း မသိဘူး"

ချက်ပြုတ်ပြီး ငွေရည် ရေချိုးသည်။

ပြီးတော့ အနီရဲရဲ ရှန်သားလက်ပြတ် စပို့ရှပ်လေးကို ကချင်ထမီ အနီလေးနှင့်တွဲဝတ်ကာ လျှော်ထားသည့်ခေါင်းကို ဒီအတိုင်း ဖြန့်ချထားလိုက်၏။

ပြီးတော့ သားလေးရှိတဲ့အခန်းထဲကို ဆန်ပြုတ်ပန်းကန်လေးနှင့်ဝင်လာခဲ့သည်။

မြတ်ကိုမင်းလေးက တဒီးဒီးပျံတက်နေသော ရဟတ်ယာဉ်လေးနှင့် ဆော့လို့။

"သားရေ… ဆန်ပြုတ်သောက်ရအောင်"





"ဟင်"

မြတ်ကိုမင်း မျက်နှာလေးမဲ့၍ ခေါင်းခါသည်။

"သားသားလေး နွားနို့သောက်ချင်တာ"

"မတဲ့သေးလို့ပါ သားရယ်၊ မနက်ဖြန်ကျတော့ မေမေတိုက်မယ်နော်၊ ခုတော့ ဆန်ပြုတ်ပဲသောက်ပါ သားရယ်၊ လိမ္မာတယ်နော်၊ ဟောဒီမှာ မွှေးကြည့်စမ်း၊ ကြက်သားနံ့လေးကို မွှေးနေတာပဲ"

"ဟင်… မေမေ"

"ဘာလဲ သား"

"မေမေ ဘာလို့ သနပ်ခါးမလိမ်းတာလဲဟင်"

"မေမေက သနပ်ခါးရော၊ မိတ်ကပ်ရော၊ ဘာမှ မလိမ်းတတ်ဘူး သားရဲ့၊ ဘယ်တုန်းကမှလည်း မလိမ်းခဲ့ဘူး"

"ဒီမှာကြည့်စမ်း မေမေ"

"ဟင်"

အမွှေးထုထုနှင့် လွန်စွာ ကျက်သရေရှိနေသော သနပ်ခါးတုံးကြီး။

"ဒီသနပ်ခါးတုံးကြီးကို သားသားလေး ဘွားဘွားဆီက တောင်းလာတာ၊ မေမေ လိမ်းရမယ်"

"သားရယ်"

"ဟိုမှာ ကျောက်ပျဉ်လည်းရှိရက်သားနဲ့၊ လိမ်းပါ မေမေကလည်း၊ ဘွားဘွားကြီးကိုယ်မှာဆို သနပ်ခါးနံ့ကို မွှေးနေတာပဲ၊ မေမေ သနပ်ခါးလိမ်းတာ သားသားလေး တစ်ခါမှ

www.burmeseclassic.com



မမြင်ဖူးဘူး၊ လိမ်းပြပါ မေမေရာ”

“မေမေ သနပ်ခါးလိမ်းရင် သားသား ဆန်ပြုတ် သောက်ရမယ်နော်”

သားက ခေါင်းညိတ်သည်။

ငွေရည် ဆန်ပြုတ်မအေးခင် ပြီးပြီးတာပဲသဘောနှင့် သနပ်ခါးတုံးကို ရေပင်မဆေးနိုင်ဘဲ ကပျာကယာ ကောက်သွေး၍ မျက်နှာနှံ့လည်ပင်းတွေ၊ လက်တွေကို ဖြစ်သလို လျှောက်ပွတ်ပစ်လိုက်သည်။

“လာ မေမေ၊ သနပ်ခါးခြောက်အောင် သားသားလေး ယပ်ခတ်ပေးမယ်”

“အမလေး… မခတ်ပါနဲ့သားရယ်၊ အအေးပြန်ပတ်သွားပါ့မယ်၊ ဆန်ပြုတ်တွေအေးတော့မယ်၊ သောက်ရအောင်နော် သား”

“ဒီမှာရှိသေးတယ် မေမေရဲ့”

မြတ်ကိုမင်း ဘယ်တုန်းက အနားယူထားမှန်းမသိသော အနက်ရောင်ကျောပိုးအိတ်လေးထဲက နောက်ထပ်ပစ္စည်း တစ်ခုကို ထပ်ထုတ်နေပြန်သည်။

သွားပွတ်တံလေး…

“ဒါ သွားပွတ်တံမဟုတ်ဘူး မေမေ၊ ဘွားဘွား သနပ်ခါးလိမ်းပြီး မျက်ခုံးမွှေးခြစ်တာ၊ လာ… မေမေ့ကို သားသားလေး သနပ်ခါး ခြစ်ပေးမယ်”

“သားရယ်”





ရင်ထဲမှာ ကြည်နူးချမ်းမြေ့ခြင်းတို့ဖြစ်လျက် သားကို တအားငုံ့နမ်းပစ်လိုက်မိကာ မျက်နှာမော့ပေးလိုက်သည်။

သားက မအေလုပ်သူရဲ့ မျက်ခုံးထူနက်နက်ကလေး တွေပေါ်က သနပ်ခါးကို ပန်းချီဆရာကြီးတစ်ယောက်နှယ် စိတ်ရှည်လက်ရှည် ခြစ်ပေး၍

“ဟား ဟား… သနပ်ခါးလိမ်းလိုက်တော့ မေမေ တအားလှတာပဲ”

“ကဲ… သားသားလေး ကျေနပ်ပြီဆိုရင် ဆန်ပြုတ် သောက်ရမယ်နော်”

“ဟင်”

ပြုံးနေသည့် မျက်နှာလေး မဲ့ကျသွားပြန်သည်။

“ဟော့… သားသား၊ မညစ်နဲ့နော်၊ သနပ်ခါးလိမ်းဆိုလို့ မေမေက လိမ်းရတယ်”

ငွေရည် ဆန်ပြုတ်ပန်းကန်လေး ထယူသည်။

“ဟာ… ဖေဖေ လာပြီ”

“သားသား နေကောင်းသွားပြီလား”

“ကောင်းသွားပြီ ဖေဖေ၊ ဟိုမှာ မေမေ့ကိုကြည့်စမ်း”

သနပ်ခါးမှုံမှုံလေးနှင့် ရုက်ဝဲဝဲလေးဖြစ်… သော ငွေရည့်ကို ဘုန်းစက် အံ့သြဟန်ဖြင့် ကြည့်၏။

“မေမေ့ကို သားသားလေး သနပ်ခါး အတင်းလိမ်း ခိုင်းထားတာ၊ ဘွားဘွားကိုယ်က သနပ်ခါးနံ့လေးမွှေးလို့ မေမေ့ ကိုလည်း မွှေးအောင်လိမ်းခိုင်းတာလေ၊ မွှေးသွားပြီ သိလား၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ နမ်းကြည့်ပါလား"

"အို... သား"

ငွေရည် အယောင်ယောင် အမှားမှားနှင့် ဆန်ပြုတ်ပန်းကန်ကို ပြန်ချလိုက်မိသည်။

"မေမေ မွှေးအောင်လိမ်းခိုင်းထားတာ သားသားလေးတောင် မနမ်းရသေးဘူး၊ ဖေဖေ့ကို ဦးစားပေးထားတာနော်၊ နမ်းလေ ဖေဖေရ"

အနီရဲဝတ်စုံ၊ ဆံပင်ဖားလျားလေးနှင့် ငွေရည့်မျက်နှာလေးကို စိုက်ကြည့်၍ ဘုန်းစက် ဘာလုပ်ရမှန်းမသိ။

"အာ... ဟို... သားသား ဆန်ပြုတ်သောက်ပြီးပြီလား"

"မသောက်ချင်ပါဘူး၊ ဖေဖေ မေမေ့ကို နမ်းပြီးမှ သောက်မယ်"

ဘုန်းစက်မျက်နှာ မချိုမချဉ်နှင့် ခေါင်းကုတ်သည်။

ငွေရည့်မျက်နှာလေး နီတွတ်နေပြီ။

အပျက် အပျက်နဲ့ တကယ် ဖွတ်တရွတ်ပူဆာနေသည့်ကလေးကို စိတ်ဆိုးရခက်၊ ခွင့်လွှတ်ရခက်...

"ဖေဖေ"

"ဟင်"

"နမ်းလေ၊ မေမေ့ပါးကို ဖေဖေနမ်းမှ သားသားလေး ဆန်ပြုတ်သောက်မှာ"

"သား... သား ဘာတွေလျှောက်ပြောနေတာလဲ"





ငွေရည် ရှက်ရှက်နဲ့ ထွက်ပြေးဖို့အလုပ်...

ဘုန်းစက် သူမလက်မောင်းလေးကို လှမ်းဆွဲကာ ငုံ့မိုးလို့ စိုက်ကြည့်သည်။

အို... သားကြည့်နေတဲ့ရှေ့မှာ။

ငွေရည့်ရုန်းတော့ ဘုန်းစက်မျက်နှာ ငွေရည့်မျက်နှာလေးပေါ်မှာ ဖိကပ်သွားသည်။

သားလေးနမ်းခိုင်းလို့ဆိုတာကို ခဏလေး မေ့သွား၏။ မွှေးပျံ့၊ နူးညံ့နေသော ပါးပြင်လေးနှစ်ဖက်ကို မက်မောစွာ နမ်းရှိုက်လိုက်မိသည်။

နှုတ်ခမ်းလေးဆီ စိတ်ကအရောက်မှာ သတိဝင်လာ၏။

ငွေရည် သူ့ကိုတွန်း၍ ထွက်ပြေးသွားသည်။

"ဟေး... မေမေ ရှက်သွားပြီ၊ ဖေဖေနမ်းလို့ မေမေ ရှက်သွားပြီ၊ ဒါမှ တို့ဖေဖေကွ"

ဘုန်းစက် သားနဖူးလေးကို မနာအောင်ထိုးချလိုက်ကာ မျက်နှာနီနီနှင့် ရယ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"မင်း ဒီလောက်တောင် ကြောင်ရသလား သက်ဦးရာ"

"ဟုတ်တယ်၊ ငါကြောင်တယ်၊ ငါ သူကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူး"

ရာဇာ ဒေါသတကြီး ဝုန်းခနဲ ထရပ်သည်။

"သွားပြီ၊ ငွေရည်နဲ့ပတ်သက်ပြီး အားလုံး ရှုံးကုန်ကြပြီ၊ ဟိုတစ်ယောက်က သေသွားပြီ၊ ကျန်တဲ့တစ်ယောက်က အရှုး၊ နေပါဦး… ငွေရည့်မှာ ဒီလောက်တောင် စွဲလမ်းရအောင် ညှို့ငင်နိုင်တဲ့စွမ်းအား ရှိနေသလား"

"သူက မညှို့ပါဘူး၊ သူ့ရဲ့ညှို့ငင်ခြင်းကို ငါကိုယ်တိုင်က တောင့်တနေတာပါ"

"ဟာ… တောင့်တရအောင် ဟိုက နောက်ထပ်တစ်ယောက်နဲ့ လက်ထပ်ပြီးပြီလေ၊ အဲဒီတစ်ယောက်ကလည်း ကလေကချေကောင် မဟုတ်ဘူး၊ နိုင်ငံပေါင်းစုံ အားကစားအသင်းဝင်၊ ချမ်းသာတယ်၊ တောင့်တယ်၊ ဖြောင့်တယ်၊ အားလုံး မင်းထက်သာတယ်၊ ပြီးတော့ ဘုန်းမြတ်မင်းရဲ့ ညီအရင်း၊ ဟောဒီမှာ သူ့ရဲ့သွေးကြွေးလက်သီး၊ ငါ့မေးရိုး ခုထိ





ကောင်းကောင်းအထိမခံနိုင်သေးဘူး"

"ငွေရည်ဟာ သိပ်ကံဆိုးတဲ့ မိန်းကလေးပါ ရာဇာရာ၊ သူတကယ်ချစ်တာ ငါတစ်ယောက်တည်းကိုပါ၊ တကယ်တော့ မြမျိုးမြင့်မာန် မိသားစုတွေရဲ့ လက်ထဲမှာ ငွေရည်ခမျာ အမျိုးမျိုး အလှည့်စားခံနေရရှာတာ"

"ဟုတ်တယ်လေ၊ ထားလိုက်တော့၊ အဲဒါ တို့နဲ့မဆိုင်တော့ဘူး၊ သူကျေနပ်လို့ သူဆုံးဖြတ်တဲ့ကိစ္စ၊ ငွေရည် မင်းရှေ့မှာပဲ မင်းကို ရက်ရက်စက်စက် ငြင်းပစ်ခဲ့တာ ဒါပါနဲ့ဆိုနှစ်ခါရှိပြီ၊ သူ့ကောင်တွေလောက် ငါတို့မချမ်းသာပေမယ့် ကလေကချေကောင်တွေ မဟုတ်ဘူးကွ၊ မင်း ဒီလောက်ထိ ရူးဖို့မကောင်းဘူး"

"ငါ ငွေရည့်ကို ချစ်တယ်"

"မရတော့ဘူးလေ၊ ဘာလဲ… မင်းက ဘုန်းစက်မင်းလက်ထဲကနေ ပြန်ခိုးဖို့ ဒုတိယအကြိမ် စိတ်ကူးပြန်ပြီလား"

"တကယ်ဆို ငွေရည်က ငါ့ရဲ့သတို့သမီးပါ"

ရာဇာ စိတ်ပျက်စွာ ခေါင်းရမ်းမိလေသည်။

"မင်း ဘာဖြစ်လို့ ရာဇာဝင်ဟောင်းကြီးကိုပြန်ကောက်ချင်ရတာလဲ သက်ဦးရာ၊ ငွေရည်နဲ့ မင်း ဘာမှမဆိုင်တော့ဘူးဆိုတာ သဘောပေါက်စမ်းပါ"

"ဒါပေမယ့် ငါက ဒီလိုမထင်ဘူး၊ အခု ငွေရည်ရဲ့ သားလေးဟာ ဘုန်းမြတ်မင်းရဲ့သွေး၊ ငွေရည်နဲ့သားတဲ့သားလေး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ငွေရည်က ကိုယ်ဝန်အငှားလွယ်ပေးခဲ့တာ၊ မွေးလာတဲ့ ကလေးကို ပြန်တောင်းမရလို့ ကလေးလည်းမဆုံးရအောင်၊ ငွေရည်လည်း ဒီပြင်လူနဲ့မယူရအောင် ဘုန်းစက်မင်းနဲ့ အကင်းပေးစားခဲ့ကြတာ"

"နေစမ်းပါဦး၊ မင်း ဒါတွေ ဘယ်လိုလုပ်သိလဲ"

"သိသားပဲ၊ ပါးစပ်တစ်ပေါက်ကိုဖွင့်ရတာ လွယ်လွယ်လေးပါကွာ"

ရာဇာ ဆိုဖာမှာ ပြန်ထိုင်ချကာ ခေါင်းခါနေမိသည်။

"ဘာပဲဖြစ်ဖြစ် မြမျိုးမြင့်မာန်ကို မင်း ထပ်ပတ်သက်ဖို့ မကြိုးစားနဲ့ သက်ဦး၊ ဘုန်းစက်မင်းဆိုတဲ့ ခပ်ထက်ထက်ကောင်ဟာ ဘုန်းမြတ်မင်းလို ငွေရည်ကို အလှကြည့်ရင်း အသက်ပေးသွားမယ့်ကောင်လို့ မင်းထင်လား"

"ငွေရည့်ကိုယ်ခန္ဓာ ဘာပဲဖြစ်လာလာ ငါလိုချင်တာ အချစ်ပဲ"

"အဲဒါကြောင့် မင်းကို ငါပြောတာ၊ မင်း ရူးနေပြီ၊ မင်းမှာ သိက္ခာတွေ၊ အရှက်တွေ ဘာမှမရှိတော့ဘူး"

"ကြိုက်သလိုပြောကွာ၊ ငါ ငွေရည့်ဘဝကိုကယ်တင်ချင်တယ်၊ သူ့ရဲ့အိမ်ထောင်ရေးသောကထဲမှာ မခံစားနိုင်လို့ ရုန်းထွက်လာတဲ့တစ်နေ့ ငါ ကြိုဆိုမယ်"

"မင်းကို မာမီက ဒီတိုင်းကြည့်နေမယ်လို့ ထင်လား"

"ဒါကြောင့် ငါ အလုပ်ထဲမှာပဲ ပြောင်းနေတာပေါ့"





ရာဇာ ဒုတိယအကြိမ် ထရပ်လိုက်ပြန်သည်။

"တားမရရင်လည်း မင်းကြိုက်သလို ရူးတော့ သက်ဦး၊ ဒါပေမယ့် ဘုန်းစက်မင်းရဲ့ ကွန်ပျူတာရှော့ပ်ကိုတော့ မင်း မသွားရဘူး"

"သွားမယ်ကွာ၊ ဒါမှ ဒီကောင့်ကို ငါ အနီးကပ်အကဲခတ်နိုင်မယ်၊ ငါဟာ သက်ဦးဆိုတာ သူမသိခင် ငါ ပြန်ထွက်မှာပဲ၊ ငါထင်နေတယ်၊ နိုင်ငံခြားမှာ အမြဲနေတဲ့ ဒီကောင်ဟာ ငွေရည့်ကိုယူခဲ့တာ ဘယ်နည်းနဲ့မှ အကောင်းမဖြစ်နိုင်ဘူး၊ ငွေရည် ငါ့အပေါ် ဘယ်လိုရက်စက်စက်၊ လက်ထပ်နိုင် မနိုင်နိုင်၊ ငွေရည့်ကို ဒီကောင် အနိုင်ကျင့်နေရင် ငါ ဝင်ပါရမှာပဲ"

"မင်း ပြားသွားမှာပေါ့"

"မနိုင်ရင် ရှုံးမှာပဲ၊ ဒီနှစ်လမ်းပဲရှိတာယ်"

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

အရောင်းခန်းမကြီးက အတော်လေး ကျယ်ဝန်းသလောက် ကွန်ပျူတာခုံတွေ အစီအရီနှင့် ပြည့်ကျပ်နေသည်။

ခြောက်ထပ်တိုက်ရဲ့ အောက်ထပ်တစ်ပြင်လုံးဖွင့်ထားလျက်၊ ပတ်ပတ်လည် မှန်တွေကာရံလျက်၊ ပါဝါဝင်းဒိုးတွေ တပ်ထားသည်မို့ အတော်လေး တခမ်းတနား ရှိသည်။

အထဲမှာရှိသမျှ လူတွေအားလုံး အပြာနုရောင် တူညီဝတ်စုံတွေ ဝတ်ထားကြလျက်။

ရောင်းသူ၊ ဝယ်သူတို့နှင့် ဖွင့်ကြ၊ စမ်းကြ၊ အားလုံး စည်ကားနေသည်။

"ဟော… ဆရာလာပြီ"

မဲနက်ပြောင်လက်နေသော ဆိုင်ကယ်ကြီးပေါ်မှ ရင်ဘတ်မှာ အဝါနုကွက်ပါသော စပို့ရှပ်လက်ရှည်အနက်နှင့် ဘောင်းဘီအနက်ကို ဝတ်ထားသည့် လူရွယ်တစ်ယောက် ဝင်လာတာကို မြင်ရ၏။

သူ တစ်ခါမှ မမြင်ဖူးသေးတဲ့ ဘုန်းစက်မင်းဆိုတာပဲ ဖြစ်မည်။





ဘုန်းမြတ်မင်းနှင့် အတော်ကြီးဆင်လျက် ဘုန်းမြတ်မင်းရဲ့ မျက်နှာမှာ ဝက်ခြံဖု အနည်းငယ်ရှိ၍ အေးစက်စက်ပုံပေါက်နေပေမယ့်…

ဘုန်းစက်မင်းမျက်နှာက ဖြူနု၍ ချောမွေ့နေသည်။ လမ်းလျှောက်ဝင်လာပုံ၊ အရပ်မြင့်ထွားကျိုင်းပုံရော၊ အဆီပိုမရှိသော ဗိုက်သားရှပ်ရှပ်ကပါ ဘုန်းမြတ်မင်းနဲ့ တစ်ထပ်တည်း။

အထဲကိုဝင်လာကတည်းက တစ်ချက်လှမ်းအကဲခတ်သည်။ သူ့မျက်လုံးတွေက သက်ဦးမျက်နှာပေါ်မှာ တန့်သွား၏။

မျက်မှောင်တစ်ချက်ကုတ်သွား၍ အထဲကို လျှောက်ဝင်လာသည်။

"ဆရာ… သူက ကိုသီဟတဲ့၊ ဆရာခေါ်ခိုင်းတဲ့ ကျွမ်းကျင်နှစ်ယောက်ဆိုတာ သူနဲ့ဟိုတစ်ယောက်ကို ရွေးလိုက်တာပါ၊ ဆရာ ဗျူးကြည့်ပါဦး"

ဘုန်းစက် ခေါင်းညိတ်သည်။

"အထဲလွှတ်လိုက်"

ဆရာက လာခဲ့ပါတဲ့။

ဆိုတော့ သက်ဦး ပြုံးလိုက်မိသည်။

သူဝင်လာတာကို မမိုတ်မသုန် စိုက်ကြည့်နေတဲ့ မျက်လုံးတွေကပြောင်လက်နေလျက် ရဲရင့်ခြင်းတွေအပြည့်

ကွန်ပျူတာတစ်လုံးကို အမျိုးမျိုးကစားခိုင်းသည်။

နောက်ဆုံးပန်းချီဆွဲခိုင်းတော့



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပန်းချီမဆွဲတတ်ဘူးဗျ"

သူကစိုက်ကြည့်နေသည်။

"ကျွန်တော် တာဝန်ယူရမှာကစက်ပိုင်းဆိုင်ရာဆို ဒီလောက်ထိလိုလို့လား"

"ဖြစ်ပါတယ် ဒါထားလိုက်လို့ရတဲ့ ကိစ္စပါ၊ ရော့… ဒါဖွင့်ပါ"

စက်ကိုဖွင့် ပြီးတော့ပြန်တပ်၊ စုံအောင်နိုင်းသမျှ သက်ဦးက ကျွမ်းကျင်စွာလုပ်ပြသည်။

နောက်တစ်ယောက်ထိ အားလုံးအဆင်ပြေစွာ ပြီးဆုံးသွားသည်။

"မင်းတို့ကို လစာပြောပြီးပြီလား"

"ပြောပြီးပါပြီ"

"အင်း… အဲဒီအတိုင်းပဲ အလုပ်ကို တိတိကျကျ ကြိုးစားလုပ်ပါ သုံးလတစ်ကြိမ် အရည်အချင်းအလိုက် လစာ တိုးပေးသွားမယ်"

စကားပြောနေသမျှကာလပတ်လုံး သူမျက်လုံးတွေက သက်ဦးမျက်နှာပေါ်မှာ

"စိတ်တော့မရှိနဲ့နော် မင်းကို ငါမြင်ဖူးသလိုပဲ"

ဟုတ်လို့လား၊ သူနဲ့ရာဇာက တူလို့လား၊ သက်ဦးအာ… အရာမပျက်အောင် အတော်ကြိုးသတိထားလိုက်ရသည်။

"ရပါတယ်၊ လူတူတာရှိလို့နေမှာပေါ့"

ဘုန်းစက်မင်း သိပ်လက်ခံချင်ပုံမပေါ်၊ ပုံစံကြည့်လိုက်





တာနှင့် ဘုန်းစက်မင်းဆိုသည့်လူဟာ ဘယ်ကိစ္စမဆို ခပ်ပေါ့ ပေါ့ သဘောမထားဘဲ ဂရုစိုက်စေ့စပ်စွာ သေသေချာချာ လုပ်တတ်သူမှန်း သိသာလှသည်။

သူ့ တစ်စုံတစ်ခုကိုများ ဆက်စပ်တွေးမိသွားလေ မလား။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

မိုးစက်ဖွားလေးတွေလွင့်ကျလာ၏ စောစောကနေပူနေသောကောင်းကင်က မာယာများလှစွာနှင့် ချက်ချင်း စိတ်ကောက်သွားသည်။

မိုးရိပ်မိုးစက်တို့က မိုးစက်တို့ကို မျက်ရည်စက်တွေအဖြစ်အငြိုးတကြီး ဝိုချလိုက်ဖို့ဟန်ပြင်နေပြီ။

"ကိုဘုန်းမြတ်မင်း… ရှင်ဆုံးခဲ့တာ ကိုးနှစ်နဲ့ကိုးလတိတိရှိပြီ"

ငွေရည် ပြာလဲ့လဲ့အုတ်ဂူနံဘေးမှာ ပန်းစည်းလေးကိုင်လို့ တစ်ယောက်တည်း စကားတွေပြောနေမိသည်။

"ရှင်လေ ရှင့်ရဲ့အုတ်ဂူလေးမှာ ငြိမ်းချမ်းစွာ လဲလျောင်းနိုင်ခဲ့ပါတယ်၊ ဒါပေမယ့် ငွေရည်မှာ သောကတွေနဲ့ပါ၊ ရှင် ငွေရည်ကို မကူညီနိုင်တော့ဘူးမို့လား"

ငွေရည် မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာကြသည်။ အုတ်ဂူရဲ့နံဘေးမှာ ဒူးထောက်ကာပန်းစည်းကလေးကိုတယုတယ တင်လိုက်ပြီး၊ ထိုစဉ် လေတစ်ချက် ဟူးခနဲတိုက်ခတ်၍ မိုးစက်တွေအသံမြည်လာ၏။





"ငွေရည်ဆိုတဲ့ မိန်းမဟာ ယောကျ်ားတွေကို သေစေနိုင်တဲ့ မာယာရှိသတဲ့၊ ငွေရည်မှာ မာယာမရှိတာ ရှင် သိပါတယ်နော်၊ ငွေရည် ဘာမှဖြေရှင်းလို့မရတဲ့ ကံကြမ္မာကငွေရည့်ကို ရက်ရက်စက်စက် ပုံဖော်ပေးနေတာ သိလား"

ငွေရည် ဝမ်းပန်းတနည်း ရှိုက်ငိုမိလေသည်။

ခုလည်း တိုက်ထဲမှာ သူနဲ့ သူ့ဧည့်သည် မိန်းကလေး။

ငွေရည့်ကို အနားမှာထား၍ အိမ်ဖော်တစ်ယောက်လိုထောင့်စေ့အောင်ခိုင်းသည်။ အပြစ်ရှာ၍ မာန်မဲတတ်သေးသည်။

သူဟာ ငွေရည့်ကို အငြိုးတကြီး လက်စားချေချင်လို့လက်ထပ်ခဲ့တဲ့အကြောင်းလည်း ရင့်သီးစွာ ဝန်ခံထားပြီးသား။

ငွေရည့်ကို အပြင်လုံးဝမထွက်ရ။ အလုပ် မလုပ်ရအမိန့်တွေနှင့် အိမ်ထဲမှာပဲ သူနဲ့ သူ့ဧည့်သည်တွေရဲ့ ဝေယျာဝစ္စကို မပြတ်လုပ်စေခဲ့သည်။

"အစ်ကိုလေး မရှိပါဘူး မမရယ်၊ မမ ထိုင်နေပါ၊ ဒါတွေ နုနုလုပ်ပါ့မယ်"

နုနုလေးကတောင် စိတ်မကောင်းစွာ တားမြစ်ခဲ့တဲ့အထိ…

သူ့ကို လက်ထပ်ခဲ့မိတာ ငွေရည် ကံဆိုးပေမယ့် သားလေးအတွက် အစစအရာရာ ကံကောင်းခဲ့သည်မို့…

သားလေး ပျော်ဖို့အတွက် ငွေရည် ကျေကျေနပ်နပ်ကြီး နေပေးခဲ့ပါသည်။



www.burmeseclassic.com

ဒါပေမယ့်...

"မိုးတွေရွာနေတာတောင် သတိမထားမိတဲ့အထိ မင်း ခံစားနေရသလား ငွေရည်"

နောက်က အသံကပ်ထွက်လာမှ ငွေရည် အုတ်ဂူပေါ် မျက်နှာမှောက်ချ ငိုနေရာမှ ခေါင်းလေး ပြန်မတ်သည်။

"ဟိတ်... ထလေကွာ"

ငွေရည် မျက်ရည်သုတ်၍ သူ့ကို ခပ်စူးစူးလေး မော့ကြည့်သည်။

"ရှင် ဘာခိုင်းစရာရှိလို့လဲ ကိုဘုန်းစက်"

"ဘာလဲ... မင်းက ငါခိုင်းတာကို မကျေနပ်နေတာ လား"

ငွေရည် ခပ်ဖြည်းဖြည်းထရပ်၍ မျက်နှာပေါ်က ဆံပင်တွေကို လက်တစ်ဖက်နဲ့ လှန်သိမ်းပစ်လိုက်သည်။

"ကျေနပ်ပါတယ်၊ ကျွန်မက ကျွန်မသားအတွက် အရာရာကို ပေးဆပ်ထားတာပါ၊ ဒါပေမယ့် ကျွန်မတာဝန် မဟုတ်တဲ့အပိုင်းတွေကို ရှင် မချုပ်ချယ်ပါနဲ့၊ ကျွန်မ လွတ်လပ်စွာ ခံစားပါရစေ၊ လွတ်လွတ်လပ်လပ် နေပါရစေ"

"မနေရဘူး၊ အဲဒီလွတ်လပ်တဲ့အချိန်တွေကိုလည်း ငါပဲလိုချင်တယ်၊ နောက်ကို မင်း ဒီအုတ်ဂူနားကို မလာပါနဲ့"

"ဘာ"

ငွေရည် အဲဒီတားမြစ်ချက်ကို တကယ့်ကို မထင်မှတ်စွာ သူ့ကို တအံ့တဩ ကြည့်မိသည်။





"ဘုန်းမြတ်မင်းရဲ့ဇနီး ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ အမှတ်တရ လုပ်ဆောင်ခြင်းမျိုးတွေ မင်း ဘယ်တော့မှမဖန်တီးပါနဲ့"

"ရှင်က အမျိုးမျိုးပါလား၊ သတိရတော့လည်း ရှင်၊ မေ့ခိုင်းတော့လည်း ရှင်ပဲ၊ ရှင့်အစ်ကိုအတွက် ကျွန်မကို ကလဲ့စားချေဖို့ လက်ထပ်ခဲ့တာဆိုတာလည်း ရှင်ပဲ ကြေညာခဲ့တာလေ၊ အဲဒီကလဲ့စားချေခြင်းတွေကို ခံနေရတဲ့ ကျွန်မအတွက် ဘုန်းမြတ်မင်းကို အမြဲသတိတရရှိနေမှာပဲဆိုတာကျတော့ ရှင်က တစ်ကိုယ်ကောင်းဆန်ဆန်နဲ့ တားပြယ်၊ ပြီးတော့ ဒါ ရှင့်အစ်ကိုပဲ"

"တော်ပြီကွာ၊ မင်း ဘာမှမပြောနဲ့၊ ငါလုပ်သလို မင်း မလုပ်ရဘူး၊ ငါထားသလို မင်းနေရမယ်"

ထိုစဉ် မိုးတွေ ဝေါခနဲ သွန်ကျလာသည်။

နှစ်ယောက်စလုံး စိုရွှဲသွားကြ၏။

ဘုန်းစက် ငွေရည့်လက်ကို ဆတ်ခနဲ ဆွဲကိုင်ကာ တိုက်ဆီသို့ ပြန်လာခဲ့သည်။

✻ ✻ ✻

www.burmeseclassic.com

"မမ"
"ဟင်"
နုနုက မှန်လာဥလှီးနေရာမှ ငွေရည် ထမင်းကြော်
စားနေတဲ့ အနားကို စဉ်းတီတုံးရော လူပါ တိုးရွှေ့လာသည်
"မမ… အထဲမှာ ကလျာဆိုတဲ့ ဟိုမိန်းမ ရောက်နေ
ပြန်ပြီလား"
"အင်း"
ငွေရည် ထမင်းကြော်နဲ့ ကြက်သားကို စိတ်မပါစွာ
စားရင်း ခေါင်းညိတ်ပြသည်။
"မမ"
"ပြော"
"သူက စနေနေ့တိုင်း ဘာလာလာလုပ်တာလဲဟင်
အစ်ကိုလေးအလုပ်ထဲက ဝန်ထမ်းလား"
"ပြောတာပဲ"
"ဟင်း… အလုပ်သမားဝန်ထမ်းရုပ်ကလည်း
တစ်ကိုယ်လုံး ရွှေတွေညှတ်ကြွလို့၊ ကိုယ်ပိုင်ကားကြီးကလည်း





ဘာလက်လက်"
နုနုက နေရာတကာ ဝင်ပါခဲ့တဲ့သူပါ။
ခုတော့ သူ့မျက်စိထဲမှာ တကယ့်ကိုနောက်နေရတဲ့
အဖြစ်။
"မမ… နုနုကို စိတ်တော့မဆိုးနဲ့နော်၊ မမ
အစ်ကိုလေးနဲ့ သူ့ကို ခြံထဲမှာဖြစ်ဖြစ်၊ အခန်းထဲမှာဖြစ်ဖြစ်
နှစ်ယောက်တည်း ကြာကြာပစ်မထားပါနဲ့"
"မထားလို့ တို့က ဘာလုပ်နိုင်မှာလဲ နုနုရယ်၊ တို့က
သူ့အတွက် အိမ်ဖော်တစ်ယောက်ပဲဟာ"
"မမကလည်း"
နုနုက အားမရနိုင်စွာနှင့် ဘာပြောရမှန်းမသိ ဖြစ်နေ
သည်။
"မမကို အစ်ကိုလေးက ချစ်ပါတယ် မမရဲ့"
"သွားစမ်းပါ"
"တကယ်ပါ မမရဲ့၊ ဟို… နုနုအထင်ပြောရရင်
မ စိတ်မဆိုးနဲ့နော်"
"ပြောပါဦး"
"ဟို… သူက လူပျိုဆိုတော့ နည်းနည်းဘဝင်မြင့်တာ
မျိုး ဖြစ်မှာပါ၊ နုနု သတိထားမိတယ်၊ မမ သူ့မျက်စိရှေ့မှာ
နေရင်သာ ဟိုပြော ဒီပြောပြောတာ၊ မမ မရှိရင် ချက်ချင်း
တော့တာပဲ"
"ခိုင်းစရာရှိလို့ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မမရယ်၊ နုနု သိပါတယ်၊ အပြင်က ပြန်လာလည်း အိမ်ထဲမရောက်သေးဘူး မမကို တန်းမေးတော့တာပဲ၊ မမ မရှိဘူးပြောလိုက်တာနဲ့ မျက်နှာကြီးက ပုပ်သိုးသွားတာ"

ငွေရည် ထမင်းကြော်ကို လက်စသတ်၍ ရေသောက်သည်။

"ကလျာဆိုတဲ့ မိန်းမက သိပ်ပဲများတာပဲ၊ ဒီလို ကြာကြာပစ်ထားရင် မလွယ်ဘူး"

"လွယ်လွယ် မလွယ်လွယ် နုနုရယ်၊ သူနဲ့ပတ်သက်တာ အားလုံးကို ဥပေက္ခာထားပြီးသား"

ပြောသာပြောလိုက်ရပေမယ့် ရင်ထဲမှာ မကောင်းတာ အမှန်ပါ။

တစ်ချက်တစ်ချက် အခန်းထဲကထွက်လာတဲ့ ရယ်သံတွေကြောင့် ရင်ထဲမှာ ရှုတသောဝေဒနာတစ်ခုက အမှတ်တမဲ့နေလိုက်ဖို့ စိတ်ကူးကို ကန့်ကွက်ခဲ့သည်ချည်း။

"သူက စနေနေ့တိုင်း ဘာလာလုပ်တာလဲ၊ မမ သိလားဟင်"

"မသိဘူး၊ သိလည်း မသိချင်ဘူး"

"မသိချင်လို့ ဘယ်ရမလဲ၊ ငါပြောမယ်"

ရုတ်တရက် ဘုန်းစက်ဝင်လာတာ မြင်လိုက်ရလျှင် နုနု မျက်လုံးလေး ဝိုင်းစက်ပြူးကျယ်သွားကာ တချိုးတည်း ပြေးပါတော့သည်။





"သူလာတာ ငါးပတ်ရှိပြီ၊ မင်း ဘာလို့မမေးတာလဲ"

"မသိချင်လို့"

ဘုန်းစက် အဲဒီအဖြေကို မကျေနပ်ပါ။

"မင်း မသိချင်ပေမယ့် ပြောရမှာပဲ၊ သူ့ကို ဂျပန်က ငါ့ရဲ့ဖက်စပ်ကုမ္ပဏီမှာ စက္ကူထရီအဖြစ်ပို့ဖို့ လုပ်နေသဘောတွေ နားလည်အောင်ရှင်းပြနေတာ၊ ဒီနေ့ နောက်ဆုံးပဲ၊ မနက်စောစော လေဆိပ်ကို ထသွားရမှာ၊ ဒီည သူ ဒီမှာ အိပ်မယ်၊ ဘာမရှင်းတာရှိလဲ"

"ရှင်းတယ်၊ အားလုံးရှင်းပါတယ်၊ ရှင်ပြောချင်တာ ဒါပဲမို့လား"

ခပ်ရွဲ့ရွဲ့ပြော၍ ငွေရည် ထဖို့ပြင်သည်။

"ကျန်သေးတယ်၊ အခု မင်း ငါ့ကို တစ်ခုခုလုပ်ပေးပါ၊ ဗိုက်ဆာလို့"

"ခုမှ ဈေးသွားရမှာ၊ ဘာမှမရှိတော့ဘူး၊ ရှင် ကော်ဖီသောက်မလား"

ဘုန်းစက် ကုလားထိုင်မှာ ထိုင်ချလိုက်သည်။

"မင်း ခုနက ဘာစားတာလဲ"

ပန်းကန်ထဲမှာ တစ်ဝက်ကျန်နေသေးသည့် ထမင်းကြော်ပန်းကန်ကို ငွေရည် ကောက်ယူလိုက်ကာ…

"ထမင်းကြော်လေ ရှင်မှမကြိုက်ဘဲ၊ ရှိလည်း မရှိတော့ဘူး"

"မရှိတော့ရင် အဲဒါပေး"



www.burmeseclassic.com

www.burmeseclassic.com



"အို… မဟုတ်တာ"

ဘုန်းစက် ငွေရည့်လက်ထဲက ပန်းကန်ကို ဆွဲယူလိုက်သည်။

"ကော်ဖီခါးခါးတစ်ခွက်လောက် ဖျော်ပေး"

စားပွဲပေါ်က ကြက်သားကြော်ပန်းကန်ကို သူ့ဟာသူယူ၍ ငွေရည်စားထားသည့် ထမင်းတွေကို ယူစားတော့ ငွေရည်တားရမလို ကြည့်နေရခက်နှင့်…

"ကော်ဖီဖျော်ကွာ"

သူထပ်ပြောမှ ကော်ဖီဖျော်ဖို့ ပြင်ရသည်။

"ဟော… ကလျာ၊ လာလေ… ကော်ဖီသောက်မလား"

ငွေရည် လှမ်းကြည့်လိုက်တော့ ဆံပင်ကုတ်ဝဲမှာ ရွှေဝါရောင်တွေဆိုးထားလျက်၊ မျက်နှာမှာ အချိုးကျ လှပအောင် ခြယ်ထားသော ကလျာဆိုတဲ့ အမျိုးသမီးက ခရမ်းရောင်ဝတ်စုံလေးနှင့် လှနေသည်။

"အဟင်း… နည်းနည်းပျင်းတာနဲ့ ထလာတာပါ၊ ကော်ဖီပိုင်းတွေ့တော့လည်း သောက်ချင်လာတယ်"

ကော်ဖီပိုင်းလည်း မဟုတ်ဘဲနဲ့။

နုနု နောက်ကနေ အသံတွေကြားပြီး လှစ်ခနဲ ပြန်ဝင်လာသည်။

"မမဖယ်… နုနု ဖျော်မယ်"

ကလျာအတွက် ငွေရည်ဖျော်မှာကို နုနု မခံနိုင်။





"ရတယ် နုနု၊ ဈေးသွားဖို့ ပြင်ထား"

"ညီမ… မင်း ကော်ဖီခါးခါးပဲလား"

"လုပ် မမ၊ ကလျာက ကိုကြီးကြိုက်တာ အားလုံးလိုက်ကြိုက်တာပဲ"

ငွေရည် ခပ်မိန့်မိန့်ပြုံး၍ ကော်ဖီ ဆက်ဖျော်သည်။

နှစ်ယောက်လုံးအတွက် ကော်ဖီပန်းကန်တွေ ကိုယ်စီချပေးပြီး ခတ်ဘူးကို နေရာအချမှာ…

"ခွမ်း"

"အား"

ခတ်ဘူးက ဖင်မမြဲဘဲ ငွေရည့်ခြေထောက်နား ပြုတ်ကျလာသည်။

ရေနွေးအပူဒဏ်ကြောင့် ငွေရည် စူးစူးဝါးဝါး အော်လိုက်မိသည်။

ဘုန်းစက် ချက်ချင်း အနားရောက်လာသည်။

ငွေရည် ထိုင်ချလိုက်မိသည့်နေရာမှ ဖျတ်ခနဲ ထရပ်လိုက်သည်။

"ခြေထောက်တွေ အပူလောင်ကုန်ပြီမို့လား၊ ပြစမ်းပါ"

"ဟင့်အင်း… ဟင့်အင်း… ရှင် ဖယ်"

ငွေရည် လုံးဝအကိုင်မခံဘဲ သူ့ကို တိုးတိုက်ကာ အတင်းပြေးထွက်သွားသည်။

ဘုန်းစက် နောက်ကပြေးလိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



**အခန်း**ထဲဝင်ကာ တံခါးကို အချိန်မီပိတ်ပေမယ့် **ဘုန်းစက်** ကိုယ်လုံးနှင့်ပစ်ခံ၍ ဝင်လိုက်လာသည်။

"ဘာဖြစ်တာလဲ ငွေရည်၊ မင်းခြေထောက်တွေ မှင်ဆွတ်မှဖြစ်မှာ၊ တော်ကြာ အပူလောင်ဖုတွေ ထလာလိမ့်မယ်"

"ထပေ့စေ… ငွေရည်ဘာဖြစ်ဖြစ် ရှင်ပူစရာမလိုဘူး၊ သွား… ရှင်တို့ ပြည့်စုံအောင်နေကြ"

"မဟုတ်ဘူး ငွေရည်၊ ဒါ ငြင်းနေရမယ့်အချိန် မဟုတ်ဘူး၊ လာ"

"မလာဘူး၊ ရှင် ထွက်သွားဆို သွား၊ နုနုရေ"

"ရှင် မမ"

ငွေရည် အပူလောင်သွားမှန်းသိ၍ အခန်းဝမှာ ပျာယီးပျာယာ ကျန်နေခဲ့သော နုနုက ချက်ချင်းပဲ ပြေးဝင်လာသည်။

"ဆေးပြာသွားယူပေး"

"ဟုတ်"

နုနု ဆေးပုလင်းနဲ့ ပြန်ပြေးဝင်လာတော့ ဘုန်းစက်က လှမ်းယူလိုက်သည်။

"သွားတော့"

နုနု ပြန်ထွက်သွားရပြန်သည်။

ငွေရည် ခေါင်းမာစွာ လုံးဝဆေးမထည့်ဘဲနေကာ ပူလောင်နေသော ခြေထောက်တွေကို ပါးစပ်ကလေးနဲ့လည်း မှုတ်၊ မျက်ရည်တွေလည်းကျ၊ ရေနွေးစိုရွှဲထားသော ထမီကလည်း ရေစက်လက်နှင့်…





"ငွေရည်… မင်း ဘာဖြစ်နေတာလဲ၊ လက်ဖယ်စမ်း"

"မဖယ်ဘူး၊ ငွေရည် ရှင့်ကိုပဲ ပြုစုမယ်၊ ရှင် ဘာမှ ပြန်လုပ်မပေးနဲ့၊ ငွေရည်က ရှင့်ရဲ့အိမ်ဖော်ပဲ"

"ဟာကွာ"

ဘုန်းစက် ဒေါသလည်းဖြစ်၊ လုပ်မပေးဘဲလည်း မနေနိုင်မို့ ဇွတ်ဝင်လုပ်ပေးသည်။

နီရဲညိုတက်လာသော ခြေသလုံးမှ ခြေဖမိုးလေးတွေထိ ဆေးလိမ်းပေးရင်း ရင်ထဲမှာလည်း ဘယ်လိုမှမကောင်းနိုင်တော့။

သူ့ဘာခိုင်းခိုင်း မျက်နှာလေးပျက်သွားသည်မှလွဲ၍ မညည်းမညူ လုပ်ပေးရှာသည်။

သူ တယုသန် ဖိနှိပ်ရာကျနေပြီလား…

"ရော့… ထမီ လဲလိုက်ဦး"

ကိုယ်တိုင်ပဲ ထမီသွားယူ၍ လဲခိုင်းသည်။

စိတ်မကောင်းဖြစ်နေမိပေမယ့် ပါးစပ်ကတော့ ဘာစကားမှ ထွက်မလာပါ။

ငွေရည် ထမီကို ဖြစ်သလိုစွပ်ချလိုက်ပြီး ခေါင်းအုံးပေါ် မျက်နှာမှောက်ချကာ တအင့်အင့် ရှိုက်ငိုနေဆဲ…

"ကိုကြီး"

ကလျာက အခန်းထဲထိ လိုက်ဝင်လာသည်။

"သက်သာသွားပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းစက် ခေါင်းညိတ်ပြ၍ အပြင်ထွက်လာခဲ့သည်။

သူ ဒုက္ခများများရောက်စေချင်တာမို့လား….

မင်း ပျော်လိုက်ပါလား။

ဘုန်းစက် တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း၍ ခေါင်းထဲမှာ နောက်ကျိရှုပ်ထွေးနေသည်။

"ကိုကြီး… မမငိုနေတာ သွားမချော့ဘူးလား ကိုကြီးရဲ့"

ရှယ်တူတွေပဲဟာ… သူ့ကိုယ်သူ ကလေးငယ်လေးလို ဘာဖြစ်လို့ ချွဲတဲတဲ ပြောနေရတာလဲ။

ကြားနေရသည့် နုနု ဒေါသတွေ ဖြစ်နေမိသည်။

ပြောပုံကိုက မမကို ချော့စေချင်တာမျိုးမဟုတ်ဘဲ တမင်ချွဲပြနေတာများ။

အစ်ကိုလေးက ဟက်ဟက်ပက်ပက်မရှိဘဲ မျက်နှာကြီး သုန်မှုန်နေတာကို နုနုက ကြားကနေ ကျေနပ်နေမိသည်။

မမကိုပဲ ဂရုစိုက်စေချင်တာကိုး…

✲ ✲ ✲



"ဘယ်လဲ ကိုသီဟ၊ ထမင်းသွားစားတော့မလို့လား"

"အေး… မင်းတို့ရော"

"လိုက်မှာပေါ့"

ဘုန်းစက်က အလုပ်သမားအားလုံးအတွက် စရိတ်ငြိမ်းစီစဉ်ထားသည်မို့ ဘေးနားက စားသောက်ဆိုင်ကြီးမှာ ကြိုက်တာ မှာစားလို့ရကြသည်။

သီဟခေါ် သက်ဦးက စားရင်းသောက်ရင်း စပ်စုလိုက်၏။

"ဒါနဲ့ မင်းတို့ဆရာက လူပျိုကြီးလား"

"ဘယ်ကလာဟုတ်ရမှာလဲ၊ ဆရာ့လေဒီက တကယ့်နတ်သမီးလေးကျနေတာပဲ၊ တော်တော့်ကို လှတယ်ဗျ"

"ဟုတ်လား၊ ဒီကို လာဖူးလား"

"မလာဖူးပါဘူး၊ ကျွန်တော်တို့ ဒင်နာညက ဆရာ့တိုက်ကို ရောက်ဖူးတယ်၊ တိုက်နာမည်လေးကလည်း ကဗျာဆန်တယ်၊ မင်္ဂလာစံအိမ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သက်ဦးက အမှတ်တမဲ့ပုံစံနှင့် ခေါင်းညိတ်ရင်း သခင်း ဆက်စားနေလိုက်သည်။

ပြောချင်တဲ့လူကလည်း ထပ်မမေးရပါဘဲ

"ဒါပေမယ့် ဆရာက သူ့မိန်းမကို တော်တော်နိုင်တဲ့ပုံပဲဗျ"

"အဟွတ်… အဟွတ်… အဟွတ်"

"ဟာ… ကိုသီဟ သီးသွားတာလား"

သက်ဦး စကားမပြန်နိုင်လောက်အောင် မှုန်ထူသွားတော့သည်။

ငွေရည့်ကို သိပ်နိုင်တာပဲဆိုတဲ့စကားကိုအကြား…

ထမင်းလုတ်ကို ဘယ်လမ်းကြောင်းထဲ သွားမျိုချပစ်လိုက်မိမှန်း မသိ။ ချောင်းတွေ မနားတမ်းဆိုးလျက် ဘေးကလူတွေပင် လှည့်ကြည့်ကုန်ကြပြီ။

သူကတော့ ကိုယ့်ဝေဒနာကို ကိုယ်မခံစားနိုင်။

ဖြစ်ရလေ ငွေရည်ရယ်လို့သာ အော်ငိုလိုက်ချင်ပါသတဲ့။

* * *



"ငွေရည်… ငွေရည်"

"ဟင်"

"မင်း သိပ်နာနေလား"

"ရတယ်"

ငွေရည် မွေ့ရာရဲ့တစ်ဖက်အစပ်ကို အတင်းတိုး၍ ကွေးကွေးလေးအိပ်နေသည်။

အိပ်ရင်း ညည်းနေတာ သူ့ကိုယ်သူတောင် သိရဲ့လား မသိ။

ဘုန်းစက် ဘယ်လိုမှအိပ်မရတော့။

"ငွေရည်"

"ဟင်"

မျက်လုံးမဖွင့်ဘဲ ကယောင်ကတမ်းထူးပုံမျိုး။

ထမီအနားစလေး အသာဆွဲလှန်လိုက်တော့ ဆေးလိမ်းထားခဲ့တဲ့ နေရာတချို့မှာ အပူလောင်ဖုလေး အနည်းငယ်ကို တွေ့လိုက်ရ၏။

သူ ဘယ်လိုမှ မထိန်းချုပ်နိုင်အောင် သနားစိတ်က ဖြစ်ထွန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငွေရည်… ဆေးတစ်ခွက်လောက် သောက်လိုက်ပါလား"

ငွေရည် ငြိမ်သက်သွားပြန်၏။

ငိုလိုက်… အိပ်ပျော်သွားလိုက်… ညည်းနေလိုက်။

"ဖေဖေ"

"ဟာ… သားသား မအိပ်သေးဘူးလား"

သူ ခပ်အုပ်အုပ်ပြော၍ သားရဲ့အိပ်ရာဆီ ပြေးရပြန်သည်။

"ဖေဖေ… မေမေ အနာနာနေတာ သနားပါတယ်၊ သားသားလေး အိပ်လို့မရဘူး"

ဩော်… သူတို့သားအမိ သံယောဇဉ်ကလည်း မသေးပါလား။

ဒါအားလုံး သူ့ကြောင့်လား… သူ့အပြစ်ပဲလား။

သားကို ပွေ့ချီလိုက်ရင်း သူ စိတ်မကောင်းစွာ တွေးနေမိသည်။

"သားသား အိပ်တော့နော်၊ မနက် ကျောင်းတက်ဖို့ မထနိုင်ဘဲ နေဦးမယ်၊ သားသားမေမေ့ကို ဖေဖေ ဆေးတိုက်ပြီး အနာသက်သာအောင် ကုပေးလိုက်မယ်၊ ဟုတ်လား"

"ဖေဖေ"

"ဟင်"

"နောက်နေ့ကျရင် သားသားလေး မေမေနဲ့ အိပ်ချင်တယ်"





"ဩော်… အင်း… အိပ်ရမယ် သား၊ ဒီညတော့ သားသား မေမေ နေမကောင်းသေးဘူး၊ သားသားလေး ဒီမှာပဲ အိပ်လိုက်နော်၊ ဖေဖေ မီးမှိတ်ပေးခဲ့မယ်"

"ဟုတ်"

ကန့်လန့်ကာလေးသာ ခြားပေမယ့် မအေညည်းနေတာကိုကြား၍ မြတ်ကိုမင်း အိပ်မပျော်ဖြစ်နေရှာတာပါ။

အိပ်ပျော်နေတဲ့ ငွေရည့်နားမှာ ဒရင်းဘက်ဒ်ပြေးယူရွေ့ကာ သူ ထိုင်ကြည့်နေလိုက်သည်။

ဒီတစ်ခါနိုးလာမှ နှိုး၍ ဆေးတိုက်ရမည်။

စီးကရက်ခိုးငွေ့တွေကြားမှာ ငွေရည့်မျက်နှာလေးက ရှင်းသန့်ဝင်းမွတ်နေသည်။

မျက်တောင်ရှည်တို့ရဲ့အရိပ်က ပါးမို့မို့ထက်မှာ မှေးတင်လျက်။

သူ စီးကရက်မီးခိုးတွေကို ဖြည်းညှင်းစွာ မှုတ်ထုတ်ရင်း ငွေရည့်ကို တစိမ့်စိမ့် ကြည့်နေမိသည်။

"အား… အင်း… နာလိုက်တာ… ကျွတ်… ကျွတ်…"

ငွေရည် လှုးလှုးလွန့်လွန့်လေးဖြစ်လာတော့ သူ ထ၍ အဆင်သင့်ပြင်ထားသည့် ဆေးကို ယူလိုက်သည်။

"ငွေရည်… ငွေရည်…"

"ဟင်…"

"ထ… ဆေးသောက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ထကွာ… မင်း အနာသက်သာပြီး အိပ်ပျော်သွားအောင် ဆေးသောက်လိုက်ဦး၊ ပြီးမှ ပြန်အိပ်"

"ဟင့်အင်း… မသောက်ဘူး"

"မသောက်လို့မရဘူးလေ၊ မင်း တစ်ညလုံး ဝေဒနာခံစားနေရမှာပေါ့"

"အဲဒါကို ရှင် ဝမ်းသာအားရ ထိုင်ကြည့်နေလိုက်ပေါ့"

ငွေရည် တစ်ဖက်လှည့်၍ စောင်းအိပ်သွားပြန်သည်။

ဘုန်းစက် ဆေးကိုပြန်ချ၍ အိပ်ရာပေါ်မှာ ပြန်ထိုင်လိုက်၏။

ကြည့်… ကလေးလိုပဲ။

ငွေရည်က ဟိုဘက်ပြန်လှည့်ဖို့ ကြိုးစားပြန်သည်၊ ဘုန်းစက် ငွေရည့်ကိုယ်လုံးလေးကို ဆွဲဖက်ပစ်လိုက်သည်။

"ရှင်နော်… ဒီမှာ ဝေဒနာခံစားနေရတဲ့အထဲ"

သူ ငွေရည့်ကို ခပ်တင်းတင်းဖက်၍ ပါးချင်းကပ်ထားလိုက်မိသည်။

"ကိုယ် မင်းကို ဘာမှမနိုင်းတော့ဘူး၊ ဒီနေ့ကစပြီး မင်း ဘာမှဝင်မလုပ်နဲ့တော့"

ငါအစား သူ့ကိုယ်သူ ကိုယ်လို့သုံးလိုက်မိတာ ... ပျော့ညံ့သွားပြီမှန်း ကိုယ့်ကိုယ်ကို သတိမထားမိလိုက်။



"လုပ်မှာပဲ၊ ကျွန်မက ကိုယ့်ကိုယ်ကို အိမ်ဖော်လို့ သဘောထားခဲ့ပြီးသား၊ ရှင်လည်း ကျွန်မကို ဇနီးမယားလို့ သဘောမထားနဲ့၊ ကြိုက်သလို ပျော်သလိုနေ"

"ငွေရည်… မင်း ကိုယ့်ကို ဒီလောက်ထိ မုန်းသွားပြီလား"

"ရှင်နိုင်းသလို လုပ်တာပါ"

"အဲဒီထဲမှာ မုန်းဖို့မပါဘူး"

"ဒါပေမယ့် ကျွန်မကလည်း မချစ်ဘူးလေ"

"မင်း"

သူကတော့ မုန်းကြောင်း ထပ်ခါထပ်ခါပြော၊ ရက်စက်တဲ့ အပြုအမူမျိုးနဲ့…

သူများမုန်းတာကျတော့ လက်မခံနိုင်ဘူးတဲ့လား။

ငွေရည် သူ့ရင်ခွင်ထဲမှာ ရုန်းလို့မရပေမယ့် နာကြည်းစွာ ပြုံးလိုက်တဲ့ မဲ့ပြုံးကို သူ မမြင်မှာပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"နုနု"

"လာပါပြီ အစ်ကိုလေး"

နုနု ဘုန်းစက်ရှေ့မှာ လက်ကလေးပိုက်၍ လာရပ်သည်။

"နှင့်မမကို မီးဖိုထဲ လုံးဝမဝင်စေနဲ့၊ ကြားလား"

"ဟုတ်"

"သူဝင်လုပ်တာ ဘာညာနဲ့ ဘာမှမကြားချင်ဘူးနော်"

"ဟုတ်ကဲ့ပါ"

သေချာမှာခဲ့ပေမယ့် အလုပ်ထဲမှာနေရတာလည်း စိတ်က မဖြောင့်။

နာရီဝက်တစ်ခါ ဖုန်းဆက်မေးနေမိတာ ရှက်ရမှန်းလည်း မသိ။

ထမင်းစားချိန်ပြန်ပြီး အလုပ်ထဲ ပြန်မလာတော့ဘဲ ဆိုးဖြတ်ကာ လိုအပ်တဲ့ဆေးနဲ့ ပစ္စည်းအချို့ဝယ်လိုက်သည်။

"ကိုလင်းရေ"

"ဗျာ... ဆရာ"

ကိုလင်း သူ့ဆီရောက်မလာခင် အနားကဖုန်းက ထမြည်လာ၏။

ကိုလင်းကို ခဏနေဖို့ လက်ပြ၍ သူ ဖုန်းကောက်ကိုင်လိုက်သည်။

"ဟာ... ညနေမှ လာလို့မရဘူးလား"

ပြောပြီး ဖုန်းကို စိတ်ပျက်စွာ ချလိုက်မိသည်။





"ကဲ... ဘာမှမပြောတော့ဘူး ကိုလင်းရေ၊ ရော့... ဒီပစ္စည်းတွေ ငါ့အိမ်ကို သွားပို့ပေး၊ ငါ နေ့လယ်နှစ်နာရီလောက်မှရောက်မယ်ဆိုတာလည်း ပြောပြလိုက်"

"ဟုတ်ကဲ့"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

"ဟင်… သက်ဦး၊ နင်… နင်… ဒီထိ… အို… ဒုက္ခပါပဲ"

ငွေရည် ကြောက်စိတ်ကြောင့် တံခါးဝထိ အပြေး အလွှား ထွက်သွားလိုက်မိသည်။

"ဘာလဲ… အတင်းတွန်းလွှတ်တော့မှာလား"

သက်ဦးကတော့ အေးဆေးစွာပဲ ရှိနေသည်။

"သူ ထမင်းစားပြန်လာတော့မှာ၊ ဒုက္ခပါပဲ"

"သူမလာပါဘူး၊ သူလွှတ်လို့ ငါလာတာပဲ၊ ပူမနေ စမ်းပါနဲ့"

"ဘာ"

သက်ဦးက အပြုံးမပျက် ဧည့်ခန်းမှာဝင်ထိုင်၍ နာမည် ဖျက်ပြီး ဘုန်းစက်မင်းဆီမှာ သူ အလုပ်ဝင်နေတဲ့အကြောင်း ပြောပြသည်။

ငွေရည် ပို၍ မျက်လုံးပြူးရပြီ။

"သက်ဦးရယ်… နင် ဘာလို့ အဲလိုလုပ်ရတာလဲဟာ၊ သိသွားရင် ဒုက္ခများကုန်တော့မှာပဲ"

"ငါ နင့်ကို စိတ်မချဘူး"





ဒီလိုကျတော့လည်း ငွေရည် ရင်ထဲမှာ နင့်ခနဲဖြစ်သွား မိရသည်။

သူမအပေါ် အံ့သြဖို့ကောင်းလောက်အောင် စိတ်ရှည်စွာ မျှော်လင့်နေဆဲ သက်ဦးရဲ့စေတနာ မေတ္တာကို အပြစ် မတင်ရက်နိုင် ဖြစ်သွား၏။

"နင့်ကို ငါ စကားကုန်ပြောပြီးပြီပဲ သက်ဦးရယ်၊ ငါ…"

"သူ နင့်ကို နိုင်တယ်ဆို"

"ဟို… အိမ်ထောင်ဦးစီးဆိုတဲ့အနေနဲ့ လေးစားရတာ ပေါ့၊ ဒါ ထုံးစံပဲဟာ"

"ငွေရည်"

"ဟင်"

"နင့်အတွက်ဆို ငါ သူငယ်ချင်းကောင်းတစ်ယောက် အဖြစ် အမြဲရှိနေပါရစေ"

"သက်ဦးရယ်"

"ငါပြောချင်တာ အဲဒါပါပဲ၊ နင့်ဘက်မှာ ငါ ရိုးသားစွာ ကာကွယ်ပေးဖို့ အမြဲအသင့်ရှိနေတယ်ဆိုတာ နင် မမေ့ပါနဲ့"

ငွေရည် မျက်ရည်လေးလည်၍ ခေါင်းညိတ်ပြမိသည်။

"ဒီမှာ သူပေးလိုက်တဲ့ ပစ္စည်းတွေ"

မှာလိုက်တဲ့စကားကိုပါပြော၍ သက်ဦး ငွေရည့်ကို



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီး ငေးစိုက်ကြည့်ကာ ဖြည်းညင်းစွာ ထရပ်သည်။

"ငါသွားတော့မယ်"

"အင်း… သက်ဦး… နင် အဲဒီမှာ အလုပ်မလုပ်ပါနဲ့နော်၊ ပြဿနာဖြစ်ကြရင် ဘယ်သူပဲနာနာ ငါ စိတ်ဆင်းရဲလို့ သေလိမ့်မယ်"

သက်ဦး မချိုပြုံးနှင့် ခေါင်းညိတ်လိုက်သည်။

"နင် စိတ်အေးအေးနေပါ"

※ ※ ※

"အိမ်ကို ဘယ်သူသွားသလဲ ကိုလင်း"

သူ့ကီစွကိုဖျက်၍ ချက်ချင်းပြန်လှည့်လာခဲ့ပေမယ့် ကိုလင်းကရှိနေလျက် ပစ္စည်းထုပ်က မရှိတော့။

ကိုလင်း ကပျာကယာ ရှေ့ထွက်လာကာ…

"ကိုသီဟကို လွှတ်လိုက်ပါတယ် ဆရာ"

"ဟင်… သူက အိမ်သိလို့လား"

"သေချာပြောပြလိုက်ပါတယ်၊ ဒီမှာ ကျွန်တော်တို့ ပစ္စည်းပို့ပေးစရာရှိတာနဲ့ သူက သွားပေးတာပါ"

သူက ဆိုင်ကယ်စက်နှိုးပြီး ကွေ့ထွက်လိုက်သည်နှင့် အားမောင်းဝင်လာသည့် ကိုသီဟကို လှမ်းမြင်လိုက်သည်။

သူ မျက်မှောင်ကုတ်ကြည့်နေသည်ကို ကိုသီဟက သော်ရွေပြုံးနှင့် တုံ့ပြန်သည်မို့ ဆက်မကြည့်တော့ဘဲ လီဗာကို နှင်းချလိုက်လေသည်။

တိုက်ရဲ့ရှေ့မှာ ဆိုင်ကယ်ရပ်လိုက်သည်နှင့် သူ လုံးဝ မျှော်လင့်သည့် ဧည့်သည်ကို တွေ့လိုက်ရ၏။

ရပ်သွင်…

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွင့်က သူ့နားထိ အပြေးတပိုင်း လျှောက်လာသည်။

"မျှော်လိုက်ရတာ ဘုန်းစက်ရယ်၊ ဒီမှာ ကိုယ့်ကိုသိတဲ့ လူကမရှိတော့ စောင့်လိုက်ရတာ အရမ်းပဲ"

"မသွင် ပျဉ်းမနားမှာဆို… ဘယ်နှယ့်အကုပ်တွေ အပိုးတွေနဲ့ ရန်ကုန်ရောက်နေတာလဲ"

နှစ်ယောက်သား ဧည့်ခန်းထဲ ဝင်လာခဲ့သည်။

"ဒယ်ဒီက ရန်ကုန်မှာ သီးသန့်အထူးကုတွေနဲ့ ဆေးခန်းတစ်ခု ထူထောင်ဖို့ နေရာဝယ်ထားတယ်လေ၊ အခု ဆောက်နေပြီ၊ ဒယ်ဒီက ကိုယ်တိုင် ကန်ထရိုက်လုပ်နေတာ ဆိုတော့ အားလုံးအဆင်ပြေတယ်၊ အဲဒီမှာ အထူးကုတွေ အချိန်ပိုင်းနဲ့ ထိုင်ပေးကြလိမ့်မယ်၊ ငါရောပေါ့"

"အံမယ်… မသွင်က ဆရာဝန်တွေ ဘာတွေ လုပ်လို့ ပါလား"

"ဟုတ်တယ်၊ အစကတော့ ဦးတည်ချက်မဲ့လေ၊ ခုတော့ အထူးကုဆိုတဲ့ဘွဲ့ကို မဖြစ်မနေယူခဲ့လိုက်တာ၊ နင်ရော ဘယ်နှယ့် နိုင်ငံခြားကနေ ရွှမ်းပြန်ပြီး မြန်မာပြည်မှာ မိန်းမ လာယူတဲ့အကြောင်း ပြောပြပါဦး"

သူတို့စကားပြောနေတုန်း နုနုက အနားလာ၍

"အစ်ကိုလေး… ဒီက မမအိတ်တွေ ဘယ်အခန်းမှာ ထားပေးရမလဲဟင်"

"မသွင် ဘယ်လောက်ကြာမလဲ"





"အင်း… တစ်လလောက်တော့ နေဖြစ်ဦးမယ် ထင်တယ်၊ ဆေးခန်း မပြီးမချင်းလေ၊ ငါ ဒယ်ဒီနေတဲ့တိုက်မှာ မနေချင်လို့"

ဘုန်းစက် တစ်ချက်တွေသွားကာ…

"အဲဒါပြောပြပြီး ငွေရည့်ကို နေရာချဖို့ ပြောလိုက် နုနု"

"နင့်မိန်းမက ငွေရည်တဲ့လား"

"နှန်းငွေရည်"

"အို"

ရုပ်သွင်က ပခုံးတွန့်၍ မျက်ခုံးလှုလှုကိုပါ ပင့်သည်။

"ငါလေ ဘုန်းမြတ်ကို သိပ်သတိရတာပဲ၊ သူဆုံးသွားတဲ့ သတင်းကြားရတာ အရမ်းခံစားရတယ်ဟာ၊ သူ ရန်ကုန်မှာ ရှိနေရင် ငါ့အတွက် စားဖို့ နေဖို့ ဘာမှမပူရဘူး၊ နင်က ဘုန်းမြတ်လို မဟုတ်ဘူး"

"ဘယ်ဟုတ်မလဲ၊ ငါက ဘုန်းစက်လေ"

"ဟုတ်ပါတယ်၊ မသိလို့ ထပ်ပြောပါဦး"

နှစ်ယောက် မျက်နှာချင်းဆိုင်၍ ရယ်လိုက်မိကြသည်။

လာပြန်ပြီ တစ်ယောက်…

ခရီးဆောင်အိတ်ကြီးကို ငုံ့ကြည့်၍ ရယ်သံတွေ ထွက်လာတဲ့ဆီ လှမ်းကြည့်ကာ ငွေရည် စိတ်ပျက်လက်ပျက်ကြီး ငိုင်နေမိသည်။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အဲဒီအမျိုးသမီးက နာမည်က ရုပ်သွင်တဲ့၊ သိလား၊ မမက အိပ်နေလို့ မသိတာ၊ အိမ်ပေါ်တက်လာကတည်းက သူ့အိမ်ကျနေတာပဲ၊ မမကိုတောင် နှိုးခိုင်းတာ၊ နုနုက နေမကောင်းလို့ အိပ်နေတာ၊ မနှိုးရဲဘူး ပြောထားလို့"

အခန်းထဲမှာ အိပ်ရာပြင်ပေးရင်း နုနုက ပြောပြနေသည်။

"ရုပ်ကတော့ ရုပ်ရှင်မင်းသမီး ကျနေတာပဲ၊ တော်တော်ကိုလှတာ၊ ပါးမှာလည်း စပယ်တင်မှဲ့နဲ့၊ အစ်ကိုလေးနဲ့ ငယ်သူငယ်ချင်းထင်တယ် မမ၊ သိလား"

"ဟုတ်မှာပေါ့"

"မမ… ဒီတစ်ခါ ခပ်ပျော့ပျော့မနေနဲ့နော်၊ အစ်ကိုလေးကိုလည်း ပြောစရာရှိရင် ပြောသာပြော၊ မမ တကယ်တမ်းဖြစ်ရင် အစ်ကိုလေး ပျာယာခတ်နေတာပဲ၊ နုနု သိတယ်"

ငွေရည် နှုတ်ခမ်းလေးပြုံးသလို မဲ့သလိုလေး ဖြစ်သွားရသည်။

သူနဲ့ ဆုံစည်းခဲ့ရတဲ့ ပထမဆုံးညကို ရင်နာစွာ တွေးဖြစ်ခဲ့၏။

မြတ်နိုးယုယခြင်းကင်းစွာ ဖျက်ဆီးရုံသက်သက် အမုန်းတရားများနှင့် ငွေရည်ရဲ့ နူးညံ့ခြင်းတို့ကို ပျက်စီးစေခဲ့သူ။





ဒီနေ့ချိန်ထိ သားလေး နမ်းခိုင်းလို့ နမ်းခဲ့သည်မှလွဲလျှင် သူမအပေါ် နူးညံ့တဲ့အနမ်းတစ်ပွင့်တောင် မချွေခဲ့ဖူးပါ။

တွေ့ခဲ့ဖူးသော ယောက်ျားတို့၏ အရေးပေး ကြင်နာခြင်းကိုသာ ခံခဲ့ရသည့် ငွေရည်အတွက် ဘုန်းစက်မင်းကို မုန်းတီးမိတာ ဆန်းသလား…

ဒါပေမယ့်…

သူ့ရဲ့ဥပေက္ခာတိုင်းမှာ မျက်ရည်ကျခဲ့ရတာ ဘာဖြစ်လို့လဲ…

ကိုယ်က ဥပေက္ခာမထားနိုင်လို့ သူ့ရဲ့ဥပေက္ခာကို မခံစားနိုင်တာ ဆိုပါလျှင်…

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ပါဆိုလျှင် ငွေရည် သားလေးနဲ့သွားအိပ်တာ သုံးညရှိသွားပြီ။

သူ အိပ်ရေးပျက်ခဲ့ရတာလည်း သုံးညလုံးလုံး။

ဘာဖြစ်တာလဲ…

ငွေရည်အိပ်တဲ့ဘက်ကို လက်ချလိုက်လို့ နွေးထွေးနူးညံ့တဲ့ ထိတွေ့မှုတစ်ခုကို မခံစားရလျှင် ဖျတ်ခနဲ နိုးသွားတတ်သည်။

မျက်လုံးဖွင့်ကြည့်တော့ ရင်ထဲမှာ လစ်ဟာနေပုံကြီးက မနေတတ်၊ မထိုင်တတ်။

ဘုန်းစက် ပြန်အိပ်မရတိုင်း ရေထသောက်…

ဆေးလိပ် ထသောက်…

အတင်းပြန်အိပ်လို့လည်း မရ။ ငွေရည် ကန့်လန့်ကာလေးရဲ့တစ်ဖက်မှာ ရှိနေမှန်းသိသိနဲ့ သူ့မှာ အိပ်လို့မရတာ ဘယ်လိုလုပ်မလဲ။

သိက္ခာတွေ၊ ရိက္ခာတွေ ထိန်းရတာနှင့် အနားလည်း မသွားရဲ။

သူ ဘာဖြစ်နေတာလဲဆိုတာ ဝန်မခံချင်ပေမယ့်





ဟန်ဆောင်လို့လည်း မရ။

ကိုယ်ဖြစ်ချင်တာက သူက ကိုယ့်ကိုတမ်းတလို့ ကိုယ်က စိမ်းကားပြချင်တာ။

ခုဖြစ်နေတာက သူတစ်ယောက်တည်း ထမရ၊ ထိုင်မရ။

နောက်ဆုံး သူ ကန့်လန့်ကာရဲ့ တစ်ဖက်ဆီ ရောက်သွားခဲ့ရသည်။

ဆံပင်ရှည်ကြီးတွေက ဖရိုဖရဲ နောက်ဖက်မှာ စုပုံလျက် အိပ်နေတဲ့မျက်နှာလေးက အပူပင်ကင်းလှစွာ သားကို ထွေးဖက်၍ အိပ်မောကျနေသည်။

ဘုန်းစက် မခံချင်စိတ်က ခေါင်းထောင်လာပြန်သည်။

တကယ်ဆို သူလည်း ငါ့လို မဖြစ်သင့်ဘူးလား…

ခြေလှမ်းက မာန်နဲ့ရွေ့ဖို့ ကြိုးစားပေမယ့် စိတ်က လက်မခံ။ ဘုန်းစက် သက်ပြင်းခိုးပြီးချကာ ငွေရည့်ဘေးမှာ ဝင်လှဲလိုက်သည်။

ပြီးတော့…

ငွေရည့်ရဲ့ကိုယ်လုံးလေးကို ရင်ခွင်ထဲထဲ ပွေ့ဖက်သိမ်းပိုက်ထားလိုက်မိလေသည်။

အဲဒီတော့မှ မျက်ဝန်းတို့က ငြိမ်းချမ်းစွာ မှေးစက်စေခွင့်ပြုပါတော့၏။

❋ ✳ ❋



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

သားနဲ့ သူ့ကြားမှာ ငွေရည် ညှပ်၍ လှုပ်လို့ပင်မရ။ ကလေးနိုးလို့ တွေ့သွားမှဖြင့်…

နာရီကိုကြည့်တော့ ငါးနာရီ ထိုးတော့မည်။

"ဒီမှာ ကိုဘုန်းစက်"

ငွေရည် ခပ်ကြိတ်ကြိတ်ခေါ်၍ သူ့ရင်ဘတ်ကို လက်သီးဆုပ်လေးနဲ့ထုတော့ သူနိုးသွားသည်။

"တော်ကြာ ကလေးနိုးလို့ မြင်သွားလိမ့်မယ်၊ ရှင် ဟိုမှာ သွားအိပ်လေ"

"ကိုယ်တစ်ယောက်တည်း မအိပ်တတ်ဘူးကွာ"

ဘုန်းစက် မထချင် ထချင် ထ၍ ငွေရည့်ကိုယ်လုံးလေးကိုပါ ဆွဲထူလိုက်သည်။

"ငွေရည်"

ဆံပင်တွေ ဖရိုဖရဲကျနေသည့် ငွေရည့်မျက်နှာလေးကို သူ့လက်နှစ်ဖက်နဲ့ ဆွဲမော့၍ ရီဝေစွာ ငေးကြည့်နေသည်။





"မင်းဟာ ကဝေမလေးလိုပဲ၊ မင်းကို ကိုယ်… ကိုယ်…"

ပြောထွက်တော့မည့် စကားတစ်ခွန်းကို ပြန်မျိုချ၍ ဘုန်းစက် ငွေရည့်ကို ဖက်ထားလိုက်ကာ…

"မင်းနဲ့ ကိုယ် မခွဲနိုင်ဘူး"

ငွေရည် အားရပါးရ ပြောချလိုက်ချင်ပေမယ့် ကလေးနိုးသွားမှာစိုး၍ မပြောဘဲ ဖက်ထားတဲ့ ဘုန်းစက်ရဲ့လက်တွေကို အတင်းဖယ်ချပစ်သည်။

"ကျွန်မကတော့ ရှင့်နားမှာနေရတာ စိတ်မချမ်းသာဘူး၊ ရှင်နဲ့ ဝေးဝေးနေရရင် စိတ်ချမ်းသာတယ်"

တမင်ပြောပစ်လိုက်သည်။

ရုတ်တရက် ဒေါသလား၊ မာနလား မသိသော ခပ်ကြိတ်ကြိတ် စုတ်သပ်သံနှင့် သူ ထရပ်လိုက်သည်။

"အချစ်ဆိုတာကို မင်း နားလည်လား ငွေရည်"

"စိတ်မဝင်စားဘူး"

"ကိုယ်ကလည်း စိတ်မဝင်စားခဲ့တဲ့ကောင်ပဲ၊ မင်းအပေါ်မှာ ငါဟာ အာဃာတ မရှိခဲ့ဘူးဆိုရင် မင်းကို"

ငွေရည်က စကားဆက်ခွင့်မပြုဘဲ…

"အဲဒီအာဃာတကို ရှင် ဆက်မွေးထားပါ၊ ကျွန်မကတော့ ရှင့်အပေါ် ဘာအာဃာတမှမရှိပေမယ့် မုန်းတယ်၊ ရှင့်ရဲ့ တစ်ဖက်သတ်အနိုင်ယူချင်တဲ့ အတ္တကိုလည်း ကြောက်တယ်၊ ရှင်နဲ့ကျွန်မ ဒီတိုင်းဆက်သွားတာက နှစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အတွက် အကောင်းဆုံးပဲ''

ထိုနေ့မှစ၍ ငွေရည်က သားလေးကိုခေါ်၍ ပန်းချီကားကြီးရှိတဲ့ အခန်းမှာ ပြောင်းအိပ်ခဲ့ပါလေသည်။

✵ ✵ ✵

''ဟယ်… ပန်းချီကားက တယ်လှပါလား''

နုနုက အဝတ်ခြင်းထဲက လျှော်ဖို့အဝတ်တွေ သယ်ချလာရင်း ငွေရည်တို့အိပ်တဲ့အခန်းထဲ ရပ်သွင်ဝင်သွားတာမြင်၍ အခန်းရှင်းသလိုလို ဘာလိုလိုလုပ်၍ နောက်က လိုက်ဝင်လာခဲ့သည်။

ရပ်သွင်က တခမ်းတနား ဘောင်ကွပ်ထားသည့် ပန်းချီကားကို စေ့စေ့စပ်စပ်ကြည့်နေသည်။

''ဒီပုံမျိုးက အပျော်ရိုက်တဲ့ပုံမျိုးပါ၊ အမှတ်တရ ပုံကြီးချဲ့ ဘောင်သွင်းထားရလောက်တဲ့ပုံ မဟုတ်ပါဘူး''

နုနု နားကြားပြင်းကပ်လာပေမယ့် ဘာမှမပြောရဲ။

ပညာတတ် ဆရာဝန်တဲ့၊ သူများအခန်းထဲ စည်းကမ်းမရှိ ဝင်ပြီး စပ်စပ်စုစု…

''ဟဲ့… ဒီပုံက ဘုန်းမြတ် ပုံကြီးချဲ့ခဲ့တာလား၊ ဘုန်းစက် လုပ်ထားတာလား''

''နုနု မသိဘူး''

ရပ်သွင်က အတန်ကြာ ငေးစိုက်ကြည့်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



"အင်း… မိန်းမတစ်ယောက်ကို ညီအစ်ကိုနှစ်ယောက် တစ်လှည့်စီ ချစ်လည်းချစ်နိုင်ပါရဲ့နော်"

ရုပ်သွင် ဘာကိုမှဂရုမစိုက်နိုင်စွာ နာကျင်သံနှင့် ပြောနေသည်။

ဘုန်းမြတ်ကိုရော ဘုန်းစက်ကိုပါ သူမ ခင်တွယ်ခဲ့ရတဲ့အထဲ ဘုန်းမြတ်ကို ပို၍စိတ်ဝင်စားခဲ့သည်။

လိုက်လိုက်လျောလျော ဆက်ဆံခဲ့သည်။

ကျောင်းမှာကတည်းက ငယ်သူငယ်ချင်းတွေလို တရင်းတနှီးရှိခဲ့ကြသည်မို့ ဒီညီအစ်ကိုနှစ်ယောက်ထဲက တစ်ယောက်ယောက်ဟာဖြင့် တစ်နေ့မှာ သူ့အတွက်ဖြစ်လာမှာပဲလို့ စိတ်ကူးတွေ ယဉ်ခဲ့မိသည်။

ဒါပေမယ့် အ·ထ·က ကျောင်းသားအရွယ်ကတည်းက ဘုန်းစက်က မိန်းကလေးတွေကို သိပ်ကြည်လင်တတ်သူ မဟုတ်။

"နင်တို့မိန်းကလေးတွေနဲ့ အပေါင်းအသင်းမလုပ်ချင်ဘူး၊ သိပ်ဇယားရှုပ်တာ"

ရုပ်သွင်နဲ့လည်း သိပ်တည့်လှသည် မဟုတ်ပါ။

ရုပ်သွင် ဘယ်လောက်လှအောင်ပဲ ပြင်ထားထား နှုတ်ခမ်းနီဆိုးတာကို ရွံရတာနဲ့၊ မိတ်ကပ်နံ့ကို ညှီတယ်ဆိုတာက တစ်မျိုး…

ပစ်ပစ်နှစ်နှစ် မဲ့မဲ့ရွဲ့ရွဲ့ ရှုံ့ချတတ်သူ…

ဘုန်းမြတ်ကတော့ ဘာကိုမှ အလေးအနက်ထားပုံမ





မရှိ။

မိန်းကလေးတွေ လှတာ၊ ချောတာကို ဂရုစိုက်ကြည့်တာ ပျော်စရာကောင်းတယ်လို့ ဖွင့်ပြောတတ်တဲ့သူ…

အ·ထ·ကကျောင်းမှာကတည်းက ဘုန်းမြတ်က ဘုန်းစက်ထက် မျက်နှာပွင့်သည်။ ရုပ်ချင်းသာတူပြီး အကျိုးပေးက ကွာသည်။

ဘုန်းမြတ်ဆို ကောင်မလေးတွေက မျက်လွှာချထားပြီးသားဖြစ်ခဲ့တဲ့အထိ…

ဘုန်းမြတ်မင်းရယ်လို့ ပွင့်လန်းလာခဲ့တော့လည်း ရုပ်သွင် ဘယ်လိုပဲ အခွင့်အရေးပေးပေး သူငယ်ချင်းစည်းကို ဘုန်းမြတ်က မကျော်။

ဒီပြင်ရည်းစားတွေ ဘယ်လောက်ပဲထားထား ရုပ်သွင်ကို ချစ်စကားတစ်ခွန်းမှ မပြောခဲ့ပေ။

"ငါ့မှာ သူငယ်ချင်းကောင်းတစ်ယောက် လိုအပ်တယ်"တဲ့။

ရုပ်သွင်မှာ အဲဒီစည်းမျဉ်းထဲက ကျဉ်းကျပ်စွာ ချော်လင့်နေတုန်း ဘုန်းမြပ် ဘယ်လိုအိမ်ထောင်ကျသွားမှန်းသည်း မသိ။

ဆုံးသွားပြီဆိုတော့လည်း ရင်ထုမနာ ငိုလိုက်ရတာလေ။ သိုးသိုးသဲ့သဲ့ကြားရတဲ့ သတင်းစကားတွေက ပို၍ ရင်နာစရာ ကောင်းလှသည်။

နန်းငွေရည်ဆိုတဲ့ မိန်းမကို ရုပ်သွင် အတော့်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားခဲ့တာ ဖြစ်သည်။

အခု နိုင်ငံခြားမှာနေတဲ့ ဘုန်းစက်က

မိန်းမဆို စိတ်မဝင်စားတတ်တဲ့ အားကစားဘက်မှာပဲ စုပြုံထူးချွန်နေတဲ့ ဘုန်းစက်က ချက်ချင်းကြီး မြန်မာပြည် ပြန်လာ၍ ဒီမိန်းမကိုပဲ ချက်ချင်းကြီး လက်ထပ်ပစ်လိုက်တာ ရပ်သွင် ဘယ်လိုမှနေလို့မရတော့အောင် ရင်ထဲမှာ ပူလောင် ပြင်းပြစွာ ခံစားရတော့သည်။

ဘုန်းစက်ဟာ ငယ်ငယ်ကတည်းက သူမကျေနပ် လက်မခံချင်တာမျိုးကို မိဘတောင် အတိုက်အခံလုပ်ပြတတ် တာ သူသိထားသည်။

နိုင်ငံခြားကလူက နန်းငွေရည်ဆိုတာကို ချစ်လို့ယူ တယ် ဆိုရအောင်လည်း မဖြစ်နိုင်။

ဒါဖြင့် ဒီကလေးတစ်ယောက်အမေ မုဆိုးမကို ဘယ်လိုအာဏာ ပါဝါမျိုးနဲ့ နိုင်ငံခြားထိ ကြိမ်စကြာနဲ့ ရိုက်ခေါ် ပေးစားခဲ့တာလဲ။

ဒီကြားထဲမှာ အကြောင်းတစ်စုံတစ်ရာ ရှိကိုရှိနေ မည်။

ဘာပဲဖြစ်ဖြစ် ဘုန်းစက်ဘက်က ချစ်လို့မဖြစ်နိုင်ဘူး ဆိုတာ သေချာပြီးသား။

ဒါဖြင့် သူ့လိုလူမျိုးက ဘာလို့ကိုယ်တိုင်ကျေနပ်လက်ခံ ခဲ့တာလဲ။ ဒါကို ရပ်သွင် သိချင်နေသည်။

အကုသိုလ်စိတ်များတယ်ပဲ ပြောပြော၊ နန်းငွေရည်





ဆိုတဲ့ မိန်းမကို ဘုန်းစက် ဘယ်လိုဆက်ဆံနေသလဲ။

ဘာအကြောင်းလဲဆိုတာ ရပ်သွင် သိမှဖြစ်မည်။

ကိုယ်တိုင် ချောမောလှပနေပါလျက် ညီအစ်ကို နှစ်ယောက်လုံး၏ ဂရုမစိုက်ခြင်းကို ခံခဲ့ရသော နှလုံးသားက တိုးတိတ်စွာ နာကျင်နေပြီ။

သူ စွန့်လွှတ်ခဲ့ရတဲ့ ဒီနှစ်ယောက်လုံးကို အပိုင်ထိန်းချုပ် ထားနိုင်ခဲ့သော နန်းငွေရည်ဆိုသည့် နာမည်ခပ်ကြောကြောနဲ့ မိန်းမကိုလည်း တတ်နိုင်သမျှ ထိုးနှက်ချင်သည်။

အချစ်ကြောင့် တရားတာ၊ မတရားတာကို ဦးနှောက် က သိပ်မစဉ်းစားချင်။

တစ်ခုခုကို သက်ရောက်စေချင်တာက ကိုယ့်ဆန္ဒ။

"နုနု"

"ရှင်"

"မင်းတို့သခင်မက ပုန်းလှချေလား၊ ညက ထမင်း ဝိုင်းမှာလည်း မဆုံဖြစ်ဘူး၊ ခုမနက်လည်း မတွေ့ဘူး၊ ဘယ် သွားလဲ"

"မမ မပုန်းပါဘူး၊ မနက်ငါးနာရီဆို ဆွမ်းထချက်ပြီး ဆွမ်းတော်ကပ်နေကျလေ၊ မမက ဘယ်တော့မှ မိုးလင်းအောင် အိပ်တတ်ဘူး၊ ခြံထဲမှာ ဘုရားပန်းခူးနေသလားမှ မသိတာ"

လိုတာထက် ပိုပြောသွားသည့် နုနုကို ရပ်သွင်က ခပ်ထေ့ထေ့ပြုံးကြည့်ကာ ချာခနဲ လှည့်ထွက်သွားသည်။

သူ့မျက်လုံးထဲမှာ ပန်းချီကားထဲက မိုးညို့သော



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးထူထူလေးနှစ်ဖက်နှင့် မျက်တောင်ကော့နက်နက်လေးတွေ စင်းကျကာ ခပ်ငေးငေးလေး ကြည့်နေသည့် မျက်နှာတစ်ခု၏ ဆွဲအားကို မခံချင်စိတ်နှင့် ဖျောက်မရနိုင်။

ဒီမိန်းမကို ချစ်ခင်နှစ်သက်ဖွာ ပေါင်းစည်းသွားတဲ့ အိမ်ထောင်ရေးမျိုး လုံးဝမဖြစ်စေရဆိုတဲ့ ဆုံးဖြတ်ချက်ကတစ်ပြိုင်တည်း…။

* * *

"သားသား… အန်တီဆီ လာပါဦးကွဲ့"

ကျောင်းဝတ်စုံလေး ပြေးလဲပြီး ကစားဖို့ ခြံထဲကို ဆင်းလာသည့် မြတ်ကိုမင်းကို ရုပ်သွင်က တိုက်ဝကနေ ဆီးကြိုပြီး တယုတယ ဆွဲခေါ်သည်။

"သားသား ဘယ်သူနဲ့ ကစားမှာလဲ"

"သားသားလေး တစ်ယောက်တည်း ကစားမှာပေါ့"

"အို… ပျင်းစရာကြီးကွယ်"

"တော်ကြာ ဖေဖေပြန်လာမှာ၊ ဖေဖေက သားသားလေးနဲ့ လာကစားမှာပေါ့"

"သားသားကို ဖေဖေက ချစ်လား"

"ချစ်တာပေါ့၊ သားသားလေးကို ဖေဖေကလည်းချစ်တယ်၊ မေမေကလည်း ချစ်တယ်၊ ဘိုးဘိုး ဘွားဘွားတို့ကလည်း ချစ်တယ်"

စကားပြောလျှင် သူ့ကိုယ်သူ သားသားလေးလို့ သည့်သည့်ပြောတတ်တဲ့ ကလေးကို ရုပ်သွင် တကယ့်ကို ချစ်မိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြတ်နဲ့ တစ်ရပ်တည်းပါလားကွယ်…

စွဲလမ်းစိတ်နှင့် တမ်းတမိသည်။

"သားသားလေးနဲ့ အန်တီနဲ့ ကစားမယ်၊ ဘာကစားကြမလဲ"

"အန်တီက ဘာကစားတတ်လဲ"

"အဲ… အန်တီ ဘတ်စကတ်ဘောပုတ်တတ်တယ်၊ ကြက်တောင်ရိုက်တတ်တယ်၊ နေဦး သားသားနဲ့ အန်တီ တူတူပုန်းမယ်လေ"

"တူတူမပုန်းချင်ပါဘူး၊ ပျင်းစရာကြီး၊ သားသားလေးတို့ ကြက်တောင်ရိုက်မယ်"

"ဟင်… သားသားလေးက ရိုက်တတ်လို့လား"

"ရိုက်တတ်တာပေါ့၊ ဖေဖေ သင်ပေးထားတာ၊ အန်တီ့ကို သားသားလေး နိုင်အောင်ရိုက်ပြမယ်"

"ဟုတ်ပြီ၊ ကဲ… လာ"

ခြံထဲမှာ ကြက်တောင်ရိုက်ကွင်းလေး လုပ်ထားပုံက ချစ်စရာလေး။

တကယ်တမ်း ရုပ်သွင် မြတ်ကိုမင်းကို နိုင်အောင် မရိုက်နိုင်ပါ။

ကလေးပီပီ လှစ်လှစ်ပါအောင် ပြေးခုန်နေသည်ကို ရုပ်သွင် မယှဉ်နိုင်။

"ဟေး… အန်တီ ရှုံးသွားပြီ"

သူတို့ ကစားနေရာသို့ ဘုန်းစက် အအေးပုလင်းတွေနဲ့





ရောက်လာသည်။

"ဘုန်းစက်… နင့်သားက သိပ်တော်တာပဲ၊ တကယ် လက်မြှောက်တယ်"

"ရော့… သား"

ရုပ်သွင်နဲ့ သားကို အအေးပုလင်းတွေပေး၍ ဘုန်းစက်က ဖိုင်ဘာခုံလေးမှာ ဝင်ထိုင်လိုက်သည်။

"သားက လျင်တယ် မသွင်ရဲ့၊ ဉာဏ်လည်း ပြေးတယ်၊ ဘာသင်သင် တတ်လွယ်တယ်"

"ဒါပေါ့… ဘုန်းမြတ်သားပဲဟာ၊ ဖအေတူဖြစ်မှာပေါ့၊ ဘုန်းမြတ်က သိပ်တော်တာ"

ဘုန်းစက် သားမျက်နှာကို လှမ်းကြည့်ကာ မသိမသာ မျက်နှာပျက်သွားသည်။

"သားသား… ချွေးတွေရွှဲနေတာပဲ၊ ရေသွားချိုးတော့လေ"

"ဟုတ်"

မြတ်ကိုမင်း အအေးပုလင်းလေးနှင့် ပြေးထွက်သွားသည်။

"ဘုန်းစက်"

"ဘာလဲ"

"နင်တို့အိမ်ထောင်ရေးကြည့်ရတာ တစ်မျိုးပါလား၊ ဘယ်လိုကြီးလဲ"

ရုပ်သွင် စပ်စုပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းစက် တော်တော်နဲ့ မဖြေ။

''ဘာဖြစ်နေလို့လဲ''

''နှင့်မိန်းမကလည်း အေးစက်စက်၊ ခပ်မာမာ၊ နင်က မှုန်ကုတ်ကုတ်နဲ့''

''နေတတ်သလို နေကြတာလေ''

''နင် မချစ်ဘဲယူလိုက်တာမို့လား''

ဘုန်းစက် မျက်လုံးလှန်ကြည့်၍ ဘာမှမပြောဘဲ နေသည်။

ဒါ ဝန်ခံလိုက်တာပေါ့။

ရုပ်သွင် ကျေနပ်သွား၏။

''ငါဖြင့် အရမ်းအံ့သြတာပဲ၊ နင်တို့ညီအစ်ကို ဒီလောက်စန်းပွင့်တာ၊ ဘယ်နှယ့် နင်ကလည်း ကိုယ့်အစ်ကိုရဲ့ မိန်းမကိုပဲ ပြန်ယူရတယ်လို့''

ဘုန်းစက်မျက်နှာကြီး မှောင်မဲနေသည်။

''သူကတော့ သဘောကျမှာပေါ့၊ လူပျိုကိုလည်း ရတယ်၊ လက်ရှိစည်းစိမ် မပျက်တဲ့အပြင် အစွမ်းအစရှိတဲ့ ယောကျ်ားကလည်းဖြစ်သေး၊ ဒါနဲ့ နေပါဦး၊ နင်တို့ဘက်က လူကြီးတွေကလည်း ကိုယ့်သားလူပျိုလေးနဲ့ ဆက်ပေးစားရလောက်အောင် ဒီအမျိုးသမီးက ဘယ်လိုစွမ်းအားမျိုးတွေ ရှိနေလို့လဲ''

''သူက သူ့ဟာသူ နေတာပါ၊ ချည်နှောင်ချင်တာက လူကြီးတွေဘက်က''





''ဘာလဲ... ကလေးကြောင့်လား၊ ကလေးကို အပါ မခံနိုင်လည်း ခေါ်ထားလိုက်ပေါ့၊ သူတောင် လွတ်လပ်သေးတယ်၊ နင်က လက်ထပ်ယူစရာမလိုပါဘူး၊ ဒါနဲ့ နင်ကလည်း လူကြီးတွေ အကျပ်ကိုင်ပေးစားတာကို ခေါင်းညိတ်လိုက်တာပဲ လား''

''ငါ့ဘဝနဲ့ပတ်သက်တာ မပြောနဲ့၊ ငါ့ရဲ့အစိတ်အပိုင်း တစ်စွန်းတစ်စကိုတောင် ဘယ်သူမှအမိန့်ပေးလို့မရဘူး''

''ဒါဖြင့် နင်က သူ့ကိုချစ်လို့လား၊ နင်ကိုယ်တိုင်က လိုချင်တာပေါ့''

ရုပ်သွင်မျက်နှာမှာ ချောက်ချားခြင်းတို့ ပြည့်သိပ် လျက်။

''သူနဲ့ငါ လက်ထပ်တဲ့နေ့ကမှ ဆုံတာ''

''ဟင်... နင့်ဟာက ရှုပ်ကုန်ပြီ''

အတွင်းရေးကို ဂဃဏနမသိသော ရုပ်သွင်ကို သူ ရှင်းမပြချင်။

''အကျိုးဖြစ်လာတာ အကြောင်းတော့ရှိတာပေါ့ ရုပ်သွင်၊ ဒါတွေက ပြီးခဲ့ပါပြီ''

ဘုန်းစက် စကားဖြတ်ပစ်လိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

“ဟာ… ဘိုးဘိုးကြီးတို့ လာပြီ”

ခြံထဲ ကားဝင်လာကတည်းက လှမ်းမြင်လိုက်သည့် မြတ်ကိုမင်း ဝမ်းသာအားရ ပြေးထွက်သွားသည်။

“ဟာ… မေမေရေ၊ ကီးကီးလည်း ပါလာတယ်”

ကီးကီး…

သူချစ်သော ကီးကီးပါ…

အသံတွေကြားပေမယ့် လုပ်လက်စအလုပ်က ထားခဲ့မရတာကြောင့် အပြင်မထွက်နိုင်။

“လူလေးရေ… သမီး ဘယ်မှာလဲကွယ့်”

အိမ်ထဲကထွက်လာသည့် ဘုန်းစက်နဲ့အခြားမိန်းကလေးတစ်ယောက်။

ဒေါ်စိန်ပွင့်နှင့် ဒေါ်မြင့်မြတ်အေး တစ်ယောက်မျက်နှာတစ်ယောက် မသိမသာ ကြည့်ကြသည်။

ရုပ်ရည်သန့်သန့်နှင့် ခပ်ချောချော အနှီမိန်းမက မည်သူပါနည်း။

ရုပ်သွင်ကလည်း ကြည့်နေသည်။ နှုတ်ခမ်းက





ပြုံးထားပေမယ့် ခေါင်းထဲမှာ အတွေးပေါင်းများစွာ။

ဒါ ဘုန်းစက်တို့ဘက်က လူကြီးတွေပဲ ဖြစ်မည်။

ကားမောင်းသူနေရာမှ ဆင်းလာသူက ရှမ်းတိုက်ပုံ ဘောင်းဘီရှည်ပွပွဖားဖားကြီးနှင့် အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး လူကြီးတစ်ယောက်။

မိန်းမကြီးတွေက အသက်ကြီးပုံပေါ်ပေမယ့် အရွယ်တင် နုပျိုနေကြသည်။ နှစ်ယောက်လုံး အပြာကြီးကြီး ဆွဲကြိုးရှည်ကြီးတွေ၊ စိန်နားကပ်၊ စိန်ဆံထိုးများနှင့် ရှေးပုံနန်းဆန်သလောက် ကျက်သရေရှိနေကြသည်။

“သူက ဘယ်သူလဲ လူလေး”

ဒေါ်မြင့်မြတ်အေးက တည့်တည့်ပဲ မေးသည်။

“ရုပ်သွင်တဲ့၊ ကျွန်တော်တို့ သူငယ်ချင်းပါ”

ဒေါ်စိန်ပွင့်က မပြုံးမရယ် မျက်နှာနှင့်…

“ကျွန်တော်တို့ဆိုတာက”

“ကိုကိုနဲ့လည်း ခင်တယ်လေ၊ သူက ဆရာဝန်ပါ၊ ရန်ကုန်မှာ ဆေးခန်းဖွင့်ဖို့ကိစ္စလာရင်း ဒီမှာတည်းတာ”

“ဪ”

ဒေါ်မြင့်မြတ်အေး ခေါင်းတစ်ချက်ညိတ်၍ သူတို့ကိုရှောင်ကာ ဝင်သွားသည်။

ရုပ်သွင် ရင်ထဲမှာ ခံပြင်းသွား၏။

သူတို့ အထဲဝင်လာတော့ ဧည့်ခန်းထဲမှာ မြင်ရသည့်မြင်ကွင်းက ရုပ်သွင်အတွက် မသက်သာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘဘက ကီးကီးကို မြေးလေးအတွက် ခေါ်လာတာ ပေါ့၊ ဘိုးမြေး တစ်ယောက်တည်း ပျင်းနေတယ်မို့လား"

"ဟုတ်တယ်၊ ဘိုးဘိုးကြီးက သိပ်လိမ္မာတာပဲ၊ ဘွားဘွားတို့ရော ဘာမှမပါဘူးလား"

ဒေါ်မြင့်မြတ်အေးက စောစောကမျက်နှာနှင့် ခြားနားစွာ ရှိုအီအီကြီးပြုံး၍ ဒေါ်စိန်ပွင့်ကို မျက်စလှမ်းပစ်သည်။

"ရှိတော့ ရှိတယ်၊ ဒါပေမယ့် ဘွားဘွားက စကားတတ်အောင် သင်နေတုန်းမို့ ခေါ်မလာခဲ့ဘူး"

"ဘာတဲ့လဲ၊ ဘာလေးလဲဟင် ဘွားဘွား"

"ကြက်တူရွေးရော၊ သာလိကာလေးရော၊ အဖိုနဲ့အမ နှစ်စုံတောင်ရှိတယ်"

"အဖိုနဲ့အမဆိုတာ ဘာလဲ ဘွားဘွား"

ဒေါ်မြင့်မြတ်အေးက မြတ်ကိုမင်းလေးကို ချစ်လွန်းစွာ ပွေ့ဖက်၍ ရွှတ်ခနဲ နမ်းလိုက်သည်။

"အဖိုနဲ့အမဆိုတာ အထီးလေးနဲ့ အမလေးလို့ ပြောတာပေါ့ မြေးရဲ့၊ မြေးလေး ဖေဖေနဲ့ မေမေလို လင်မယားပေါ့"

"ဟာ… ဒါဆို သားသားလေး မွေးဦးမှာပေါ့နော်"

"အေးပေါ့"

သူတို့ပြောရင်း ခိုးခိုးခစ်ခစ်ရယ်သံများနှင့် စိုပြေနေသည်။

"ဘွားဘွား… သူတို့က စကားပြောမှာပေါ့နော်"





"ဒါပေါ့ မြေးရဲ့၊ ခုတောင် အိမ်ကလူတွေကို ခေါ်တတ်နေပြီ၊ ထမင်းစားဖို့ပြောတတ်နေပြီ၊ အိပ်ရာထဖို့လည်း နှိုးတတ်နေပြီ"

"တကယ်"

"တကယ်ပေါ့"

"သားသားလေး လိုချင်လိုက်တာ"

"နွေရာသီကျောင်းပိတ်တဲ့အချိန်ဆို အတော်ပဲ၊ သာလိကာလေးနဲ့ သူငယ်ချင်းတွေလို အပြန်အလှန် စကားပြောလို့ရအောင် ဘွားဘွားတို့က သင်ထားပေးမှာ"

"ဟေး"

မြတ်ကိုမင်း မျက်နှာလေး ဝင်းလက်တောက်ပကာ ရွှင်မြူးနေတော့သည်။

"သမီး… လာထိုင်လေကွယ်"

မတ်တပ်လေးရှိနေသည့် ငွေရည့်လက်ကို ဒေါ်စိန်ပွင့်က လှမ်းဆွဲကာ အနားမှာ ထိုင်နိုင်းသည်။

"သမီးအတွက် ဒွေးတော် ရောင်စုံအနွေးထည်လေးတွေ ထိုးလာတယ်၊ ဒီမိုးကုန်ရင် ဆောင်းရောက်တော့မှာလေ"

"ဒွေးတော်က ကျွန်တော့်ဖို့ရော မပါလာဘူးလား"

"လူလေးက ဂျာကင်တွေပဲ ဝတ်တတ်တာဆိုတော့ ခေါင်းစွပ်ချိုင်းပြတ်လေး နှစ်ထည်ပါတယ်၊ ရော့… ဒါက မြေးလေးဖို့"

အဘွားကြီးသာ ဆိုတယ်…



www.burmeseclassic.com

www.burmeseclassic.com



ထိုးထားလိုက်တဲ့ သိုးမွေးအင်္ကျီတွေက စက်နဲ့ထိုးထားသလို အိညက်ပြောင်လက်ကာ အဆင်ဒီဇိုင်းတွေက ပလာဇာတွေမှာ တင်ရောင်းဖို့ပင် ကောင်းနေတော့သည်။

"သမီး ကြိုက်ရဲ့လား"

"ကြိုက်ပါတယ် ဒွေးကော်"

"ရော့... သမီး၊ ဒါက ဒွေးကော်ကြီး ပေးတာ"

ကျောက်စိမ်းပုတီးလေးက အရောင်တွေထွက်နေသလို မျက်စိက မခွာနိုင်အောင် လှသည်။

"သမီးက ဘုရားတရား ရှိသေတတ်တယ်လို့ မယ်စိန်ပြောလို့ ဒါကို တမင်ယူလာတာ၊ နေ့စဉ် ဂုဏ်တော်ပုတီးစိပ်ကွဲ့၊ ကြားလား"

"ဟုတ်ကဲ့"

"ဘိုးဘိုး"

"ဟေ"

"ဘိုးဘိုးက မေမေ့ကို ဘာမှမပေးဘူးလား"

"အေးကွ၊ ဘိုးမြေး ဒီလိုမှမေးပါ့မလားလို့ ဘိုးက စောင့်နေတာ"

ဦးမင်းအောင်ထက် သူ့တိုက်ပုံအိတ်ထဲက ပုတီးလေး ဆွဲထုတ်လိုက်သည်။

အလုံးအနည်းငယ်ကြီးသော ကျောက်စိမ်းပုတီးလေးပဲ ဖြစ်သည်။

"ရော့... သမီး၊ ဒါ တစ်ရာ့ရှစ်လုံးပုတီး မဟုတ်ဘူး၊





ပဋ္ဌာန်းပုတီးလို့ ခေါ်တယ်၊ မနက်အရုဏ်တက်တိုင်း အဓိဋ္ဌာန်နဲ့ စိပ်၊ သိပ်ကို မင်္ဂလာရှိတယ်"

"ဟုတ်ကဲ့ ဘဘ"

ငွေရည် တရိုတသေ လှမ်းယူသည်။

"အခေါက်တိုင်း မြေးလေးဖို့ချည်း ပါပါလာလို့၊ ဒီတစ်ခါ အမှတ်တရယူခဲ့ကြတာ၊ ဒီနွေကျောင်းပိတ်ရက်မှာ လူလေးတို့မိသားစု ကလောကို အလည်လာကြမယ် မို့လား"

ဘုန်းစက်က ငွေရည့်ကို လှမ်းကြည့်သည်။

ငွေရည် အနည်းငယ် တုံ့ဆိုင်းနေပြီးမှ...

"ဟုတ်ကဲ့... လာဖြစ်မှာပါ"

"အေး... လာဖြစ်အောင် လာရမယ်၊ အဲဒီမှာ မိသားစုစုံတဲ့အထိမ်းအမှတ် မီးပုံပွဲလုပ်မယ်၊ မြေးလေးနဲ့ အမှတ်တရပေါ့"

ရုပ်သွင် မသိမသာ ရှောင်ထွက်လာခဲ့သည်။

တန်ဖိုးမနည်းလှသော လက်ဆောင်တွေကို ဝန်တိုစိတ်နှင့် စိတ်က မကြည်။

သူတို့မိသားစု နန်းငွေရည်အပေါ် ဘာလို့ ဒီလောက် နွေးထွေးနေကြတာလဲ။

မြတ်ကိုမင်းကို ကွက်ခနဲ မြင်လာသည်။

ဒီကလေးကြောင့်ပဲ ဖြစ်မှာပါ။

နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ဖြစ်ထွန်းသွားသည်။

သူ့ကိုကျတော့ အဖတ်မတန်သလို ကြည့်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အဘွားကြီး…

ကြည့်ထား… ရှင်တို့မကြည်တဲ့ အဲဒီရုပ်သွင်ဆိုတာ ဘာလဲလို့ မကြာခင် သိရမယ်။

* * *

"ဒွေးတော်… ဆွမ်းတော် အဆင်သင့်ဖြစ်ပါပြီ"

"လာပြီ သမီး"

ဒွေးတော်နှစ်ယောက်လုံး သနပ်ခါးအဖွေးသားနှင့် ဘုရားခန်းထဲ ဝင်လာကြသည်။

"ဘုရားစင်က သပ္ပါယ်လိုက်တာကွယ်"

"ဟင်… သမီးက ဆွမ်းတော်ပွဲကို ဟင်းနဲ့ ပေါင်း မတင်ဘူးလား"

"မတင်ဘူး ဒွေးတော်၊ သံဃာတော်ကို ကိုယ်တိုင် ဆွမ်းကပ်သလို ဟင်းအမယ်တွေ သပ်သပ်ထားပြီး သောက်တော်ရေရော၊ လက်ဆေးရေပါ၊ လက်သုတ်ပဝါကအစ ငွေရည် စုံအောင်ကပ်ထားတယ်၊ အချိုပွဲကိုလည်း နွာပြီး စိပ်ပြီး အဆင်သင့် ကပ်တာ၊ အလုံးလိုက်က သပ်သပ်ပေါ့"

ဒေါ်မြင့်မြတ်အေး မျက်နှာမှာ ကြည်နူးရိပ်တွေ ပြည့်လျှံသွားသည်။

"ငွေရည်လေ ဘုရားကိုယ်တော်တိုင် ဘုဉ်းပေးနေ သလိုပဲ စိတ်ကဖူးမှတ်ပြီး ဘုရားရှိခိုး ဆွမ်းတော်ကပ်ပြီးတာနဲ့ ယပ်ခတ် ပေးနေကျ"

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ငွေရည်က ပြုံးလိုက်ကာ

"ငွေရည့်ကို ကြောင်တယ်ပဲထင်ထင်၊ ဘုရားဆွမ်းတော်ပွဲကို လက်အုပ်ချီဆုတောင်းပြီးတာနဲ့ ထထွက်တာမျိုး ငွေရည် အားမရဘူး၊ ဆွမ်းစားပြီးချိန်လောက်မှ ငွေရည် အဲဒီဆွမ်းတော်ပွဲကို စောင့်သိမ်းတာ"

"သာဓုကွယ်... သာဓု... သာဓု..."

ဒေါ်စိန်ပွင့်က ကြည်နူးစွာ သာဓုခေါ်၍ ငွေရည့်မျက်နှာလေးကို ဆွဲမော့လိုက်သည်။

"ငါ့သမီး ဘယ်တော့မှ ဒုက္ခမရောက်ဘူး၊ ချမ်းသာသုခနဲ့ အမြဲပြည့်စုံနေမှာပါကွယ်"

ဒွေးတော်နှစ်ယောက် ဆွမ်းတော်ကပ်၊ အာရုံပြု ပုတီးစိပ်နေတာကို ငွေရည် ငြိမ်သက်စွာစောင့်ရင်း ဆွမ်းတော်ပွဲကို သိမ်းလိုက်သည်။

တစ်နာရီခွဲတိတိကြာမှ ဒွေးတော်တို့ ပုတီးစိပ်လို့ ပြီးကြ၏။

"ဘွားဘွား"

မြတ်ကိုမင်းက ဘုရားခန်းဝက စောင့်နေသည်။

"ဘာရိတ်ဖက်စ်စားဖို့ အားလုံးပြင်ပြီးပြီ"

"မြေး ဒီနေ့ ကျောင်းပိတ်တယ်နော်"

"ဟုတ်တယ် ဘွားဘွားရဲ့၊ အစက ဒီနေ့ သားသားလေး ဖေဖေနဲ့ ကွန်ပျူတာခန်းမ လိုက်သွားမလို့၊ ဘွားဘွားတို့ရှိတော့ မလိုက်တော့ဘူး"



"ဒါဆို တို့မြေးအဘွားတွေ ရွှေတိဂုံဘုရား သွားကြမယ်"

"သွားမယ်"

"သမီးပါ လိုက်မလား"

"မလိုက်တော့ဘူး ဒွေးတော်၊ ဟိုမှာစားဖို့သောက်ဖို့ ငွေရည် ပြင်ပေးလိုက်မယ်"

"အို... လုပ်မနေနဲ့၊ ဒုက္ခရှာလို့၊ ဟိုမှာပဲ တစ်ခုခု ဝယ်စားမှာပေါ့"

မနက်စာ စားပွဲမှာ ဦးမင်းအောင်ထက်နဲ့ ဒေါ်စိန်ပွင့်အတွက် ထမင်းကြော်နဲ့ ကြက်သားကြော်၊ ဘဲဥ ဟတ်(ဖ)ရိုက်ပါ စီစဉ်ထားကာ ဒေါ်မြင့်မြတ်အေးအတွက် ပေါင်မုန့်မီးကင်နဲ့ နွားနို့ပူပူ။

ဘုန်းစက်က ကော်ဖီခါးခါး၊ မြတ်ကိုမင်းက နွားနို့နဲ့ ဘီစကစ်...

"ဟဲ့... တစ်ယောက်တစ်မျိုး စားစရာတွေက မနည်းပါလား၊ စီစဉ်ရတဲ့လူ သေရောပေါ့"

"အကြိုက်မှမတူတာ ဒွေးတော်ရဲ့၊ ဟိုမှာညှော်သည် အတွက် စီစဉ်ထားတာတောင် ရှိသေးတယ်"

နဖူးမှ ချွေးစလေးတွေ ဥနေသည့် ငွေရည့်ကို ဒေါ်မြင့်မြတ်အေးက မော့ကြည့်သည်။

သူတို့အကြိုက်ကိုလည်း အပေါ့ အငန်ကအစ လိုလေသေးမရှိ စီစဉ်ပေးထားပုံက အကွက်ကိုစေ့လို့။



www.burmeseclassic.com

www.burmeseclassic.com



အရေးပေးသလောက် အခွင့်အရေးမယူခဲ့တဲ့ မိန်းကလေး။

သူ့ရင်ထဲမှာ ကျေနပ်ခြင်းများစွာနှင့်…

* * *

"လူလေး… မင်းညွှန့်သည်က ပြန်မယ့်ညွှန့်သည်မှ ဟုတ်ရဲ့လား"

သူတို့ရောက်နေတာပဲ ငါးရက်ရှိပြီ။ ရုပ်သွင်ဆိုတဲ့ မိန်းကလေးကို မြင်လိုက်တိုင်း ဘုန်းစက်အနားမှာ။

ဘုရားသွားလို့ပြန်လာတိုင်း၊ အိမ်ပေါ်ထပ်က ဆင်းလာတိုင်း၊ ခြံထဲကို လှမ်းကြည့်လိုက်တိုင်း…

"ဒီမိန်းကလေး နေပုံ ထိုင်ပုံကို ဒွေးတော်မကြိုက်ဘူး လူလေး၊ သူ့မျက်လုံးတွေကလည်း မရိုးသားဘူး၊ လျှို့ဝှက်ကောက်ကျစ်မှုရှိတဲ့ မျက်လုံးမျိုး"

ဘုန်းစက်ကို စကားပြောချင်တာတောင် သူ့အလစ်ကို ချောင်းနေရတဲ့အဖြစ်။

"သူ ဂူနွေမမဲ့ပါဘူး ဒွေးတော်၊ ပညာတတ် ဆရာဝန်တစ်ယောက်ပါ"

"အို… သင်လို့တတ်တဲ့ပညာနဲ့ အသိပညာနဲ့ တူတာ မှတ်လို့၊ အသိပညာရှိမှ ဆင်ခြင်တုံတရားရှိတာ၊ ဒွေးတော် သိပ်ရှည်ရှည်တော့ မပြောချင်ဘူးကွယ်၊ မနက်ဆို ဒွေးတော်တို့

www.burmeseclassic.com



ပြန်တော့မှာ၊ ဒီမိန်းကလေးကို ဒီမှာ ကြာကြာလက်ခံထားရင် မင်းတို့အိမ်ထောင်ရေး တစ်ခုခုဖြစ်လိမ့်မယ်”

“ဟုတ်တယ်၊ ဒွေးတော်ကြီးလည်း သဘောမကျဘူး၊ ကြည့်လိုက်တိုင်း သူက ကလေးနဲ့ ဖအေနားမှာချည်းပဲ၊ ငွေရည့်ကျတော့ အမြဲ အလုပ်တစ်ခုခုလုပ်လျက်၊ လူလေးတို့ ပုံစံက အပြင်လူ အမှတ်တမဲ့မြင်ရင် ဟိုမိန်းကလေးနဲ့ပဲ ဘာလိုလို”

“ဟာ… ဒွေးတော်ကလည်း”

“ဟဲ့… ဒွေးတော်ကလည်း မလုပ်နဲ့၊ လူကြီးက ကြိုမြင်လို့ပြောတာ၊ မင်းလည်း ငွေရည့်အပေါ်ဆက်ဆံတာ နည်းနည်းမာကျောသလိုပဲ၊ အိမ်ထောင်တစ်ခုက ဖြစ်လာပြီ ဆိုကတည်းက ပြိုကွဲဖို့ထက် တည်မြဲဖို့ပဲ ကြိုးစားရမယ်”

ဘုန်းစက် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်တော့သည်။

သူကမှမပြန်ဘဲ။ ရင်းနှီးနေကြတဲ့သူတွေချင်း နှင်ချလို့ကောင်းမလား။

ရုပ်သွင်ကလည်း တကယ်ဆို လူကြီးတွေကို ခေါ်ပြောနှုတ်ဆက်ဖို့ကောင်းသည်။

သူက ခပ်တည်တည်၊ ရှောင်ဖယ်ဖယ်နေတော့ လူကြီးတွေက အမြင်မကြည်။

ပြန်မယ့်မနက်ကျတော့ မြေးအဘိုးတွေ နှုတ်ဆက်ကြ၊ နမ်းကြနှင့် ရှုပ်ယှက်ခတ်လို့…





“ဟဲ့… ကီးကီး၊ နင်က ငါနဲ့မနေခဲ့ဘူးလား”

သူမနေခဲ့ချင်တဲ့ပုံနဲ့ ကီးကီးက ကားပေါ်ကို အရင်တက် ထိုင်နေ၏။

“ဟာ… ဟုတ်ပါရဲ့၊ ကီးကီး ဘယ်နှယ့် ကားပေါ် ရောက်နေတာလဲ”

“မေမေရေ… လာပါဦး၊ ဒီမှာ ကီးကီး မနေခဲ့ဘူး”

ငွေရည်ထွက်လာတော့ ကီးကီး ကားပေါ်ကနေ လွှားခနဲ ပြန်ဆင်းကာ ငွေရည့်ကို ပတ်တတ်ရပ်၍ နှုတ်ဆက်နေသည်။

“ကီးကီး… နင် သားနဲ့မဆော့ဘူးလားဟင်၊ ဒီမှာ မနေခဲ့ဘူးလား”

ကီးကီးက ငွေရည့်လက်ကို တစ်ချက်နမ်း၍ ကားပေါ် ပြန်တက်သွား၏။

“ကီးကီးပုံစံက ဟိုးအရင်ကနဲ့ မတူဘူးနော်၊ ဒီရောက်ကတည်းက သိပ်ရွှင်ရွှင်လန်းလန်း မရှိဘူး”

“ဟုတ်တယ် သမီးရဲ့၊ လူလေး ဘုန်းမြတ်ဆုံးသွားပြီး အဲ… သမီးထွက်သွားပြီးကတည်းက ဖြစ်လိမ့်မယ်၊ ကီးကီး လုံးဝမဆော့တော့ဘူး၊ သမီးတို့အိပ်ခဲ့တဲ့ ပန်းချီခန်းထဲမှာပဲ သူ နေတယ်၊ မိကျောင်းကန်မှာ သွားနေတယ်၊ သူက သခင်ကို ဘိပ်သံယောဇဉ်ကြီးတဲ့ ခွေးလေးပဲ၊ သူ့ခမျာ မပြောဆိုတတ်တော့ ဝိုခံစားရရှာမှာပေါ့”

ဒေါ်စိန်ပွင့်က ငွေရည့်မျက်နှာလေးကို စိုက်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



အနားက ဘုန်းစက်ကိုပါ လှည့်ကြည့်၏။

သူတို့နှစ်ယောက်ရဲ့ အနေအထားကို ရိပ်မိသိရှိနေတဲ့ မျက်နှာနှင့်…

"လူလေးနဲ့ သမီး တစ်ယောက်ကိုတစ်ယောက် နားလည်ခွင့်လွှတ်ကြပါ၊ တစ်ယောက်ရဲ့အားနည်းချက်ကို တစ်ယောက်က မဖိပါနဲ့"

ဒေါ်မြင့်မြတ်အေးက ဘုန်းစက်နဲ့ ငွေရည်ရဲ့ လက်တစ်ဖက်စီကို ဆွဲ၍ ပူးယှက်ကိုင်ကာ…

"အစကတော့ သမီးကို ဒွေးတော်ကြီး အထင်လွဲခဲ့တယ်၊ အထင်လည်း သေးခဲ့ပါတယ်၊ မနေ့တစ်နေ့ကအချိန်ထိ အမြင်တစ်မျိုးနဲ့ပေါ့၊ ခုတော့ ဒွေးတော်ကြီး စိတ်ပြောင်းသွားပြီ၊ သမီးကို ဒမြေးရဲ့ မိခင်ကောင်းတစ်ယောက်အဖြစ် မြမျိုးမြင့်မာန်ရဲ့ မိသားစုဝင်ဖြစ်ကြောင်း ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ပြီ"

အစကတော့ ကိုယ်ဝန်အငှားလွယ်ခိုင်းခဲ့တဲ့ မိန်းမတစ်ယောက်အဖြစ်သာ ဒေါ်မြင့်မြတ်အေး သဘောထားခဲ့သည် မဟုတ်ပါလား။

"သမီးရဲ့စိတ်ဓာတ်၊ အမူအရာ၊ အားလုံးကို ဒွေးတော်ကြီး သဘောကျတယ်၊ လူလေးလည်း ကိုယ့်ဇနီးအပေါ် တာဝန်ကျေပါ၊ ချစ်ချစ်ခင်ခင် ပေါင်းသင်းကြပါ"

"ဟုတ်ကဲ့"

ငွေရည် အသံထွက်ပေမယ့် ဘုန်းစက် ငြိမ်သက်နေ





၏။

ဒါပေမယ့် ဒွေးတော်ကြီးထည့်ပေးတဲ့ ငွေရည့်လက်ကလေးကိုတော့ ထွေးဆုပ်ထားသည်။

အားလုံး အနားမှာမရှိကြတော့ သူ ငွေရည့်ကို လှည့်ကြည့်သည်။

"ငွေရည်"

"…"

"မင်း ကိုယ့်ကို ဘယ်လိုသဘောထားလဲ"

"ရှင်ထားခိုင်းတဲ့အတိုင်း ထားတယ်လေ"

ငွေရည် လှည့်ထွက်သွားတော့ လက်ကိုဆုပ်ကိုင်ထားလျက် ဘုန်းစက် အတူပါလာသည်။

"ခြံထဲ ခဏသွားရအောင်"

"ကျွန်မ အလုပ်ရှိသေးတယ်"

"ပြီးမှလုပ်ကွာ"

ငွေရည်က စိတ်တိုလာပြီဆို သူ့ကိုယ်ပိုင် ကလေးဆန်တဲ့ ဟန်ကလေးတွေပေါ်လာကာ သူ့ကိုယ်သူ ငွေရည်ဆိုတာလေး ထည့်ပြောတတ်ပြီး အသည်းယားလာအောင် ချစ်ဖို့ကောင်းသလောက် ပုံမှန်အတိုင်းဆို ရှင်တွေ ကျွန်မတွေနှင့် ဟန်ကြီးလုပ်ကာ ခပ်တည်တည်နှင့်။

ငွေရည့်ကို အနားမှာထိုင်ခိုင်းပြီး နုသွယ်အိစက်နေသည့် လက်ချောင်းလေးတွေကို သူ တစ်ချောင်းချင်း ကိုင်ကြည့်နေသည်။

www.burmeseclassic.com



အဲဒီမှာ ဝတ်ထားသည့် နဂါးလက်စွပ်ကိုပါ သူ ငေး ကြည့်၏။

"ဒွေးတော်တို့ရှေ့မှကျတော့ မင်းက သိပ်ကိုနူးညံ့ပြီး အပြစ်ကင်းနေတာပဲ၊ သူတို့လည်း သိပ်ကိုသဘောကျသွားကြတယ်"

"ကျွန်မက တမင်ဖြားယောင်းနေတာလို့ ရှင်က ပြောချင်တာလား"

"မဟုတ်ဘူး၊ အဲဒီနူးညံ့နေတာတွေ၊ အပြစ်ကင်းနေတဲ့ မျက်နှာတွေက ကိုယ့်ဘက်ကိုလှည့်လိုက်တော့ ဆန့်ကျင်ဘက် ဖြစ်သွားတယ်"

ငွေရည်က လက်ကို ဆတ်ခနဲရုန်း၍ ဘုန်းစက်မျက်နှာကို တည့်တည့်ကြည့်လိုက်သည်။

"ရှင်လည်း ကျွန်မကို အဲလိုပဲကြည့်ပေါ့၊ ကျွန်မ ဟန်မဆောင်တတ်ဘူး၊ ချစ်တဲ့လူကို ချစ်သလိုဆက်ဆံတယ်၊ မုန်းတဲ့လူကိုလည်း မုန်းသလိုပဲ ဆက်ဆံမှာပဲ"

"ဒါဆို ဒွေးတော်ဆုံးမသွားတာတွေကို ဟုတ်ကဲ့လို့ ပြောလိုက်တာ ဟန်မဆောင်ဘဲ ပြောတာလား၊ ဟန်ဆောင်ပြောလိုက်တာလား"

ငွေရည် မျက်နှာလေး နီသွားသည်။

"ဒါက လူကြီးတွေပြောစကားကို ခေါင်းခါလို့ မကောင်းလို့ပေါ့"

"ဒါဆို ဟန်ဆောင်လိုက်တာပေါ့"





"အခြေအနေအားလုံ"

ဘုန်းစက် ဟက်ခနဲရယ်၍ ငွေရည့်လက်ကလေးကို လှမ်းဆွဲသည်။

"မင်းမဆိုးဘူး၊ စကားအရှောင်ကောင်းတယ်"

"ဒီမှာ ကိုဘုန်းစက်"

"ဘာလဲ"

"ရှင် ကျွန်မကို တရင်းတနှီးနေဖို့ မကြိုးစားပါနဲ့၊ အနားကပ်ဖို့လည်း စိတ်မကူးပါနဲ့၊ ရှင့်ရဲ့ မူလရည်ရွယ်ချက်အတိုင်း ဆက်လျှောက်ပါ၊ ရှင့်စကားနဲ့ ရှင့်ရဲ့အပြုအမူတွေကို တစ်ထပ်တည်းကျစေချင်တယ်"

"ဟုတ်တယ်၊ ကိုယ် မင်းကို ရက်ရက်စက်စက်ပြော၊ ရက်ရက်စက်စက် နှိပ်စက်ချင်တာ"

"လုပ်လိုက်စမ်းပါ၊ ကျွန်မ ကျေကျေနပ်နပ် ခံနေတာပဲ၊ ရှင်ပေးသလောက် ကျွန်မ ပြန်ပေးနိုင်အောင် ကြိုးစားမှာပေါ့"

"ဒါပေမယ့် လက်တွေ့မှာ တော်တော်ခက်နေတာ"

ဘုန်းစက် ကိုယ့်ကိုယ်ကို မကျေနပ်သလို စိတ်ရှုပ်ထွေးဟန်နဲ့ ဆိုသည်။

"ဘုန်းစက်ရေ... နင် ဒီနေ့ ဘယ်သွားစရာရှိလဲ"

ရုပ်သွင်က သူတို့နှစ်ယောက်ရှေ့မှာ လာရပ်တော့ ငွေရည် ထထွက်လာခဲ့သည်။

ငွေရည်ထိုင်ခဲ့တဲ့နေရာမှာ ရုပ်သွင်က ဝင်ထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… ပြောလေဟာ"

"ရှိတော့ရှိတယ်၊ မသွားချင်သေးလို့"

"ဒါဖြင့် ငါ့ကို ရုပ်ရှင်လိုက်ပြပါလား"

ဘုန်းစက်က ရုပ်သွင်ကို အံ့ဩသလို ကြည့်သည်။

ငွေရည်တောင် ဒီနေ့ထိ ရုပ်ရှင်ကြည့်ဖို့ သူ့ကို တစ်ခါမှ မပြောခဲ့ဖူး။

"မဖြစ်ဘူး ရုပ်သွင်၊ ငါ ဒီနေ့ သားကို ကွန်ပျူတာ သင်ပေးဖို့ ပြောထားတယ်"

"ဟင်… နင်ကလည်း၊ ကလေးလည်း ကျောင်းပိတ်တဲ့ဟာ၊ သူ့ကိုပါ ခေါ်ခဲ့ပေါ့"

"မဖြစ်ပါဘူး၊ သူ့မအေက ထည့်မှာမဟုတ်ဘူး"

"နင်က မိန်းမကြောက်နေတာလား"

"မဆိုင်ဘူးလေ၊ ကလေးအရွယ်ဆိုတာ မအေ့လက်ထဲမှာပဲ၊ ငါတို့က အပြင်လူ"

ရုပ်သွင်က နှုတ်ခမ်းကိုမဲ့၍

"အဲဒါခက်တာပေါ့၊ နင်တို့တွေ ဒီသဘောတွေရှိလို့ အားလုံးကို ဟိုက အုပ်စိုးထားတာ"

"ဘယ်လို… ရုပ်သွင် ဘာပြောတာလဲ"

ဘုန်းစက်မျက်နှာ အနည်းငယ်တင်းသွားတော့ ရုပ်သွင် စကားကို ဦးတည်ချက် ပြောင်းပစ်လိုက်သည်။

"နင်ကလည်းဟာ… သားသမီးဆိုတာ ဖအေရော မအေရော ပူးပေါင်းထိန်းကျောင်းမှ မျှတတဲ့အသိဉာဏ်ရှိမှာ





မဟုတ်ဘူးလား၊ မအေက တစ်ယူသန်နေရင် ကလေးက တစ်ယူသန်မှာပေါ့၊ မအေက မျှတတဲ့အတွေးအခေါ်ရှိတဲ့သူ ဆိုရင် ဖအေက ထပ်ဆုံးမတော့ ကလေးရဲ့အသိမှာ မျှတသွားတာပေါ့၊ ငါက အဲဒါကို ပြောတာ"

"သူ့မအေက အရည်အချင်းရှိပါတယ်"

ရုပ်သွင် ငြိမ်နေလိုက်ရသည်။

ရှေ့တိုးကြည့်ဖို့ စမ်းကြည့်လိုက်သည်။

မရသေးတော့ နောက်တစ်လှမ်း ပြန်ဆုတ်ရုံပေါ့။

ဘုန်းစက်ရယ်…

ငါရောက်လာတာကိုက အဲဒီရည်ရွယ်ချက်က အဓိက။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

"နုနုရေ… သူတို့ပြန်လာရင် တံခါးစောင့်ဖွင့်ပေး လိုက်နော်"

ပြောပြီး သားလေးစာကြည့်နေတုန်း ငွေရည် အင်္ကျီ ကြယ်သီးချောင်နေတာတွေ ထိုင်ချုပ်နေလိုက်သည်။

"မေမေ… ဖေဖေနဲ့ ဟိုအန်တီ ဘယ်သွားတာလဲ ဟင်"

"သားဖေဖေရဲ့အလုပ်ထဲ လိုက်သွားမယ်ပြောသွားတာ ပဲလေ၊ မေမေလည်း မသိဘူး"

မြတ်ကိုမင်းက ပါးနပ်တဲ့ကလေးပီပီ…

ဖအေကို ရုပ်သွင်နဲ့သွားတာ လာတာ သိပ်ကျေနပ်ပုံ မပေါ်။

"ကိုယ့်စာကို စိတ်ပါလက်ပါကျက် သား၊ လူကြီးတွေ ကိစ္စကို စိတ်မဝင်စားရဘူး"

"ဖေဖေက မေမေ့ကျတော့ ဆူတယ်၊ အဲဒီအန်တီနဲ့ ကျတော့ တစ်ခါမှရန်မဖြစ်ဘူး"

သားလေးတောင် သတိထားမိနေပါလား။





ငွေရည် နာကျင်လာတဲ့စိတ်ကို မရမကဖျောက်ပစ် လိုက်သည်။

သူနဲ့ပတ်သက်သမျှ ဘာမှမခံစားတတ်အောင် နေနိုင်မှ ဖြစ်မှာပါ။

"တီ"

"ဟော… ဖေဖေ ပြန်လာပြီ"

ဆတ်ခနဲ ထရပ်လိုက်သည့် သားလက်ကလေးကို ငွေရည် ဆွဲထားလိုက်သည်။

"သွားမကြိုနဲ့တော့ သား၊ စာပဲဖတ်နော်"

ဆိုင်ကယ်နဲ့ ဖက်တွယ်ပြန်လာတာကို သားမမြင်စေ ချင်လို့ တားလိုက်ရပေမယ့် စိတ်တော့မကောင်း။

ခါတိုင်းဆို ညနေတိုင်း သားကို ကျောင်းဝင်ကြိုပြီး သားအဖနှစ်ယောက် အတူပြန်လာနေကျ။

ဒီနေ့မှ ရုပ်သွင်လိုက်သွားပြီး ညနေကျတော့ ကလေး သွားကြိုဖို့ ဖုန်းလှမ်းဆက်သည်။

အခုပြန်လာကြတော့ ညကိုးနာရီ…

"မမ"

နုနု အခန်းဝမှာ မျက်နှာမသာမယာနှင့် ရောက်လာ၍ ငွေရည်ထွက်သွားလိုက်တော့…

"အစ်ကိုလေး အရက်သောက်လာတယ် ထင်တယ် မမ၊ ဟိုမိန်းမနဲ့ အခန်းထဲဝင်သွားတယ်၊ မမ လိုက်သွားပါ မမရယ်၊ တော်ကြာ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း… မလိုက်ဘူး"

ငွေရည်ရှေ့မှာပင် ဟန်ဆောင်ဖို့ အမှတ်မရတော့…

မျက်ရည်တွေဝဲလာကာ ချက်ချင်း ပါးပြင်ပေါ် စီးကျလာကြသည်။

"သွားပါ မမရယ်၊ တော်ကြာ မဟုတ်မဟတ်တွေ ဖြစ်ကုန်ပါ့မယ်၊ ဟိုမိန်းမက ဘယ်နေရာမှ စည်းစောင့်မှာ မဟုတ်ဘူး၊ သူကိုက အစ်ကိုလေးကို ကြိုက်နေတာ"

ငွေရည် အတင်းခေါင်းခါ၍ အင့်ခနဲ ရှိုက်ငိုလိုက်မိသည်။

ဘယ်လောက်ပဲ မုန်းတယ်ပြောပြော၊ စိတ်ကနာနေနေ ငွေရည် ဒီလောက်ထိ ခံစားနိုင်စွမ်းမရှိပါ။

သူတို့နှစ်ယောက် တွဲလျက် ရယ်မောသွားလာနေကြတိုင်း ကြိတ်၍ငိုခဲ့ရတဲ့ရက်တွေ ဘယ်သူသိနိုင်မလဲ။

ဘုန်းမြတ်မင်းအပေါ် ယူကျုံးမရ သနားနေခဲ့မိသမျှ သူ့မျက်နှာကို စမြင်လိုက်ကတည်းက သံယောဇဉ်မီးတောက်က အစပြုတောက်လောင်ခဲ့သည်။

ဒါပေမယ့် မထင်မှတ်သော ဥပေက္ခာတရားများနှင့် ကြမ်းတမ်းသော တုံ့ပြန်မှုများက ငွေရည်ရဲ့သံယောဇဉ်တို့ကို တပ်နှောင်တားဆီးပစ်ခဲ့သည်။

ကလဲ့စားချေဖို့ပါလို့ ကြိမ်းဝါးခဲ့တဲ့ သူ့ကို ပြတ်တောက်စွာ နေနိုင်အောင် ငွေရည် ကြိုးစားခဲ့သည်။

ဒါတွေဟာ အရာထင်ခဲ့သလား…

သစ္စာမွန်စာပေ



ရုပ်သွင်ဆိုတဲ့မိန်းမနဲ့ သူ့ရဲ့ရောယှက်မှုများကိုမြင်တိုင်း ငွေရည်ရဲ့ ဟန်ဆောင်မျက်နှာဖုံးက ဆေးသားများဟာ ကွာကျခဲ့ရမြဲ။

ခုလည်း ငွေရည် ခေါင်းခါနေပေမယ့် မျက်ရည်တွေ ကျနေပြီ။

ဒီတစ်ခါ ကွယ်ရာမှာ လူမသိအောင် ပြေးငိုဖို့ သတိ မရခဲ့ပါလား။

"မေမေ"

"ဟင်… သား"

သားကိုမြင်လိုက်မှ သတိရကာ မျက်ရည်တွေကို ကပျာကယာ သုတ်ပစ်လိုက်ရသည်။

"မေမေ… ဖေဖေ့ကို သွားခေါ်လေ"

"နေပစေ သား၊ သူတို့ဟာ သူတို့ နေပစေ"

"ဟင့်အင်း… အဲဒီအန်တီနဲ့မခေါ်နဲ့လို့ သားသားလေး သွားပြောမယ်"

"အို… သား မသွားရဘူး"

သားကို အတင်းဆွဲထားလိုက်ရသည်။

"သားကို သွားသိပ်ပေးပါ နုနုရယ်"

"သားသားလေး မအိပ်ချင်ဘူး"

"အိပ်ပါ သားရယ်၊ မေမေ သူတို့ကို သွားပြောပေးမယ်၊ သား အိပ်နော်၊ လူကြီးတွေကိစ္စကို စိတ်မဝင်စားရဘူး သားရဲ့"

သစ္စာမွန်စာပေ

www.burmeseclassic.com



"မေမေ မငိုနဲ့ပေါ့နော်"

"မငိုတော့ဘူး"

မြတ်ကိုမင်းလေးက နုနုလက်ထဲမှာ လှည့်ကြည့် လှည့်ကြည့်နှင့် ပါသွားသည်။

* * *

"ရှပ်သွင်"

"ဟင်"

"နင်... နင် ဘာလုပ်တာလဲ"

"နင့်ဖိနပ် ချွတ်ပေးနေတာပေါ့၊ အိပ်ရာပေါ်မှာ ဖိနပ်ကြီးနဲ့"

"ဟာ... နေပစေ၊ သွား... သွားတော့"

ပက်လက်လှန်ပြီးနေရာမှ ပြန်ထ၍ ဘုန်းစက်က အတင်းနှင်လွှတ်နေသည်။

"ရှပ်သွင်... နင်... အရက်မူးနေတဲ့ယောကျ်ားလေး အခန်းထဲမှာ မနေသင့်ဘူးဆိုတာ နင် မတွေးမိဘူးလား၊ သွားလေ"

"အံမယ်... နင်နဲ့ငါက ဒါတွေထည့်တွေးရမယ့် လူတွေဟား"

ပြောပြောဆိုဆို ရှပ်သွင်က ဘုန်းစက်အားမှာ ဝင်ထိုင်၍ ဘုန်းစက်ကိုယ်ပေါ်က ဂျာကင်ကို အတင်းချွတ်ပေးသည်။

"ရတယ်... ရတယ်... မကိုင်နဲ့"

ရီဝေနေတဲ့မျက်လုံးတွေကို အတင်းခါထုတ်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ရင်း ရုပ်သွင်ရဲ့ပြုစုခြင်းတွေကို ဘုန်းစက် ငြင်းဆန်နေမိသည်။

တစ်ယောက်ကဆွဲ၊ တစ်ယောက်ကရုန်းနှင့် ရုပ်သွင် အတင်းဖန်တီးနေသည့် ပုံစံအတိုင်း အိပ်ရာပေါ်မှာ နှစ်ယောက်လုံး လဲကျသွားသည်။

"အို"

ငွေရည် အခန်းဝမှာ တောင့်တောင့်လေးရပ်ရင်း မျက်လုံးတွေ ပြာဝေသွားသည်။

ဘုန်းစက်က မွေ့ရာပေါ်မှာ ပက်လက်ကြီး…

ရုပ်သွင်က သူ့ပေါ်မှာ၊ တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြလို့…

ရှက်ဖို့ကောင်းလိုက်တာ…

ချာခနဲလှည့်ပြေးရင်း မြတ်ကိုမင်းရဲ့ စာကြည့်စားပွဲမှာ မျက်နှာမှောက်ချကာ ငွေရည် တအားရှိုက်ငိုပစ်လိုက်သည်။

တစ်သက်နဲ့တစ်ကိုယ် ဒီလိုခံစားမှုမျိုး၊ ဝေဒနာမျိုး ငွေရည် မခံစားခဲ့ရဖူးပါ။

ဒီအချိန်မှာ ဒီဝေဒနာကြီးကို ခံစားနေရမယ့်အစား မီးပုံထဲဖြစ်ဖြစ်၊ အသူရာချောက်ကမ်းပါးထဲကိုဖြစ်ဖြစ် ခုန်ချပစ်လိုက်ချင်သည်။

ဘုန်းစက် ရုပ်သွင်ပဲဆိုတာ သိနေသည့်စိတ်ကြောင့် မသင့်တော်ဘူးဆိုတာကို သိနေသည်။

မူးနေပေမယ့် သတိမလစ်အောင် ကြိုးစား၍ရှောင်၏။ ရုပ်သွင်က သူ့ရင်ဘတ်ပေါ်မှာ အုပ်မိုးလျက် ရုန်းဖယ်မရတဲ့





ပုံစံနှင့် တိမ်းမူးစေအောင် ဆွဲဆောင်နေတာလား။

သူ ငွေရည့်ကို သတိရနေသည်။

ဒီပုံစံမျိုး ငွေရည်မြင်သွားလို့ မဖြစ်။

"ဖယ်… ဖယ်စမ်း၊ နင့်ကို ငါ သွားခိုင်းနေတယ်နော်၊ တော်ကြာ အားလုံး ကိုယ်ကျိုးနည်းကုန်တော့မယ်"

အတင်းဆွဲဖယ်ချ၍ ဘုန်းစက် ထထိုင်လိုက်သည်။

ရုပ်သွင်ရဲ့ပုံစံက ဖရိုဖရဲ…

ကြည့်စမ်း… ကိုယ်က ဘာမှမကျူးလွန်ရပါပဲ ဒီပုံစံမျိုးနဲ့ တစ်ယောက်ယောက်တွေ့သွားလျှင်…

ဒါဟာ မတော်တဆ မဟုတ်နိုင်တာကို ဘုန်းစက် သိသွားသည်။

"နင်ဟာ တော်တော်အောက်တန်းကျတဲ့ မိန်းမ"

"ဘာ… ဘာပြောတယ်"

ရုပ်သွင် ဆတ်ဆတ်ခါ နာသွားသည်။

"နင် မူးမူးရူးရူးနဲ့ ငါ့ကို ချိုးချိုးဖွဲ့ဖွဲ့ မပြောနဲ့ ဘုန်းစက်၊ ခုနေ ငါအော်လိုက်ရင် နင်ဘာဖြစ်သွားမယ်ထင်လဲ"

"ဖြန်း"

စိတ်နဲ့လက်နဲ့ တစ်ထပ်တည်းကျတတ်သော ဘုန်းစက် လက်က ရုပ်သွင်ရဲ့ပါးပေါ် အရှိန်နှင့်ကျသွား၏။

ရုပ်သွင် စိုက်ခနဲ ကျသွားသည်။

"ယုတ်မာကြည့်လိုက်လေ၊ နင်က ယုတ်မာရင် ငါကလည်း သတ်ရဲတယ်၊ မိန်းမတစ်ယောက်ရဲ့မာယာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး အညွန့်တုံးခဲ့သွားမယ့်ကောင်လား၊ ငါ့မျက်နှာကို သေချာကြည့်ထားလိုက်"

ရုပ်သွင် ဘာမှထပ်မပြောရဲတော့ဘဲ ဆတ်ခနဲ ထပြေးသွားတော့သည်။

ဘုန်းစက် ဂျာကင်ကိုချွတ်ပစ်ကာ မွေ့ရာပေါ်မှာ အကြာကြီး ငိုင်နေမိသည်။

မူးဝေနေတာတွေ ပျောက်ကုန်လောက်အောင် ဒေါသက ခုထိရှိနေဆဲ…

ညနေကတည်းက အတင်းပြန်လွှတ်တာလည်း မပြန်၊ သူသွားလေရာ လျှောက်လိုက်၍…

နောက်ဆုံး လူငယ်မှုတွဲစုဝေး၍ သောက်ကြစားကြတဲ့ ဝိုင်းထဲထိ ဝင်ပါခဲ့သူ။

ငွေရည့်ကို ဘယ်သွားသွား ခေါ်မရ၍ သူတစ်ယောက်တည်းလိုလို ဖြစ်နေရတာတ်၍ မိတ်ဆွေတချို့က သူ့ဇနီးကို မြင်ဖူးသူက တော်တော်နည်းသည်။

ရုပ်သွင်နဲ့ တွဲလျက်တွေ့တော့ ဟိုကမေး၊ ဒီကမေး။

တစ်ညနေ… တစ်ညလုံး သူ့မှာ စိတ်ပျက်ရ၊ စိတ်ရှုပ်ရ…

ပညာတတ်တိုင်း အသိဉာဏ်မရှိဘူးဆိုတဲ့စကားကို သူလုံးဝလက်ခံလိုက်မိသည်။

ရုပ်သွင် သူ့အပေါ် ဒီထိလိုက်လျောနေတာ ဘဝင်မကျလှပေမယ့် ခုလောက်ဖြစ်လာမယ်လို့ လုံးဝထင်မထားခဲ့ပါ။





ဒါဆို ရုပ်သွင် ဘာကိုရည်ရွယ်တာလဲ။

သူ့ရဲ့အဆင့်အတန်း၊ သူ့ရဲ့အရည်အချင်းနဲ့ အိမ်ထောင်ရှိထားတဲ့ ယောက်ျားတစ်ယောက်ကို တပ်မက်တာသက်သက်တော့ မဖြစ်နိုင်ဘူး ထင်သည်။

ဒါဖြင့် ဘာလဲ။

ဘယ်လိုမှကို တွေးလို့မရပါ။

စိတ်ရှိလက်ရှိ သူရိုက်ချလိုက်တာ လွန်သွားခဲ့သလား။ ကိုယ့်ရဲ့ဇည့်သည်ဆိုသောအသိကြောင့် အနည်းငယ် သွေးအေးသွားတော့ အားနာသလို ဖြစ်လာသည်။

တောင်းပန်ရအောင်လည်း ကိုယ်က ကာကွယ်တာပါဆိုလျှင် ကျော်မကောင်း၊ ကြားမကောင်း ဖြစ်တော့မည်။

ဘုန်းစက် ခေါင်းကို အမိပ္ပါယ်မရှိဖွရင်း တစ်ယောက်တည်း ဦးနှောက်ခြောက်နေလေသည်။

ငွေရည်…

ငွေရည် ဘယ်မှာလဲ… သူတို့ပြန်လာတာ၊ သူ ဒီလိုမူးလာတာ ငွေရည် မသိဘဲနေမှာမဟုတ်။

သူ ချက်ချင်း အခန်းထဲကထွက်ကာ ငွေရည်တို့သားအမိ အိပ်တဲ့အခန်းဆီ လျှောက်လာခဲ့သည်။

"ဟင်"

သားနဲ့အတူ အိပ်နေတာ နုနုပါလား။

ဘုန်းစက် ပန်းချီခန်းထဲကပြန်ထွက်၍ သားတို့ကြည့်တဲ့ အခန်းထဲ လှမ်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်မှာ တောင့်တောင့်လေးထိုင်ရင်း မျက်ရည်တွေကျနေသော ငွေရည့်ကို မြင်လိုက်ရသည်။

ဘုန်းစက် စိုးရိမ်စိတ်က ငယ်ထိပ်တက်သွား၏။

ငွေရည် တစ်ခုခုကိုမြင်၍ အထင်လွဲသွားပြီလား။

"ငွေရည်"

"ဟင်"

ငွေရည်က သူ့ကို သရဲတစ္ဆေတစ်ကောင်လို အလန့်တကြား ထရပ်၍ နောက်ဆုတ်လိုက်သည်။

"ရှင်··· ရှင်··· ထွက်သွား··· ထွက်သွားနော်"

"မဟုတ်ဘူး၊ မင်းထင်တာ မဟုတ်ဘူး၊ ကိုယ် ဘာမှ မဖြစ်ဘူး"

"မပြောနဲ့၊ ဘာမှမပြောနဲ့၊ ရှင့်ကို ငွေရည် ရွံတယ်၊ ရှင် အလကားလူ"

ငွေရည်က သူ ရှေ့တိုးလိုက်တိုင်း နောက်ဆုတ်ကာ အကြောက်အလန့် ပြောနေသည်။

ပြောရင်းလည်း ငိုရှိုက်လျက်··· တကယ့်ကို သနားစဖွယ်···

မုန်းတယ်··· မုန်းတယ်ပြောနေတဲ့ကြားက ငွေရည် ရှုံးမတတ်ခံစားနေရတာ သူ မသိစေချင်ပေမယ့် ငိုချင်နေတာလည်း ဘယ်လိုမှထိန်းမရနိုင်။

"မဟုတ်ပါဘူး ငွေရည်ရယ်၊ ကိုယ် လူမှန်းသူမှန်း မသိလောက်အောင် မမူးပါဘူး၊ သူနဲ့ကိုယ် ဘာမှမဖြစ်ဘူး၊





အဲဒါ ယုံစမ်းပါ"

"မယုံဘူး၊ ရှင့်ကို ဘာမှမယုံတော့ဘူး၊ ရှင်တို့ ဖြစ်ချင်တိုင်းဖြစ်နေတာ ငွေရည့်မျက်စိနဲ့ တပ်အပ်မြင်တာ၊ ဒါကို ပြောင်လိမ်သေးတယ်၊ အဟင့်···"

မြင်လိုက်ရတဲ့မြင်ကွင်းကို ဖျောက်မရတိုင်း ငွေရည် မျက်ရည်တွေက မကုန်နိုင်။

ခုလို တစ်ပါးမိန်းမနဲ့ ဖောက်ပြန်ကျူးလွန်နေတာမြင်မှ ဒီလူစားအပေါ် ချစ်စိတ်ဝင်နေမိပါပကောလို့ ယူကျုံးမရစွာ တွေးမိ၍ ရင်နာလို့မဆုံး။

မုန်းတယ်··· မုန်းသင့်တဲ့လူ··· စိတ်မှာ တတွတ်တွတ် ရွတ်နေရင်း မျက်ရည်က အဆက်မပြတ်ကျ၏။

ဘုန်းစက်ငွေရည်ရှေ့မှာ မတ်တပ်ရပ်၍ ရှေ့လည်း မတိုးရဲ၊ ဘယ်စကားလုံးနဲ့ ဖြေရှင်းရမှန်းလည်း မသိ။

"ရှင် ထွက်သွားလို့ပြောနေတာ မသွားသေးဘူးလား"

ဘုန်းစက် ထွက်မသွားနိုင်ပါ။

တကယ်ဆို ဒီမိန်းမကို ခုလိုအသည်းကွဲဖို့ သူ အကြံကြီးကြ၍ နှိပ်စက်ဖို့လာခဲ့တာ မဟုတ်ဘူးလား။

အခု ငွေရည် ရှိုက်ကြီးတငင် ငိုနေရပြီ။ ရှုံးမတတ် ခံစားနေရပြီ။

သူ ဘာလို့မပျော်တာလဲ···

ငွေရည်ရယ်··· ကိုယ် မင်းရှေ့မှာ ကျဆုံးသွားပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ရုပ်သွင်… ညကကိစ္စကို ငါ တောင်းပန်ပါတယ်"

ငွေရည် ရင်တွေ ဒိန်းခနဲခုန်ကာ ထမင်းစားခန်းအဝမှာ ခြေစုံရပ်၍ ငြိမ်နေလိုက်မိသည်။

"သွားပါ၊ နင် ခုမှလာတောင်းပန်မနေပါနဲ့၊ ငါက မိန်းကလေးပါ၊ ငါ့ဘက်ကလည်း နင် စဉ်းစားကြည့်ပါဦး"

အို… ရုပ်သွင်အသံကလည်း ဒေါသမရှိတဲ့ မှုန်နှံ့သံ။

ငွေရည် ဆက်၍နားမထောင်ရဲတော့ဘဲ လှည့်ထွက်လာခဲ့သည်။

ဒါနဲ့များ သူက ဖြောင်လိမ်ဖို့ ကြိုးစားခဲ့သေးသည်။

ငွေရည် အံကြိတ်ထားတဲ့ကြားက မျက်ရည်တွေ ကျလာပြန်သည်။

မငိုပါရစေနဲ့တော့… ဒီမျက်ရည်တွေ ခမ်းပါရစေ…

ငွေရည့်မျက်နှာကို လိုက်ငေးကြည့်ရင်း နုနု သိချင်စိတ်ကြောင့် ထမင်းစားခန်းရှိရာ သွက်သွက်လျှောက်ခဲ့သည်။

အထဲမှာ ဘာတွေ့ခဲ့လို့လဲ။

"နင်နဲ့ငါက သူငယ်ချင်းတွေပဲ၊ မဖြစ်သင့်တာ မဖြစ်ရ





အောင် ငါ ကာကွယ်တာပါ၊ ပြီးတော့ ငါ့မှာ အိမ်ထောင်ရှိတယ်၊ မူးမူးရူးရူးနဲ့ မှားသွားကြရင် နင်က ပိုနစ်နာမှာ"

"ဟုတ်ပါတယ်၊ ဒါကြောင့် နင်ထိန်းသိမ်းလိုက်တဲ့အတွက် ငါကတောင် ကျေးဇူးတင်ရဦးမှာပါ"

"ငါ နင့်ကို ကိုယ်ထိလက်ရောက်ရိုက်လိုက်မိတာ ခွင့်လွှတ်ပါ"

"ရပါတယ်"

"နင့်အစီအစဉ်အတိုင်း ဒီမှာပဲဆက်နေမယ်ဆို နေပါ၊ ပြီးခဲ့တာတွေကို မေ့လိုက်တာပေါ့"

"မနေတော့ပါဘူး၊ ဒါပေမယ့် ငါ နင့်ကို စိတ်ဆိုးလို့တော့ မဟုတ်ပါဘူး၊ နှစ်ရက် သုံးရက်ရှိရင် ငါ ပြောင်းမယ်"

ဘုန်းစက် မတားမိပါ။

အဲဒီတိုင်းပဲ ဖြစ်သင့်တာ မဟုတ်လား။

အားလုံးကို နားထောင်ပြီး နုနု ဝမ်းသာနေသည်။

ဒီမိန်းမ ပြန်တော့မည်တဲ့…

ညကလည်း ဘာတွေဖြစ်ကြမှန်း မသိ။ မမ တစ်ညလုံး ငိုထားတဲ့မျက်နှာနှင့် နီရဲမို့အစ်နေသည်။

မနက်ကျတော့ ခေါင်းကိုက်၍ ဆေးသောက်ယူရတဲ့အထိ…

ဒီမိန်းမ မြန်မြန်ပြန်မှ အေးမှာပါ။

နုနု ဘာမှမသိဘဲ ခုမှလာကဲ့ပုံစံမျိုးနဲ့ ထမင်းစားခန်းထဲ လှမ်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နုနု"

"ရှင် အစ်ကိုလေး"

"ငွေရည် မထသေးဘူးလား"

"ထပါတယ်၊ ဆွမ်းတော် ရေချမ်းကပ်ပြီးမှ ပြန်အိပ်တာပါ"

ခုနက ဆင်းလာတဲ့အကြောင်း မပြောမိတော့ပါ။

"သား အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့… ဖြစ်ပါပြီ"

ဘုန်းစက် ထိုင်ရာမှ ထရပ်လိုက်သည်။

"ဘုန်းစက်… နင် ငါ့ကို ဒယ်ဒီ့ဆီ လိုက်ပို့ပါဦး"

"ဟင်"

ဘုန်းစက် အံ့သြသွားသည်။ စိတ်လည်း ညစ်သွား၏။

ညကကိစ္စက ခုထိရှုပ်နေတာကို သူ ရှင်းလို့မရသေး။ ဒီအချိန်မှာ ရုပ်သွင် ဒီလိုတောင်းဆိုဖို့မသင့်ဘူးဆိုတာ မတွေးမိဘူးလား။

"ငါလိုက်ပို့လို့ မဖြစ်ဘူး ရုပ်သွင်၊ ညကကိစ္စ ငွေရည်နဲ့ ငါ မပြေလည်သေးဘူး၊ ဒါကြောင့် ထပ်ရှုပ်သွားနိုင်မှာမျိုး အဖြစ်မခံနိုင်ဘူး၊ ဆောရီးပဲဟာ"

"ဘာဆိုင်လဲ၊ ငါတို့ ဘာမှားခဲ့လို့လဲ၊ သူ ဒီလိုစွပ်စွဲထားတာ ငါ ဘယ်လောက်သိက္ခာကျသွားလဲ နင်သိလား"

"ဟုတ်တယ်လေ၊ ဒါပေမယ့် သူ့ဘက်က မှန်တယ်၊





သူက မိန်းမလေ၊ သူ့ယောက်ျားနဲ့ ဒီပြင်မိန်းမတစ်ယောက် ပွေးကပ်လုံးထွေးနေတာကို မြင်နေမှတော့ အထင်မလွဲဘဲ နေမလား၊ ဒါက ငါတို့ကိစ္စပါ၊ ဒီအတွက် ငွေရည်က နင့်ကို ဘာမှထိထိခိုက်ခိုက် မပြောသေးပါဘူး၊ နင့်ဘက်က အေးဆေးနေလို့ရတယ်"

ရုပ်သွင်က ကျားသစ်မလေးလို မာန်ဖီနေဆဲ…

ငွေရည့်ကိုပဲ သွားပြေးရန်တွေ့ချင်တဲ့ ပုံမျိုး…

နုနုက မကျေနပ်ကြည့်နှင့် သိသိသာသာ ကြည့်သည်။ အနေအထိုင်မတတ်ဘဲ အတင်းလိုက်လျှောတာက သူ။

ခုကျမှ သိက္ခာကျသလေး၊ ဘာလေးနဲ့၊ သူ့ပဲ အမျိုးမျိုး။

အစ်ကိုလေးထွက်သွားတော့ နှုတ်ခမ်းရှုံ့၍ ကျန်ခဲ့သည်။

"နုနု… သကြားနည်းနည်းလောက် ပေးစမ်းပါ၊ [illegible] ပေါ့လိုက်တာ"

"သကြားကုန်နေတယ် မမ"

တမင်ပြောပစ်လိုက်တာ…

သကြားပုလင်းကို မုန့်ပုံးနှင့် ကွယ်ထားလိုက်၏။

ရုပ်သွင်ကလည်း မသင်္ကာတဲ့မျက်လုံးတွေနဲ့ ကြည့်လို့။

ဟဲ ဟဲ… ကြည့်ပေါ့။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

"ငွေရည်-ဘယ်ရောက်နေလဲ နုနု"

"ခုနကတော့ ရေချိုးနေတာပဲ၊ အခန်းထဲဝင်သွားပြီ ထင်တယ်"

ငွေရည့်ကို သူ စကားပြောဖို့ကြိုးစားတာ သုံးရက်ရှိပြီ။ ငွေရည် သူ့ကို လုံးဝမျက်နှာချင်းမဆိုင်ဘဲ အတင်း ရှောင်တိမ်းသွားခဲ့သည်။

သူ့ကိုသာ မဟုတ်။ ဘယ်သူ့ကိုမှလည်း စကားမပြောဘဲနေတာ။

အလုပ်ကနေ အမှတ်တမဲ့ ငွေရည်အပြင်မှာနေတာ တွေ့ရမလားလို့ ပြန်လာကြည့်ပေမယ့် မတွေ့။

စိတ်ပျက်စွာ သူထိုင်ချလိုက်မိကာ ပူလောင်နေတဲ့ရင်ကို ဘာနဲ့ငြိမ်းရမှန်း မသိ။

"အစ်ကိုလေး... အအေးသောက်မလားဟင်"

"အေး... ကောင်းတယ်"

နုနုက လိမ္မော်ရည်အေးအေးလေး အလိုက်တသိ ယူလာပေး၏။

"နုနု"





"ရှင်"

"နင့်မမ အပြင်တစ်ခါမှမထွက်ဘူးလား"

"ဘယ်မှမသွားဘူး၊ ထမင်းစား ရေချိုးပြီး ပြန်ဝင်သွားတာပဲ"

"ထမင်းများများစားရဲ့လား"

"အဲ... ဟို... ဒီမနက် ထမင်းမစားဘူး အစ်ကိုလေး၊ ကော်ဖီနဲ့ မုန့်ပဲစားတယ်"

"သူ ဘာပြောသေးလဲ"

"ဘာမှမပြောဘူး"

ဘုန်းစက် စိတ်ပျက်စွာ သက်ပြင်းချလိုက်မိသည်။ ငွေရည့်ကို သူ ဘယ်လိုနည်းနဲ့ ရှင်းပြခွင့်ယူရမည်မှန်း မသိ။

ရပ်သွင်ရှိနေတာကြောင့် အခြေအနေက ပိုဆိုးနေတာများလား။ သူ ရပ်သွင်နဲ့ပတ်သက်၍ ပြတ်သားမှုဖြစ်တော့မှာပါ။

ဘုန်းစက် ဆုံးဖြတ်ချက်တစ်ခုချ၍ ငွေရည်ရှိမည့်ထင်တဲ့ ပိတ်ထားတဲ့အခန်းရှေ့မှာ ရပ်လိုက်သည်။

"ငွေရည်"

အခန်းထဲက ဘာသံမှထွက်မလာ။

"ငွေရည်... သုံးရက်ရှိပြီကွာ၊ တံခါး ခဏလေးဖွင့်ခဲ့ပါ၊ ဒီလိုနေတာ မင်းရော စိတ်ချမ်းသာလို့လား၊ ကိုယ်လည်း ဘာအားစိတ်ညစ်နေပြီ၊ ဒီလောက်ဆို တော်လောက်ပါပြီ ငွေရည်



www.burmeseclassic.com

www.burmeseclassic.com



ရာ၊ ကိုယ့်ဘက်က ဘာမှလည်းမဟုတ်ဘဲနဲ့၊ ခုလို လူယုတ်မာကြီး အထင်ခံနေရတာ ဘယ်လောက်အခံရခက်လဲ၊ ကိုယ်ရှင်းပြတာ နားထောင်ပြီးမှ မင်းကြိုက်သလို စိတ်ဆိုး၊ ခဏလေး တံခါးဖွင့်ပါ''

သူဘာပြောပြော အခန်းထဲက မည်သည့်တုံ့ပြန်မှုမှ မလာ။ ဘုန်းစက် စိတ်မရှည်တော့ပေ။

''ငွေရည်… မင်း တံခါးမဖွင့်ရင် ဘေးက ပြတင်းတံခါးကို ကိုယ် ရိုက်ခွဲမှာနော်''

တအောင့်စောင့်ကြည့်တဲ့အထိ တိတ်ဆိတ်နေသည်မို့ ဘုန်းစက် ပြတင်းတံခါးရှိရာသို့ လျှောက်သွား၍ လက်ဝါးစောင်းနှင့် ရိုက်ခွဲပစ်လိုက်သည်။

ခွမ်းခနဲ ကွဲရှသံက စူးရှကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပေါ်လာသည့်အပေါက်မှ တံခါးချက်ကိုဖွင့်၍ ဘုန်းစက် လွှားခနဲ ကျော်ဝင်လိုက်၏။

''ရှင်ဟာ အတော်ရမ်းကားတဲ့လူပဲ၊ ဒါ မှန်ကိုခွဲလောက်တဲ့ ကိစ္စလားဟင်''

''ဟာ… မှန်တင်မကဘူး၊ တိုက်ကိုလည်း ဖြိုသင့်ရင် ဖြိုရမှာပဲ၊ မင်းလုပ်နေပုံက ဒီမှာ မှန်ကွဲတာထက် ဆယ်ဆမ ခံရတယ်၊ မင်းသိလား''

ငွေရည် သူ့ကို ဆတ်ခနဲ ကျောခိုင်းပစ်လိုက်သည်။

''ကိုယ်နဲ့ရုပ်သွင် ဘာမှမဖြစ်ဘူးဆိုတာ မင်း ဘာ မယုံတာလဲဟင်၊ မင်းမြင်ခဲ့တာကို ကိုယ် မငြင်းဘူး၊ ဒါပေမ





ဒီထက်မပိုအောင် ကိုယ် စောင့်ထိန်းခဲ့တယ်''

''ဒီမှာ ကိုဘုန်းစက်၊ ကျွားက အသီးအရွက်စားပါတယ်ဆိုတာ ရှင် ပုခက်ထဲက ကလေးကိုပဲ သွားပြောလို့ရမယ်၊ ရှင်တို့ညီအစ်ကိုတွေ အတူတူပဲ၊ ဘုန်းမြတ်မင်းအပေါ် ကျွန်မ ကြောက်လို့ရှောင်ခဲ့တာ သေတဲ့အထိပဲ၊ သူသေမှ သူ ကျွန်မကို သိပ်ချစ်ပါလားဆိုတာကို လက်ခံခဲ့တာ၊ ရှင်လည်း ဘာထူးလဲ၊ ရှင် ဘယ်လိုပဲဟာစ်ကြွေးနေနေ ဘုန်းမြတ်မင်းနဲ့ ဘုန်းစက်မင်းဟာ သံတူကြောင်းကွဲပဲ''

''ငွေရည်… မင်း စကားကို ဆင်ခြင်ပြောနော်၊ ငါ့သိက္ခာကို မင်း အဲဒီလောက်မစော်ကားနဲ့၊ ဘုန်းစက်ဆိုတဲ့ ကောင်က စိတ်မဝင်စားတဲ့မိန်းမတစ်ယောက်ကို လက်ကိုင်ဖို့ တောင် မကြိုးစားခဲ့ဖူးဘူး၊ ကျူးလွန်ဖို့ဆိုတာ အဝေးကြီးပဲ''

''ဘာ''

ငွေရည် ဆတ်ခနဲ လှည့်ကြည့်၍ နှုတ်ခမ်းကို အငြိုးကြီးစွာ မဲ့ပစ်လိုက်သည်။

''ဟုတ်မှလည်း ပြောပါရှင်၊ မုန်းပါတယ်ဆိုတဲ့ မိန်းမကိုကျတော့ ရှင် လှလှပပကြီး ဖျက်ဆီးခဲ့တာပဲမို့လား''

''မဟုတ်ဘူး၊ အဲဒါ…''

''မပြောနဲ့၊ ကျွန်မ မကြားပါရစေနဲ့၊ ရှင် ထွက်သွားပါရှင်၊ ဒီထက်ခံစားရရင် ကျွန်မ သေဖို့ပဲ ရှိပါတော့တယ်''

ငွေရည် ရှိုက်ကြီးတငင် ငိုချလိုက်သည်။

''အဲဒါကို မင်း ကြိတ်ခံစားနေတာလား၊ ကိုယ်…''



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့၊ ရှင်ဖြေရှင်းလေ ကျွန်မ ခံစားရလေပါပဲ၊ ကျွန်မက သိပ်ကံဆိုးတဲ့ မိန်းမပါ၊ ကိုယ့်ဟာကိုယ်နေပေမယ့် အတင်းလာချစ်တယ်၊ မလိုချင်ပါဘူးဆိုတဲ့ အချစ်တွေကို ဇွတ်ပေးကြတယ်၊ သူတို့ရှုံးသွပ်ကြသမျှ ကျွန်မက ကလဲ့စားချေခံခဲ့ရတဲ့ မိန်းမကြမ်းကြီးဖြစ်ခဲ့ရသေးတယ်၊ ချေပါ၊ စိတ်ရှိလက်ရှိ ကလဲ့စားချေကြစမ်းပါ၊ ဝဋ်ကြွေးမကုန်သရွေ့ ကျွန်မက ပေးဆပ်သွားမှာပါ"

ဘုန်းစက် ရုတ်တရက် နင့်သီးသောခံစားမှုများနှင့် ဘာစကားမှ ပြောမထွက်ဘဲ ရှိလေသည်။

တစ်ခါက သူကိုယ်တိုင် ရင့်ရင့်သီးသီး ပြောခဲ့ဖူးသည်လေ။ ခုမှ သူ ဘယ်လိုရှင်းရှင်း ငွေရည်က လက်ခံတော့မှာမဟုတ်။

မုဆိုးက သားကောင်ပြန်ဖြစ်ခဲ့ရသည့် သူ့အဖြစ် သူတွေးမိကာ ရင်ထဲမှာ လေးလံလိုက်သည့်ဖြစ်ခြင်း။

"ငွေရည်… မင်းထင်တာတွေ ဇွတ်ပြောပြီး ကိုယ်ပြောတာကျ မင်း ဘာတစ်ခုမှ လက်မခံပါလား"

ငွေရည် သူ့ကို မုန်းတီးစွာ ကြည့်သည်။

"ဟောဒီ ခြံဝန်းထဲက ကျွန်မကို ထွက်မသွားစေချင်သေးဘူးဆိုရင် ရှင် ကျွန်မကို ထပ်ရှင်းပြဖို့ ပတ်သက်ဖို့ လုံးဝမကြိုးစားပါနဲ့ ကိုဘုန်းစက်"

သူ့ရှေ့မှာပဲ တံခါးဖွင့်ထွက်သွားတာကို ဘုန်းစက် ငေးကြည့်နေမိသည်။





ဒီမိန်းမအပေါ် သူ ဘာလို့ ချစ်မိခဲ့တာလဲ…

ချစ်လျက်နဲ့ ဘာလို့ကလဲ့စားတွေ အမုန်းတွေနဲ့ ဖုံးဖိခဲ့တာလဲ။

တကယ်ဆို ဓာတ်ပုံကို ဖွင့်ကြည့်လိုက်မိကတည်းက သူ စိတ်ဝင်စားခဲ့တာ။

ဒီလောက်တောင်ပဲ အပြင်မှာလှပါ့မလားလို့ အံ့သြမိတာရော၊ ချောမောခြင်း၊ ချမ်းသာကြွယ်ဝခြင်းတွေနဲ့ ပြည့်စုံနေသည့် ကိုကို့ကို သေသွားတဲ့အထိ မချစ်ခဲ့တဲ့မိန်းမအဖြစ်ရော သူ စိတ်ဝင်တစားဖြစ်ခဲ့တာ။

"ညီရယ်… ကိုကို သူ့ကို တအားစွဲတယ် သိလား၊ ရှုံးလောက်အောင် လှတာ"တဲ့။

ကိုကို စာရေးခဲ့တုန်းက သူ မမြင်ဖူးခဲ့ပါ။

"သူ့မှာ မာန်မရှိဘူး၊ ပကာသနမရှိဘူး၊ သိပ်ကိုဖြူစင်တဲ့ ကလေးလိုပဲ၊ အဲဒါလေးကို ကိုကို မြတ်နိုးတာ၊ ကိုကို့ဘေးမှာ ရှိနေတာတွေက အရှိန်အဝါ ပကာသနတွေကို မြင်လို့ပါကွာ၊ နန်းငွေရည်ဆိုတဲ့ ကောင်မလေးက တကယ့်အဖြူထည်လေး"တဲ့။

ဒုတိယစာထိ ငွေရည့်အကြောင်း ကိုကို တော်တော်လေး ရေးသားခဲ့သည်။

"ကိုကို သူ့ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ယူမယ်" ဆိုတော့မှ နည်းနည်းအံ့သြသွားရုံပဲ။

ဘယ်မှာ သိပ်ကြာလိုက်လို့လဲ၊ ကိုကို ဆုံးသွားပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားတော့ အသုဘကိစ္စက ပြီးနေပြီမို့ ဘုန်းစက် မြန်မာပြည် မပြန်ဖြစ်ခဲ့တော့ပေ။

နောက်နှစ်တွေကြာမှ စာနဲ့ခတ်ပုံရောက်လာခဲ့သည်။ နန်းငွေရည်ဆိုတဲ့ မိန်းကလေးကို လက်ထပ်ဖို့…

တစ်သက်လုံးက အချုပ်အနှောင် ကင်းကင်းမှာ လွတ်လွတ်လပ်လပ် နေလာခဲ့တဲ့ကောင်ကို မိန်းမယူဖို့ကိစ္စကြီး ကိုများ ကိုယ့်သဘောမပါဘဲ လက်ခံမယ်တဲ့လား။

ငွေရည်ဟာ အပျိုစင် ကလေးအမေဆိုတော့ ဘာမှ မသိခင် သူ အံ့သြသွားခဲ့သေးသည်။

ကိုကို့ကိုတောင် သေတဲ့အထိ မချစ်နိုင်ခဲ့တဲ့ မိန်းမ ဆိုတဲ့ စိတ်ဝင်စားမှုဟာ အဲဒီအချစ်ကို လိုချင်တပ်မက်တာတွေ ပါနေမှန်း နန်းငွေရည်ဆိုတဲ့မိန်းမကို အခန်းထဲက ထွက်လာတာ ဖျတ်ခနဲမြင်လိုက်ရကတည်းက ကိုယ့်ကိုယ်ကို သံသယဖြစ်ခဲ့ ရတာ။

ဒါပေမယ့်… အချစ်ကို အတွေ့နဲ့ သူ ဖုံးခဲ့မိသည်။

တကယ်တော့ မင်းအပေါ် ကိုယ် အနိုင်ယူခဲ့သလို လုပ်ခဲ့တာမျိုးတွေရှိပေမယ့် ဖုံးဖိမရတဲ့ အချစ်တွေလည်း ရှိခဲ့ ပါတယ်။

ဒါကိုကျတော့ မသိချင်ယောင် ဆောင်ခဲ့တာလား။ ကိုယ် ဘယ်လိုရှင်းပြရမလဲ ငွေရည်ရယ်…

❊ ❊ ❊



"မနန်းငွေရည်"

"အမလေး"

နောက်ကနေ ခေါ်သံကြားလိုက်၍ ရုတ်တရက်လန့် သွားသည်မို့ နှင်းဆီဆူးကို လက်ကဖိမိပြီးသား ဖြစ်သွား၏။

"ဆူးစူးသွားလား၊ ဆောရီးနော်… တို့က မင်းနဲ့ စကားပြောချင်လို့ပါ"

ရပ်သွင်က နှင်းဆီပန်းတွေ ခူးနေတဲ့ ငွေရည့်နားမှာ ဟန်ပါပါလေး ရပ်သည်။

"တို့ကြောင့် မင်းနဲ့ ဘုန်းစက် စကားများထားကြ တယ်ဆို"

နှင်းဆီစူးတဲ့လက်ကို သွေးညှစ်ထုတ်ရင်း ငွေရည်က ခပ်တည်တည်လေး ပြန်ကြည့်သည်။

"ဟုတ်တယ်"

တည့်တည့်မေးတော့ တည့်တည့်ပဲ ဖြေသည်။

"ခုရော ပြေလည်သွားပြီလား၊ သံသယတွေ ရှင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား"

"ရှင်းဖို့လည်း မလိုဘူး၊ ရှင်းရင်လည်း ကျွန်မ လက်မခံဘူး၊ အားလုံးက ရှင်းပြီးသားပဲ"

"ဘာရှင်းတာလဲ နန်းငွေရည်"

"ကျွန်မက ကျေနပ်တယ်လေ"

"ဘာကိုကျေနပ်တာလဲ"

"အားလုံးပေါ့၊ နေပါဦး၊ ကျွန်မက ကျပျောက်တဲ့လူပါ၊ ကျွန်မတောင် ရေငုံနှုတ်ပိတ်နေနိုင်သေးတာ၊ ရှင်က ဘယ်လိုဖြစ်နေတာလဲ၊ ပြောင်းပြန်ဖြစ်နေပြီ ထင်တယ်"

ငွေရည်က ပန်းဆက်ရူးလျက်က ခပ်စွေစွေကြည့်၍ ပြောသည်။

"မင်းက နေနိုင်ပေမယ့် တို့ကမနေနိုင်ဘူး၊ မင်း စွပ်စွဲထားတဲ့ကိစ္စအတွက် တို့ဘယ်လောက်သိက္ခာကျသလဲ"

ငွေရည်က ပြုံးသည်။

"သိက္ခာဆိုတာ အစကတည်းက ထားတတ်ရင် ဘုန်းစက်ရဲ့အခန်းထဲထိ ရှင်မဝင်သင့်ဘူး"

"အဲဒါ မင်း သဝန်တိုဖို့မလိုဘူး နန်းငွေရည်၊ ဘုန်းမြတ်ရော၊ ဘုန်းစက်ပါ တို့နဲ့ လည်ပင်းဖက်ကြီးလာကြတာ၊ ယောက်ျားနဲ့ မိန်းမ ထိတွေ့တိုင်း မီးပွင့်တယ်လို့ မင်းထင်လား၊ မင်းရော အဲလိုထိတွေ့လိုက်တာနဲ့ ပျော်ဝင်ခဲ့ဖူးသလား"

"မသိဘူးလေ၊ ကျွန်မက ကျွန်မလက်ထပ်တဲ့





ယောက်ျားနဲ့ပဲ ထိတွေ့ခဲ့ဖူးတာ၊ အဲဒီမေးခွန်းကို ရှင်က ဖြေသင့်တာပေါ့"

ရုပ်သွင် မျက်နှာညိုမဲသွားလေသည်။

ဒေါသကို ပင့်သက်ရှိုက်၍ ထိန်းလိုက်ပြီး...

"တို့က အဆင့်အတန်းနဲ့ ခေတ်မီမီနေတာ၊ ခပ်ညံ့ညံ့ဘွဲ့တစ်ခုယူပြီး ယောက်ျားဆိုတာ လက်ထပ်ယူသင့်တာချည်းပဲလို့ အားကိုးရာတဲ့မျက်လုံးနဲ့ နေရာတကာကြည့်နေတာ မဟုတ်ဘူးလေ၊ ကိုယ့်ရဲ့ကိုက်တန်တဲ့ အရည်အချင်းနဲ့ ကိုယ့်သဘောကျ ရွေးချယ်ချင်တာ၊ ဒီအတွက် တို့က ပွင့်ပွင့်လင်းလင်းပဲ၊ ယောက်ျားလေး သူငယ်ချင်းထားတာကို ကဲ့ရဲ့စရာလို့ မြင်တဲ့လူက သိပ်ကိုသိမ်ဖျင်းတဲ့လူပဲ"

"ဟုတ်တယ်၊ ယောက်ျားလေးသူငယ်ချင်းထားတာ အပြစ်မဟုတ်ဘူး၊ ဒါပေမယ့် စည်းဆိုတာ ရှိသေးတယ်"

ငွေရည်က ရုပ်သွင်ကို တည့်တည့်ရင်ဆိုင်ကြည့်ကာ...

"အဆင့်အတန်း တကယ်ရှိတဲ့လူဟာ ငါ အဆင့်အတန်းရှိတဲ့လူပါလို့ မပြောတတ်ကြပါဘူး ရုပ်သွင်၊ အဲဒီလို ပါးစပ်က ကိုယ်တိုင်ဟစ်ကြွေးလာရင် အဲဒီလူဟာ သူ့ရဲ့ချို့ယွင်းချက်တစ်ခုခုအတွက် အကာအကွယ်ယူတာပဲလို့ ကျွန်မ မြင်တယ်"

"မင်း ဘာကိုဆိုလိုတာလဲ"

"အဆင့်အတန်းနဲ့ စည်းကို ရှင် နားလည်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နန်းငွေရည်၊ မင်း အမိအရဆုပ်ထားတဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်သူနဲ့စကားပြောပြော၊ ဘယ်လို နေနေ၊ စိုးတထိတ်ထိတ်ဖြစ်နေတဲ့ မျက်လုံးတွေနဲ့ နေရတာကော မကြည့်ပါနဲ့၊ အဲဒီညီအစ်ကိုကို တို့မလိုချင်လို့ မင်းရတာပါကွ၊ ဟင့်… တို့က ခေါင်းလောင်းထိုးလှူပြီးသားပါ၊ ယောကျ်ားတွေ တစ်ယောက်ပြီးတစ်ယောက်ယူပြီး လက်တည့်စမ်းနေတဲ့ မင်းထက် တို့က အများကြီး သန့်စင်တယ်"

ငွေရည် ချက်နှာ အေးစက်မာကြောသွားသည်။

"ရှင်ပြောတဲ့စကားတွေက ရှင့်ရဲ့အဆင့်အတန်းပဲလား ရုပ်သွင်၊ စကားနဲ့မနိုင်လို့ ဖက်ကိုက်တာမျိုးလား"

"ဘာ"

"လူတစ်ယောက်ကို အလဲထိုးနိုင်ရင်ပြီးရောစိတ်နဲ့ ကလိပ်ထိုးရ ထိုးရ၊ ခြေသလုံးပဲ ဖက်ကိုက်ရ ကိုက်ရ၊ ဒေါသ ဖြစ်ပြတာ အဆင့်အတန်းလား"

"အဆင့်အတန်းရှိတဲ့ လူမှာလည်း ဒေါသရှိတာပဲ၊ မင်းက တို့ကို သိက္ခာတွေ၊ စည်းမျဉ်းတွေနဲ့ ချိန်ထိုးပြနေရအောင် မင်းက ဘယ်လောက်အပြစ်ကင်းနေလို့လဲ၊ သုံးကျောင်းပြောင်းသော ရှင်၊ သုံးလင်ပြောင်းသော မိန်းမတဲ့၊ မင်းရဲ့ ရာဇဝင်၊ မင်းရဲ့သမိုင်း၊ အားလုံးစုတ်ပြတ်နေပြီ၊ အဲဒါ မင်း နားလည်လား၊ ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ စားပြီးသား ပန်းကန်ဆေးပစ်သလို သဘောထားတာ မင်းရဲ့သိက္ခာလား"





"တောက်"

ငွေရည် လက်ထဲက နှင်းဆီခိုင်တွေနှင့် တအားလွှဲ၍ ရိုက်ချပစ်လိုက်သည်။

အားခနဲအော်ကာ စူးရှကုန်သည့် သူ့လည်ပင်းကို သူ အုပ်ကိုင်၍ ရုပ်သွင် အသားတဆတ်ဆတ် တုန်သွားသည်။

"ညည်းကများ… ကဲဟယ်"

"မလုပ်နဲ့"

ဘုန်းစက် လှားခနဲ ကြားဝင်ကာ ရုပ်သွင် မြှောက်ချလိုက်သည့်လက်ကို ပုတ်ထုတ်ပစ်လိုက်၏။

"နင် သိပ်လွန်နေပြီ ရုပ်သွင်၊ အခု ပြန်တော့မလို့ မို့လား၊ အေးအေးဆေးဆေး ပြန်သွားပါ"

ငွေရည် ဘုန်းစက်ရှေ့ကို ဖျတ်ခနဲတိုးဝင်ကာ ဘုန်းစက် ရဲ့ အင်္ကျီ ရင်ဘတ်စကို ဆောင့်ဆွဲ၍

"ရှင် သူ့ကို သိပ်ချစ်ခဲ့တယ်ဆို၊ သူက စွန့်ပစ်ခဲ့တာဆို၊ အဲဒါ ဟုတ်သလား၊ ရှင်က ရည်းစားဟောင်းကို ပြန်ရနိုးနဲ့ အိမ်ပေါ်ခေါ်တင်ခဲ့တာပေါ့၊ ပြောစမ်းပါ၊ ရှင် ပြောစမ်းပါ"

တွန်းထိုး ထုနှက်၍ ငွေရည် ဒေါသကြီးနေသည်။

"ရုပ်သွင်… နင်… နင် ဘာတွေလျှောက်ပြောတာလဲ၊ ဒီစကားတွေ မဟုတ်မဟတ် လျှောက်ပြောတာ နင် မရှက်ဘူးလား"

ရုပ်သွင်က ပြေပျက်သွားသည့် သူ့ပုံစံကို ပြန်ပြင်၍ လွယ်ထားသည့် ကြိုးသိုင်းအိတ်လေးကို လက်မှာပြောင်းကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍…

"ပြောပေါ့လေ၊ ယောက်ျားတွေက ဒီလိုပါပဲ၊ နှင် ဝန်မခံလို့ရတာပဲဟာ၊ ငါ့မှာ ထုတ်ပြစရာ သက်သေမှမရှိဘဲ"

အေးဆေးစွာပြော၍ ရုပ်သွင် ချာခနဲ လှည့်ထွက်သွားသည်။

မိန်းမတစ်ယောက်ပါးစပ်က အရှက်သိက္ခာကင်းမဲ့စွာ ပြောထွက်သွားသည့် မဟုတ်တမ်းတရားတွေအပေါ် ဘုန်းစက် ဘယ်လိုချေပရမှန်းမသိ။

"ငွေရည်… အဲ… အဲဒါ ကိုယ် လုံးဝ မဟုတ်ဘူး"

"ရှင်… ရှင်… လူ… ညာ"

ငွေရည် သူ့ကို မျက်ရည်ပြည့်လျှံသော မျက်လုံးတို့နှင့် စူးစူးစိုက်စိုက်ကြည့်ကာ လက်ကို အငြိုးတကြီး လွှဲမြှောက်၍ အားရပါးရ ရိုက်ချလိုက်တာ ဖြောင်းခနဲ မြည်လေသည်။

ဘုန်းစက်မျက်နှာ လည်ထွက်သွား၏။ သူ ငွေရည့်ရဲ့ ပခုံးလေးနှစ်ဖက်ကို သူ့ဘက်ဆွဲလှည့် လိုက်သည်။

"ကိုယ် မင်းကို သိပ်ချစ်တယ် ငွေရည်၊ ကိုယ့်ပါးစပ်က ချစ်တဲ့စကားပြောဖူးတာ ဒါ ပထမဆုံးပါ၊ ကိုယ်ဟာ မာနတစ်ခုခံပြီး မင်းအပေါ် ရက်စက်ခဲ့တာမျိုးရှိရင် ရှိမယ်၊ ဒါတွေက ကာကွယ်မှုသက်သက်ပါ၊ မိန်းမတစ်ယောက်ကို မချစ်ဘဲ လက်ထပ်ရလောက်အောင် ကိုယ် မညံ့ဘူး ငွေရည်၊ မင်းကို ချစ်လို့လက်ထပ်ခဲ့တာ၊ စမြင်ကတည်းက ချစ်ခဲ့တာ၊ အဲဒါ မင်းယုံအောင်ပြဖို့ ကိုယ့်မှာ သက်သေမရှိဘူး၊ မင်းအပေါ်





မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်တာ၊ မင်းယုံပါ ငွေရည်ရယ်၊ မလိုလို့ သွေးထိုးတဲ့စကားကို မယုံပါနဲ့"

"ဟင့်အင်း… ကျွန်မမှာ သည်းခံနိုင်စွမ်းရှိသလို နာကြည်းမိရင်လည်း အမြစ်တွယ်ထားတတ်တယ်၊ အဲဒါ ရှင် မှတ်ထား"

"မရဘူး၊ မင်းယုံမှဖြစ်မယ်၊ ကိုယ် မင်းနဲ့ ခွဲမနေနိုင်ဘူး၊ ခုလို မင်း မျက်လုံးစိမ်းနဲ့ ကြည့်နေတဲ့အဖြစ်ကိုလည်း လက်မခံနိုင်ဘူး"

"ရှင် လက်ခံခံ မခံခံ ကျွန်မ ရှင်ပြောတာတွေကို ယုံဖို့လည်း မကြိုးစားဘူး၊ နားလည်းမထောင်ချင်ဘူး၊ ဖယ်ပေး"

"ဒါဆို ကိုယ် ဘယ်လိုနေရမှာလဲ၊ မင်းရော ဘယ်လိုနေမှာလဲ၊ ဆုပ်ကိုင်ဖမ်းဆွဲလို့မရတဲ့ အတိတ်ကို မင်းယုံအောင် ကိုယ်က ဘယ်လိုရှင်းပြရမှာလဲ၊ တစ်အိမ်လုံးမှာ တစ်ယောက်တစ်ခန်း တံခါးပိတ်ပြီး ကိုယ် မနေနိုင်ဘူး"

"အဲဒါ ရှင့်သမိုင်းပဲ၊ ရှင်ကြိုက်တဲ့ဆီ သွားပျော်လို့ရတယ်လေ"

ဘုန်းစက် ကျွတ်ခနဲ စုတ်သပ်ကာ ငွေရည့်လက်ကို လွှတ်ပေးလိုက်သည်။ ရပ်နေသည့် မြက်ခင်းပေါ်မှာပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိ၏။

ငွေရည်ဟာ သံသရာအဆက်ဆက် သူ့ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရင်ကွဲနာကျအောင် ဒုက္ခပေးပါရစေသားလို့ ဆုတောင်းထားခဲ့လေသလား။

ဘုန်းစက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာ ပညာပေးဖို့ တောင် သူ့အပေါ် ငြိုးထားခဲ့တာ…

ခုတော့… အလူးအလိမ့် ခံစားနေရတာက ကိုယ်…

✵ ✵ ✵

"သားသားလေး ပျင်းနေပြီလား"

"မပျင်းဘူး၊ ကွန်ပျူတာနဲ့ဆော့ရတာ သားသားလေး ပျော်တယ်"

"ကောင်းပြီ၊ ဒါဆို ဆော့၊ ဖေဖေ ဒီမှာ အလုပ်လုပ်စရာရှိတယ်၊ ဟုတ်လား"

"ဟုတ်"

ဘုန်းစက် တင်ထားတဲ့စာရင်းတွေကို သေချာစစ်၍ ကွာဟနေတာတွေကို မင်နီတားလိုက်သည်။

ကျောင်းပိတ်ရက်မှာ ခါတိုင်းဆို အိမ်မှာပဲ မအေနဲ့ အတူ ကွန်ပျူတာသင်ပေးမယ့် ခုတော့ ဘုန်းစက် ကလေးကို မထားခဲ့ဘဲ တမင်ခေါ်လာခဲ့တာ။

အိမ်မှာ မအေက မျက်နှာမကောင်း၊ ကစားဖော်က မရှိနဲ့၊ ကလေးအားငယ်သွားမှာ စိုးလို့ပါ။

"ဆရာ"

"ဟော… တိုင်လေး မင်းတို့ ညစာသွားစားကြတော့ မလို့လား"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မစားသေးပါဘူး၊ ကျွန်တော်တို့ ဒီနှစ်လမှာ ရောင်းအား တော်တော်ကောင်းလာတယ်နော် ဆရာ"

"အေး… ဟုတ်တယ်"

"ဆရာ… ဒီဇိုင်နာကိစ္စရော အဆင်ပြေရဲ့လား"

"ပြေတယ်ကွ"

မန်နေဂျာ မြင့်ဦးက ခေါင်းတညိတ်ညိတ်နှင့် ဝမ်းသာနေသည်။

"ဆရာဘာလုပ်လုပ် အဆင်ပြေတာပဲနော်"

"ဒီလိုလည်း မဟုတ်ပါဘူးကွာ၊ ဘာပဲလုပ်လုပ် တိမ်းစောင်းလွဲချော်နေတာတွေလည်း အများကြီးပဲ"

"အဲဒါ စီးပွားရေးတော့ မဟုတ်လောက်ပါဘူး၊ စီးပွားရေးက ကျွန်တော်တို့အမြင် အားလုံးထဲမှာတော့ ထင်တာထက် ပိုနေတာချည်းပဲ"

"ထားလိုက်တော့ကွာ၊ သားသားရေ… ပြန်မယ်"

"ဟုတ်"

အားလုံး သိမ်းဆည်းသော့ခတ်၍ သားအဖနှစ်ယောက် အပြင်ထွက်လာတော့ ခန်းမရှေ့မှာ ကားလေးတစ်စီးထိုးရပ်လာတာ မြင်၍ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိသည်။

"ဟင်… ကိုသီဟပါလား၊ သူ ဒီနေ့ အလုပ်မဆင်းဘူးလား"

အလုပ်သမားတွေကများ၊ ကိုယ်ကလည်း အလုပ်တစ်ဖက်နဲ့မို့ သတိမထားမိခဲ့ပါ။





ယူနီဖောင်းဝတ်ထားတာ မဟုတ်တာကို သတိထားမိမှ မေးဖြစ်ခဲ့ခြင်းဖြစ်၏။

ကိုသီဟက အထဲဝင်လာမည်ပြင်ပြီးမှ ခြေလှမ်းပြန်ဆုတ်ကာ ကားပါကင်နေရာက ဖိုးတိုးကို တစ်စုံတစ်ရာပေး၍ ပြန်မောင်းထွက်သွား၏။

"သူ မနေ့ကလည်း မဆင်းဘူး ဆရာ၊ သဘောတက် မလို့လို့တော့ ကြားတယ်၊ ဒါပေမယ့် အလုပ်ထွက်မယ်တော့ မပြောသေးဘူး"

သူတို့နားကို ဖိုးတိုးရောက်လာ၍ စာအိတ်တစ်လုံး လှမ်းပေးသည်။

"ဒီမှာ ကိုသီဟ ဖိတ်စာလာပေးသွားတယ် ဆရာ၊ သူ သဘောတက်တော့မှာမို့ တစ်ရုံးလုံးကို မိတ်ဆုံစားပွဲဖိတ်တာတဲ့၊ ဆရာ့အတွက် အိမ်မှာ သီးသန့်ပို့ပေးခဲ့ပါတယ်တဲ့"

"ဪ"

ဘုန်းစက် ဖိတ်စာကို ယူကြည့်နေတုန်း မြတ်ကိုမင်းက သူ့လက်ကို ကိုင်လှုပ်ကာ…

"ဖေဖေ… စောစောက ဦးဦးက အခန်းထဲမှာ သားသားလေးနဲ့ အဆင့်ချင်း အမြဲပြိုင်တဲ့ အေမီရာဇာရဲ့ဦးပေါ့၊ မေမေနဲ့လည်း ငယ်သူငယ်ချင်းတဲ့၊ ဖေဖေနဲ့ရော သိလားဟင်"

ဘုန်းစက် မျက်မှောင်ကုတ်သွား၏။

မေမေနဲ့လည်း ငယ်သူငယ်ချင်းဆိုတာကို ဟာအံ့တာကြြ



www.burmeseclassic.com

www.burmeseclassic.com



ရှိကာ

"ကိုသီဟကို ပြောတာလား၊ စောစောက ဒီဖိတ်စာ လာပေးတဲ့လူလေ၊ သားသားလေး မြင်လိုက်သလား"

"မြင်လိုက်တယ်၊ အဲဒါ ကိုသီဟမဟုတ်ဘူး ဖေဖေ ရဲ့၊ ဦးသက်ဦးတဲ့၊ အေမီရာဇာရဲ့ဖေဖေ ဦးရာဇာရဲ့ အစ်ကို"

"ဘာ"

တစ်ကိုယ်လုံး ကျင်စက်နဲ့ အတို့ခံလိုက်ရသလို ထုံကျဉ်အေးခဲသွား၏။

သက်ဦး…

သက်ဦးနဲ့ ရာဇာဆိုတာ သူတို့အပြင် ဘယ်သူရှိမှာ လဲ…

ဆရာ့အတွက် ဖိတ်စာကို သီးသန့်ပို့ပေးခဲ့တယ်တဲ့။

ဘုန်းစက် တက်တစ်ချက်ခေါက်၍ သားလက်ကိုဆွဲ ကာ ဆိုင်ကယ်ရှိရာ ပြေးဆင်းသည်။

ရင်ထဲမှာ နှလုံးသားကို မီးလောင်နေပြီ။

❋ ❋ ❋

"မမရယ်… ညကလေ အစ်ကိုလေး သနားပါတယ်၊ ကလေးကို ပခုံးပေါ်ထမ်းတင်ပြီး ဟောဒီပြတင်းမှာရပ်ပြီး စီးကရက်သောက်နေတာ အကြာကြီးပဲ"

"ညက သားကိုမလွှတ်လို့ တို့တောင် စိတ်ဆိုးနေ သေးတယ်"

ငွေရည်က ကော်ဖီတစ်ငုံသောက်၍ ပေါင်မုန့်မီးကင် ကို ဖဲ့လိုက်သည်။

"မြတ်ကိုလေးက မေမေစောင့်နေမှာလို့ ပြောသံကြား တယ် မမရဲ့၊ နုနု နိုးသွားပို့တော့လေ၊ အဲဒါ ဒီနေ့ ဖေဖေနဲ့ အိပ်ပါ သားရယ်တဲ့၊ ဖေဖေတစ်ယောက်တည်း အိပ်ရတာ မသနားဘူးလားတဲ့"

နုနုက ငွေရည့်အတွက် ဘီစကစ်မုန့်တွေ ထုတ်ပေး ပြီး အနားမှာ ဝင်ထိုင်သည်။

"ကလေးကို မမဆီသွားမှာစိုးလို့ ပခုံးပေါ်ကကိုမချဘူး မမရယ်၊ ဒီအရွယ်ကြီးကို မညောင်းမညာ ချီထားလိုက်တာ၊ မြတ်ကိုလေးလည်း ဖအေ့လည်ပင်းကို ဖက်ထားရင်း အိပ်ပျော် သွားရောပဲ၊ မမ… မမကို ဟိုနေ့က ရပ်သျှင်ဆိုတဲ့မိန်းမ

www.burmeseclassic.com



ဘာတွေပြောသွားလဲဟင်''

ညီအစ်မလိုဖြစ်နေပြီမို့ နုနုက တရင်းတနှီးမေးတာပါ။

''သူမလိုချင်လို့ ဘုန်းစက်ကို တို့က ရတာတဲ့၊ အဲဒါ သူက ပြန်မရှင်းနိုင်ဘူးလေ''

''ဘာ... ဒီမိန်းမက ဒီလိုပြောသလား''

နုနု လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

''အဲဒါ အလကားယုတ်မာပြီး ပြောသွားတာ၊ ပြဿနာဖြစ်ပြီးတဲ့ နောက်မနက်က မမ မျက်ရည်ကျပြီး ထမင်းစားခန်းက ထွက်လာတော့လေ နုနု အဲဒီမှာသွားနားထောင်နေတာ၊ ဘာတွေပြောတယ် မှတ်လဲ''

''ကြားသားပဲ၊ ဟိုတစ်ယောက်က ညကကိစ္စအတွက် တောင်းပန်ပါတယ်လို့ ပြောနေတာ''

''ဒါဆိုလွဲပြီ၊ တောင်းပန်တာက သူ့ကို အစ်ကိုလေးက ပါးရိုက်လိုက်တယ် မမရဲ့''

''ဟင်''

''ဟုတ်တယ်၊ အဲဒီမိန်းမက ဘာတွေသွားဝင်လုပ်မှန်းမှ မသိတာ၊ အစ်ကိုလေးက ပြောတယ် သိလား၊ ငါတို့က သူငယ်ချင်းတွေတဲ့၊ မှားကုန်ကြရင် မကောင်းဘူးတဲ့၊ ပြီးတော့ ငါ့မှာ အိမ်ထောင်ရှိတယ်တဲ့၊ ဒီလိုဖြစ်ရင် နင်က ပိုနစ်နာမှာတဲ့၊ သူ့ပါးစပ်ကတောင် ပြောသေးတယ်၊ နင် ထိန်းသိမ်းလို့ ငါကတောင် ကျေးဇူးတင်ရဦးမှာတဲ့၊ အရှက်မရှိတာက သူ





မမရဲ့၊ ကျူးလွန်ချင်နေတာက သူ''

ငွေရည့်မျက်လုံးထဲမှာ ရုပ်သွင်ပြောသွားသမျှ တအံ့တသြမျက်နှာနှင့် ငေးကြောင်ကြည့်နေတဲ့ သူ့ကို မြင်လာသည်။

''ယောက်ျားဆိုတော့ မိန်းမလို ပလီစိချောက်ချက် ပြောတတ်တာမှ မဟုတ်တာ၊ သူပလီတိုင်း အစ်ကိုလေးက ဘယ်ပြန်ပြောတတ်မလဲ''

ငွေရည် ငိုင်ငိုင်လေး ဖြစ်သွားလေသည်။

''တီ''

''ဟော... အစ်ကိုလေး ပြန်လာပြီထင်တယ်''

နုနု ထမင်းစားခန်းမီး ပြေးဖွင့်ကာ အပြင်ထွက်သွားလေသည်။

''နုနု''

''ရှင်''

အိမ်နောက်ဖေး ပြေးတော့မလိုချိန်တုန်း အသံကျယ်ကြီးနှင့် ခေါ်လိုက်သံကြောင့် နုနု လန့်ဖျန့်သွားလေသည်။

''သားကို အပြင်မှာ တစ်ခုခုသွားကျွေးစမ်း''

''ဟုတ်''

နုနုကို ပိုက်ဆံအိတ်လိုက်ထိုးပေးကာ ဘုန်းစက် ထမင်းစားခန်းထဲ တောက်လျှောက်ဝင်ခဲ့သည်။

''ငွေရည်''

မာထန်ပြတ်တောက်နေသည့် သူ့အသံကြောင့် ငွေရည် ဖျတ်ခနဲမော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုန ဘယ်သူလာသွားသလဲ"

"ဟင်"

ငွေရည့်မျက်နှာလေး ပျက်ကျသွားသည်ကို သူ နာကျင်စွာ စိုက်ကြည့်ကာ ပခုံးနှစ်ဖက်က ကိုင်၍ ဆွဲထူသည်။

"ပြောလေ… ခုန ဘယ်သူလာသွားသလဲလို့"

သီဟလို့ပြောမှာလား… သက်ဦးလို့ ပြောမှာလား…

ဘုန်းစက် မကြားရဲပေမယ့် နားစွင့်ထားခဲ့သည်။

"သက်ဦး"

ဘုန်းစက်နားထဲမှာ ဘုန်းခနဲ မြည်သွားသလား မသိ။

ငွေရည့်ကို ကိုင်ထားသည့်တွေက တဆတ်ဆတ်တုန်လာ၏။

"ဒါဆို မင်းနဲ့တွေ့တာ နှစ်ကြိမ်ရှိပြီပေါ့၊ ငါ့ကွယ်ရာမှာ မင်းတို့တွေ့ခဲ့ပြီးတာ နှစ်ကြိမ်ရှိပြီပေါ့၊ ဟင်… ပြောလေကွာ"

ငွေရည် မျက်နှာကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားလိုက်သည်။

"ရှင့်ကွယ်ရာမှာဖြစ်ပေမယ့် ဟောဒီဧည့်ခန်းထဲမှာ ရိုးသားစွာ တွေ့ဆုံခဲ့တာ"

"ဘာ… ဘာရိုးသားတာလဲ၊ မင်း ရိုးသားပါတယ်လို့ ဘာကိုသက်သေပြမှာလဲ၊ သူ ကိုယ့်ဆီမှာ သီဟဆိုတဲ့နာမည်နဲ့ ဝင်ခိုပြီး ငါမသိအောင် ဒီကိုလာခိုးတွေ့တာ ရိုးသားတာလား၊ သိသိနဲ့ မင်းဖုံးထားပြီး လက်ခံနေတာ ရိုးသားတာလား"





သူကိုင်ထားသည့် ပခုံးနှစ်ဖက်က နာကျင်မှုကြောင့် ငွေရည် မျက်ရည်တွေလည်လာသည်။

"သူ ဘယ်လိုရိုးသားတာ မရိုးသားတာ ငွေရည် မသိဘူး၊ ငွေရည့်ဘက်က လုံးဝပြင်ဆင်ထားတာမျိုးမရှိခဲ့ဘူး ဆိုတာ ရှင်မယုံလည်း မတတ်နိုင်ဘူး၊ ရှင်ခိုင်းတဲ့ကိစ္စနဲ့ သူ လာတယ်၊ ငွေရည် ပြန်လွှတ်တယ်၊ ဒါပဲ"

"အဲဒီ ပြန်လွှတ်တဲ့စကားထဲမှာ နှစ်သိမ့်တာတွေ၊ အလွမ်းသယ်တာတွေ မပါဘူးလား၊ ကြေကွဲတဲ့မျက်လုံးတွေနဲ့ ရော မကြည့်ခဲ့ကြဘူးလား"

"မပါဘူး၊ မကြည့်ဘူး"

ငွေရည် တအားအော်၍ သူ့လက်ထဲက အတင်းရုန်းသည်။

"သူ့ကို မလိုချင်လို့ ငွေရည် ဒီထိနေခဲ့တာ၊ သူ့အပေါ် ဒီစိတ်မျိုးရှိနေသေးရင် ရှင်နဲ့တောင် လက်ထပ်ဖြစ်မှာ မဟုတ်ဘူး၊ သိလား"

ဘုန်းစက် လက်မခံနိုင်ပါ။

"တစ်ခါတလေ လူတွေဟာ ဖြစ်ချင်တာနဲ့ ဖြစ်ခဲ့တာဟာ တခြားစီဖြစ်တတ်ကြတယ်၊ မင်းတို့နှစ်ယောက် ခုထိ မပြတ်သားကြတာ ကိုယ်က ဘယ်လိုယုံကြည်ရမှာလဲ၊ ဟိုကောင်က ခုထိ မင်းကိုချည်းကပ်ဖို့ ကြိုးစားနေတာ မင်းဘက်က မျှော်လင့်ချက်ပေးထားလို့လား၊ မင်း အဲဒါကြောင့် ကိုယ့်ကို မကြည့်ဖြူနိုင်တာလား၊ ပြောပါဦး နှမ်းငွေရည်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်… ရှင် ငွေရည့်ကို မစွပ်စွဲနဲ့နော်"

"စွပ်စွဲတာမဟုတ်ဘူး၊ မင်းတို့ ဒီတိုင်းဖြစ်နေကြတာ၊ အဲဒီ သက်ဦးဆိုတဲ့ကောင်ကို ကိုယ် လုံးဝမကျေလည့်တာ မင်းသိတယ်၊ အစကတည်းက သူ့ကြောင့် ငါ့အစ်ကိုသေခဲ့တာ ဆိုတဲ့ အမှာနဲ့ မင်းကိုတောင် ငါ မချစ်မိအောင် ကြိုးစားခဲ့သေးတာ၊ အခု ငါ မင်းကို သိပ်ချစ်နေပြီ၊ သူက ထပ်ပြီး ချည်းကပ်လာပြန်ပြီ၊ ကိုယ်တို့ညီအစ်ကိုနှစ်ယောက်လုံး မင်းတို့နှစ်ယောက်လက်နဲ့ သေရမယ့်အကြောင်းတွေရှိခဲ့လို့လား၊ ဒါမှမဟုတ် မင်းကိုယ်တိုင် အချစ်နဲ့ကစားရတာကို ပျော်နေတာလား"

"ကိုဘုန်းစက်"

ငွေရည် ဘုန်းစက်အင်္ကျီစကို ဆုပ်ဆွဲလိုက်၍ တအားအော်သည်။

"ရှင် ငွေရည်ဆိုတဲ့မိန်းမကို သတ်ပစ်လိုက်စမ်းပါ၊ ဒီစကားတွေနဲ့ နှိပ်စက်နေမယ့်အစား တစ်ခါတည်း ရိုက်သတ်ပစ်လိုက်စမ်းပါ၊ ရှင်ပြောသမျှ ငွေရည် ဘာမှမဖြေရှင်းတတ်ဘူး၊ အားလုံးဟာ သူ့အလိုလို ဖြစ်လာတာချည်းပဲ၊ မျှော်လင့်ထားတာတွေရော၊ မမျှော်လင့်ခဲ့တာတွေရော ငွေရည် အားလုံးကို ခါးစည်းခံနေရတာ၊ အားလုံးရဲ့ရိုက်ချက်တွေက ငွေရည်တစ်ယောက်အပေါ်မှာပဲ စုပြုံနေတာ ရှင် မကျေနပ်ရင် သတ်ပစ်လိုက်စမ်းပါ"

ရှိုက်ငိုနေသည့် ငွေရည့်မျက်နှာကို ဘုန်းစက် အံကြိတ်၍ စိုက်ကြည့်နေသည်။





"ငွေရည်ဟာ ရှင့်အစ်ကိုကြောင့် စပြီးကမောက်ကမတွေ ဖြစ်ခဲ့ရတယ်၊ ရှင့်ကို လက်ထပ်ခဲ့တဲ့အချိန်ထိ ကိုယ့်မှာမှဲ့တစ်ပေါက်မစွန်းခဲ့ဘဲ ယောကျ်ားသုံးယောက်ယူဖူးတဲ့ မိန်းမအဖြစ် မျက်နှာငယ်စွာ ရပ်တည်ခဲ့ရတယ်၊ မသင်္ကာတဲ့မျက်လုံးနဲ့ ကြည့်ပြီး ရှင့်အမျိုးမျိုး အနိုင်ယူတာကိုလည်း ခံနေခဲ့ရပါတယ်၊ ရှေ့ဆက်လည်း ရှင် သံသယများစွာနဲ့ ရှိနေဦးမှာပဲ၊ ဒီလောက်ဆို ရှင် ကျေနပ်ပါ၊ ငွေရည့်ကို စွန့်လွှတ်ပစ်လိုက်စမ်းပါ"

"မင်းက ဒီအဖြစ်မျိုးကို လိုချင်တာလား"

ငွေရည် မျက်ရည်တွေကိုသုတ်၍ မော့ကြည့်သည်။

"ရှင်ကြိုက်သလို ယူဆပါ၊ အချိန်တန်ရင် အဖြေထွက်လာပါလိမ့်မယ်၊ ကျွန်မ သွားပါရစေ"

ငွေရည် ခြေသုံးလှမ်းခန့် ကျောခိုင်းထွက်သွားလျှင်

"မင်းသွားချင်နေရင် ကိုယ် မတားပါဘူး၊ ဒါပေမယ့် သက်ဦးကိုတော့ ရင်ဆိုင်ရလိမ့်မယ်၊ အလားတူဖြစ်ခဲ့လို့ မင်္ဂလာစံအိမ်မှာ အုတ်ဂူတစ်လုံးတိုးသွားတော့လည်း လူတွေအပျင်းပြေပြောဖို့ ရာဇဝင်လေးတစ်ခု တိုးသွားတာပေါ့"

ပြောပြီး သူ ခြေလှမ်းကျဲတို့က ငွေရည့်ကိုကျော်၍ ရှေ့ရောက်သွားသည်။

"ကိုဘုန်းစက်"

ငွေရည် နောက်ကနေ အတင်းလှမ်းဆွဲထားသည်။

www.burmeseclassic.com



"ရှင်… ရှင် ဘယ်သွားမလို့လဲ"

"သက်ဦးနဲ့ သွားတွေ့မယ်၊ သူ့ကို ကိုယ် လုံးဝခွင့်မလွှတ်ဘူး၊ အားလုံးဟာ သူ့ကြောင့်"

"ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ငွေရည်က ယောကျ်ားတွေရဲ့ သတ်ပွဲတိုင်းမှာ ပါနေရမှာပဲ၊ ရှင် ငွေရည့်ကို လူတောထဲ မတိုးရဲအောင် လုပ်မလို့လားဟင်"

"မင်းကို ကိုယ် နားလည်တယ်၊ ဒါပေမယ့် သူ့ကို ခွင့်မလွှတ်နိုင်ဘူး၊ သက်ဦးဆိုတာရှိနေသရွေ့ ငွေရည့်နားမှာ ဝဲနေမှာပဲ၊ သူ မင်းကို မက်မောမြတ်နိုးစွာ ကြည့်လာနိုင်တဲ့ မျက်လုံးတွေကို ထိုးဖောက်ပစ်ရမယ်"

"အို"

"မင်း ဘယ်သူ့အတွက် ချောက်ချားသွားတာလဲ"

"ရှင်က ကျွန်မယောကျ်ား၊ ဘယ်သူသေသေ အားလုံးထိခိုက်မှာပဲ၊ ကျွန်မ တောင်းပန်ပါတယ်၊ ရှင် မသွားပါနဲ့နော်"

ငွေရည့်ဆီက သူကြားချင်တာ ဒီစကားမဟုတ်ပါ။

ငွေရည်ရဲ့လက်တွေကို ဖြုတ်ချပစ်လိုက်သည်။

"မင်း ကိုယ့်ကို သံယောဇဉ်ငွေ့ငွေ့လေးရှိနေသေးရင် ဒီမှာပဲနေပါ"

"ကိုဘုန်းစက်… ရှင်… ရှင် မသွားပါနဲ့"

ငွေရည် ပြေးလိုက်သွားပေမယ့် ဝေါခနဲ ထွက်ခွာသွားသည့် ဆိုင်ကယ်သံက ဝေးကွာပျောက်ကွယ်သွားခဲ့ပြီ။





ပြောရက်လိုက်တာ… သံယောဇဉ်ငွေ့ငွေ့လေး ရှိသေးရင်တဲ့။

ရှင့်ကိုမသွားစေချင်တာ ဘာကြောင့်လဲဆိုတာ ရှင် မသိဘူးလား ကိုဘုန်းစက်ရယ်…

www.burmeseclassic.com

www.burmeseclassic.com

ငွေရည် ဖုန်းရှိရာပြေးသွားကာ ဂဏန်းတွေကို အလျင်စလို နှိပ်သည်။

လက်တုန်ခြေတုန်နှင့် ဖုန်းက တော်တော်နဲ့ ခေါ်လို့မရ။

"စာစစ်ဌာနအဖွဲ့ ဦးစီးရုံးကလားဟင့်"

"ဟုတ်ပါတယ်"

"ကျွန်မ ကထိက ဦးသက်ဦးနဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့... ခဏကိုင်ထားပါ"

စောင့်နေရတဲ့အချိန်တွေကို ဒေါသဖြစ်လို့မဆုံး၊ လှစ်လှစ်ပါအောင် ပြေးတဲ့ဆိုင်ကယ် ခုလောက်ဆို ဘယ်လောက် ရောက်နိုင်မလဲ။

သူ သက်ဦးရှိတဲ့နေရာကို သိလို့လား...

သူ တစ်ခုခု စုံစမ်းနေဦးမှာပါ။

နာရီကို လှမ်းကြည့်လိုက်တော့ ည ခုနစ်နာရီခွဲနေပြီ။





"ဟာလို"

"ဟုတ်ကဲ့... စောင့်နေပါတယ်ရှင်"

"ဦးသက်ဦး လက်ဖက်ရည်သောက်သွားပါတယ် ခင်ဗျာ၊ ပြန်လာရင် ဘာပြောပေးရပါမလဲ"

"ရှင်"

ငွေရည် မျက်လုံးပြူးသွားသည်။

သူနဲ့ အပြင်မှာများ သွားတွေ့နေပြီလား...

"ဒီ... ဒီမှာရှင့်၊ သူသွားတဲ့ လက်ဖက်ရည်ဆိုင်ကိုသိရင် ကျေးဇူးပြုပြီး သွားခေါ်ပေးပါလားရှင်၊ ဒီမှာ သေရေးရှင်ရေးလောက်ကို အရေးကြီးနေလို့ပါ၊ ငွေရည်ဆက်တယ်လို့ ပြောပေးပါနော်"

"ဗျာ... ငွေရည်... ငွေရည်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ခေါ်ပေးမယ်... ခေါ်ပေးမယ်၊ ခဏလေးစောင့်"

စိတ်က စောနေသည်မို့ စောင့်ရဦးမယ့်အချိန်အတွက် မျက်ရည်က ဝဲတက်လာသည်။

သူ... သူ မရောက်ပါစေနဲ့...

ဘုန်းစက်ကို လုံးဝမသေစေချင်ပါ။ ဘယ်သူမှ မသေစေချင်တာ ဘုန်းစက်ကို ငွေရည် ဆုံးရှုံးမခံနိုင်တာပဲဆိုတာ သိတဲ့အချိန်က နောက်ကျခဲ့ပြန်ပြီလား...

လူတစ်ယောက် သေဆုံးသွားတော့မှ ချစ်တတ်လာရတဲ့ အဖြစ်ဟာ နှစ်ကြိမ်ဆက်တိုက်ဖြစ်ခဲ့မယ်ဆိုရင်...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"သား"

သားကိုဖက်၍ ငွေရည် တအားငိုပစ်လိုက်သည်။

သားလေးခင်တွယ်တဲ့ ဖေဖေ... သားကိုလည်း ချစ်ရှာတဲ့ သူ...

ဆိုင်ကယ်ကို ဝေါခနဲ မိုက်တိမိုက်ကန်း မောင်းသွားလိုက်တာ...

အို... သူ ဘာမှမဖြစ်ပါစေနဲ့...

"မေမေ... ဖေဖေ ဘာဖြစ်လို့လဲဟင်"

"ဘာ... ဘာမှမဖြစ်ပါဘူး သားရယ်"

"ဒါဆို မေမေ ဘာလို့ငိုနေတာလဲ"

"သားရယ်... သားဖေဖေ မေမေ့ကို စိတ်ဆိုးပြီး ထွက်သွားတာ"

"မေမေ သွားလိုက်ခေါ်လေ"

"သားရယ်"

ငွေရည် ချထားတဲ့ဖုန်းကို လှမ်းကြည့်၍ နာရီကို လှမ်းကြည့်မိပြန်သည်။

"ကလင်"

သူ ဖုန်းကို ဖျတ်ခနဲ ကောက်ကိုင်လိုက်ကာ...

"နနု... သားကို တီဗွီဂိမ်းဆော့ဖို့ ခေါ်သွား"

မြတ်ကိုမင်း ဖုန်းဆက်နေတဲ့ မအေကို မျက်လုံးဝိုင်းလေးနှင့် ကြည့်နေရှာသည်။





"လာ... မောင်လေး"

ငွေရည် သားထွက်သွားမှ ဖုန်းကို နားမှာကပ်လိုက်သည်။

"သက်ဦးလားဟင်"

"ငွေရည် နင် ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့လဲ"

"သက်ဦး... နင်... ခု သူ့အလုပ်က ထွက်လိုက်ပြီလားဟင်"

"ဟုတ်တယ်၊ နင် စိတ်မချမ်းသာဘူးမို့လား၊ ငါ သဘောတက်မလိုလို အစဖျောက်ပြောခဲ့တယ်၊ ညနေက နင့်ဆီက ပြန်တော့တောင် နင့်သား ငါ့ကိုမြင်သွားမှာစိုးလို့ သူ့ဆီမဝင်ခဲ့ရဘူး"

"သူသိသွားပြီ သက်ဦး"

"ဟုတ်လား"

သက်ဦးအသံက အေးဆေးနေသည်။

"သက်ဦး... နင်လုပ်တဲ့ဒင်နာက ဘယ်မှာလဲ"

"မြရိပ်ညိုမှာ... ဖိတ်စာမှာ လိပ်စာရေးထားတယ်လေ"

"သူ နင့်ဆီကို အခုလာနေတယ်"

"လာပါစေ၊ ငါကလည်း ဒီပွဲကို သူ့အတွက်လုပ်တာပဲ"

"ဘယ်လို"

"ငါ သူနဲ့ ဆွေးနွေးချင်တယ်၊ သူကလည်း ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကိုနဲ့ပတ်သက်ပြီး မကျေညက်ဘူးဆိုတာ ငါသိတယ်၊ ဒါဆို ငါရင်ဆိုင်မှုဖြစ်မှာပေါ့၊ ပြီးတော့ နင်နဲ့ပတ်သက်ပြီး ဆွေးနွေးချင်လို့''

''ဘာလဲ၊ ဘာဆွေးနွေးမှာလဲ၊ ထပ်မရှုပ်ချင်ပါနဲ့ သက်ဦးရယ်၊ သူက နင်ရှင်းတာ ဆွေးနွေးတာတွေကို စောင့်ပြီး နားထောင်နေမှာ မဟုတ်ဘူး၊ ငါထင်တယ်၊ ကွန်ပျူတာခန်းမှာ လိပ်စာဝင်ယူပြီးတာနဲ့ သူ နင့်ဒင်နာကို ရောက်လာမှာပဲ၊ ဘယ်နှစ်နာရီလဲဟင်''

''ခုသွားတော့မလို့''

''နင်မသွားပါနဲ့ သက်ဦးရယ်၊ ငါ တောင်းပန်ပါတယ်''

''ဟ… ဒီပြင်လူတွေကို ဖိတ်ထားတဲ့ငါက ပေါကြီးဖြစ်သွားမှာပေါ့၊ ဘာလဲ… နင့်ကောင်ကိုကြောက်လို့ ငါက ပြေးရတဲ့ပုံစံဖြစ်အောင် နင်လုပ်တာလား''

''မဟုတ်ပါဘူး သက်ဦးရယ်၊ နင်တို့ဆုံလိုက်ရင် ဘာကောင်းကျိုးမှ ဖြစ်လာဖို့မရှိဘူး၊ ဒီတစ်ခါတည်း ရှောင်နေပေးပါနော်''

''မရှောင်နိုင်ဘူး ငွေရည်၊ ငါက အသည်းကွဲထားတဲ့ကောင်၊ အစ်ကိုသေလို့ ခံစားရတဲ့ဝေဒနာထက် ဆိုးတယ် ဒါပေမယ့် ငါ နင့်ကိုပြောပြီးသားပါ၊ နင့်ဘက်က ဖြူစင်နေတာကို ငါက အရောင်မဆိုးပါဘူး၊ ဒါကို စွပ်စွဲလာရင်လည်း လုံးဝမခံနိုင်ဘူး''





''နင် သူ့ဆီမှာ ညာပြီးအလုပ်ဝင်တာကို သူ ဒေါသထွက်နေတာ''

''ဒါက နင့်အတွက် သူငယ်ချင်းစိတ်နဲ့ ကူညီရအောင် ငါလုပ်တာ၊ အခု နင်ကိုယ်တိုင် ကျေနပ်နေမှန်းသိလို့ ငါ ရပ်လိုက်ပြီ၊ ပြီးပြီပေါ့''

ငွေရည် ဖုန်းပြောရင်း ငိုမိပြန်သည်။

''ဒါ… ဒါဆိုလည်း ကိုယ့်နှမရဲ့ယောကျ်ားမို့ ယောက်ဖကို သည်းခံပေးလိုက်သလိုမျိုး နင်… နင် သူ့ကို ခွင့်လွှတ်ပေးလိုက်ပါနော်၊ ငါ တောင်းပန်ပါတယ် သက်ဦးရယ်၊ နင်တို့နှစ်ယောက်လုံးတင်းနေရင် ဒုက္ခရောက်ကုန်ကြမှာ၊ ကြားထဲက ငါ့ကိုလည်း ပြန်ကြည့်ကြပါဦး''

''ဖြစ်ရလေ ငွေရည်ရယ်… ငါက ပြုံးပြုံးကြီး ခွင့်လွှတ်ပေးရအောင် သူက ငါ့ကို ပန်းကုံးလာစွပ်ပေးမှာ မဟုတ်ဘူး၊ သူပြုသမျှ ငါက အသေခံပြီး ထိုင်နေပေးရမှာလား၊ နင့်စကားတွေက ဘုန်းစက်မင်းအပေါ် စိုးရိမ်တာတွေ၊ အချစ်တွေနဲ့ ပြည့်နှက်နေတာ နင့်ကိုယ်နင်ရော သတိထားမိရဲ့လား''

''မသိဘူး၊ ငါ ဘာမှမသိဘူး၊ ငါ သူ့ကို ဘာမှမဖြစ်စေချင်ဘူး၊ ဘုန်းမြတ်မင်းလို သူ တစ်ခုခုဖြစ်သွားရင် ဒီတစ်ခါ ငါပါလိုက်သေမှာ''

''ငါ သဘောပေါက်ပြီ၊ စိတ်ချ ငွေရည်၊ နင် စိတ်ချမ်းသာစေရမယ်၊ နင်ရောသူပါ ပိုပြီးစိတ်ဆေးသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်လအတွင်း ငါ မင်္ဂလာဖိတ်စာပို့ပေးနိုင်အောင် ကြိုးစားမယ်"

"သက်ဦးရယ်"

သက်ဦးအသံတွေ အဖျားခတ်တုန်ယင်သွားတာကို ငွေရည်သိသည်။ ဟိုလူအတွက် စိတ်မကောင်းရ၊ ဒီလူ့ကြောင့် ငိုရနှင့် ငွေရည့်မျက်ရည်တွေက ကုန်ခမ်းသည် မရှိပါလား။

ဖုန်းကို ပုခက်အပေါ် ချလိုက်သည်နှင့်...

"ကလင်"

ငွေရည် မျက်ရည်စကို သုတ်၍ ကောက်ယူနားထောင်လိုက်သည်။

"ဟလို"

"နန်းငွေရည်လား"

ဒီမိန်းမသံကို ငွေရည် သံသယဝင်သွားမိသည်။

"ဟုတ်ပါတယ်၊ ခုပြောနေတာ ဘယ်သူလဲ မသိဘူး"

"တို့ကို မင်းသိဖို့ထက် ဘုန်းစက်မင်းအလောင်းကောက်ဖို့ (....)လမ်းဆုံကို လာခဲ့ပေတော့၊ ဆိုင်ကယ်နဲ့ ကားနဲ့ တိုက်မိလို့ နှစ်ဖက်စလုံး ရှောကုန်ပြီ၊ ဟင်း ဟင်း... မင်းအတွက် သတင်းကောင်းလေးများ ဖြစ်သွားမလားပဲ၊ ပန်းကန်တစ်ချပ်ဆေးပြီးသား ဖြစ်သွားပြန်ပြီလေ"

တစ်ဖက်က ခွပ်ခနဲ ဖုန်းချသွားသည်။

ငွေရည် မျက်လုံးပြူးလေးနှင့် ကြောင်တောင်တောင်





ရပ်နေမိဆဲ...

*...ဆိုင်ကယ်နဲ့ ကားနဲ့ တိုက်မိလို့ နှစ်ဖက်စလုံး ရှောကုန်ပြီ...*

*...(....) လမ်းဆုံကို လာခဲ့...*

*...ပန်းကန်တစ်ချပ်ဆေးပြီး သားဖြစ်သွားပြန်ပြီ...*

"ဘုရား ကယ်တော်မူပါ"

ယိုင်ခနဲ ဖြစ်သွားသည့်ကိုယ်ကို ရေခဲသေတ္တာစောင်းနဲ့ ထိန်းထားလိုက်ရသည်။

သူ... သူဘာမှမဖြစ်ရဘူး...

ကိုဘုန်းစက်... ရှင် မသေရဘူးနော်...

ငွေရည် ကားပေါ် ဘယ်လိုက ဘယ်လို ပြေးတက်လိုက်မိမှန်းမသိ။

ပြောသွားသည့်လမ်းဆုံဆီကို အလျှင်စလို မောင်းလာခဲ့မိသည်။

ရောက်ခါနီးလေ... ရင်က ခုန်လာလေ...

လက်တို့က ထုံကျင်ကာ စတီယာရင်ကို ကိုင်ထားရတာ မိတယ်မထင်...

ညမှောင်မှောင်ထဲမှာ လမ်းဘေးမီးတိုင်တို့က ငွေရည့်ဆီ ပြေးခုန်ကူးလာနေသည့်နှယ်...

အဆက်မပြတ်လည်း ကျနေရက်နဲ့ မျက်ဝန်းထဲမှာ ပြည့်အိုင်နေတဲ့မျက်ရည်က လျော့ပါးခြင်းမရှိဘဲ မှောင်သည်ထက် ပိုမှောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသာ တကယ်သေသွားခဲ့ရင် ခုနေ ငွေရည် တစ်ခုခု ဖြစ်ပြီး သေသွားလည်း သေပါစေတော့…

စိတ်ဒုံးဒုံးချကာ ကားကို အရှိန်မလျှော့ဘဲ မောင်းနေမိသည်။

"အမလေး… ဘုရား… ဘုရား"

လှမ်းမြင်လိုက်ရပါပြီ။

အနီရောင် အချက်ပြမီးလေး တလက်လက်နှင့် ဆေးရုံကား… ပြီးတော့ ဝိုင်းဝန်းအုံခဲနေသည့် လူတွေ…

ထိုနေရာမှာ လမ်းပိတ်ဆို့ထားသည်မို့ ငွေရည့်ကားကို နေရာယူရပ်ကာ ကမန်းကတန်း ပြေးဆင်းသည်။

ဟင်… ဟိုမှာ သူစီးတဲ့ ဆိုင်ကယ်ကြီး…

လူစုနဲ့ မလှမ်းမကမ်းမှာ တုံးလုံးကြီးဖြစ်နေသည့် ဆိုင်ကယ်ကြီးက ရင်ဝကို ဆောင့်ကန်ပစ်လိုက်သည့်နှယ်။

သူ မသေပါစေနဲ့…

သူ့ကို ပုံပျက်ပန်းပျက် မမြင်ပါရစေနဲ့…

သူ့ကို ချစ်ခြင်းများစွာနဲ့ ငေးကြည့်နေသော ဘုန်းမြတ်မင်း၏ သွေးစိမ်းတို့ယိုစီးနေသော မျက်နှာကြီးကို ပြန်မြင်လာသည်။

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားတာကို မနည်းထိန်းထားလိုက်ရသည်။

"ဆေးရုံခေါ်သွားလဲဘာထူးမှာလဲကွာ၊သေကုန်ပါပြီ"

"ဟိုကားက ဘာရိုက်ပေါက်လာတာဖြစ်မယ်ကွ၊





တစ်ခြမ်းလုံး စုတ်ပြတ်သွားတာပဲ"

လူသံတွေလည်း ဆူညံနေသည်။

ငွေရည် ဆေးရုံကားနားသို့ ခြောက်ချားစွာ တစ်လှမ်းချင်း တိုးကပ်သွားမိသည်။

လူနာကို ရွှေ့သယ်သူတွေရဲ့ လက်ထဲမှာ…

"ဟင်"

ခေါင်းတစ်ခုလုံး အဝတ်စနီ အုပ်ထားသလို စွေးစွေးနီသော သွေးတို့နှင့်… နှစ်ယောက်ထဲမှာ…

သွားပြီ… သူ…

မဟုတ်ဘူး၊ မဟုတ်ဘူး…

ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသည်နှင့်…

"မင်္ဂလာစံအိမ်မှာ အုတ်ဂူတစ်လုံးတိုးတာပေါ့" တဲ့။

သူ ဘာလို့ အဲဒီလို ပြောတာလဲ။

ငါ… ငါ့ကြောင့်… နောက်တစ်ယောက် သေခဲ့ပြန်ပြီ။ ရှင် မသေရဘူး ကိုဘုန်းစက်… ငွေရည့်ကိုပါ ခေါ်သွားပါ… ငွေရည့်ကို သောကတွေနဲ့ မထားခဲ့ပါနဲ့…

ရင်ထဲမှာ ကြေကွဲဆို့ကျပ်ရလွန်းလို့ နေရာမှာပင် ပုံခနဲ လဲကျသွားလေသည်။

"ဟာ… ဟိုတစ်ယောက် ဘာဖြစ်သွားတာလဲ"

"သွေးတွေမြင်လို့ လန့်သွားတာဖြစ်မယ်"

"ငွေရည်"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

"ကိုဘုန်းစက်... အို... သူ့ကို ရေခဲတိုက်ထဲ မပို့ကြပါနဲ့ဦး၊ သူ့ကို ငွေရည် ကြည့်ပါရစေ"

သူတို့ ငွေရည့်ကို ညှာတာစိတ်နှင့် လူနာတင်တွန်းလှည်းကို ငွေရည့်နားမှာ ရပ်ပေးသည်။

"ကိုဘုန်းစက်"

တစ်ကိုယ်လုံး လွှမ်းခြုံထားသည့် ပိတ်ဖြူစကို မျက်နှာမှ ဆွဲလှန်လိုက်တော့ တစ်စုံတစ်ယောက် အငြိုးကြီးစွာ ကုတ်ခြစ်ထားသလို မျက်နှာတစ်ခြမ်းလုံးမှာ ဦးခေါင်းမှ စီးသွယ်ကျခဲ့သော သွေးကြောင်းကြီးတွေက မြင်ရက်စရာမရှိ။

ရှင်ရယ်... အိပ်နေသလိုပါပဲလားဟင်...

ရှင် ငွေရည့်ကို သိပ်ချစ်တယ်ဆို... မင်းကိုပဲ ချစ်ခဲ့ဖူးတာဆို...

ငွေရည် ယုံပါပြီ...

ငွေရည်လေ... အရွန်းရောက်အတ္တတွေနဲ့ တစ်ပါးသူရဲ့ ချစ်ခြင်းတွေကို မယုံကြည်နိုင်ခဲ့တာ။

ငွေရည်ရဲ့အတ္တတွေကြောင့် ရှင် သေခဲ့ရတာ...





ငွေရည့်ကိုပါ ခေါ်သွားပါ ကိုဘုန်းစက်ရယ်...

သူတို့ ငွေရည့်ရဲ့ကိုယ်ကို ဆွဲဖယ်၍ ဘုန်းစက်မင်းကို ရေခဲတိုက်ထဲပို့ဖို့ ဆက်တွန်းသွားကြသည်။

"ဟင့်အင်း... မခေါ်ရဘူး၊ မခေါ်နဲ့၊ ကိုဘုန်းစက်ရယ်... မလိုက်နဲ့နော်၊ ငွေရည်နဲ့ နေခဲ့၊ ရှင်နဲ့ငွေရည် အတူတူနေမယ်ဆို"

ငွေရည် အသံကုန်အော်ခေါ်ရင်း ဘုန်းစက်မင်းနောက်ကို ဖွတ်ပြေးလိုက်ခဲ့သည်။

"မမ... မမ... သတိထားလေ"

"မေမေ"

ငွေရည် သတိရတော့ အိပ်ရာပေါ်မှာ ငုတ်တုတ်လေးဖြစ်နေသည်။

ခုနက ဆေးရုံပေါ်မှာ... ဟင်...

သူ့ရှေ့မှာ မြင်ကွင်းက ဆေးရုံမဟုတ်ဘဲ ကိုယ့်အိမ်မှာဖြစ်နေပါလား...

"သား"

"မေမေ"

"သားဖေဖေ မရှိတော့ဘူး၊ သားဖေဖေက မေမေကြောင့် သေသွားပြီ"

ငွေရည် အရူးလို အိပ်ရာပေါ်က အတင်းခုန်ဆင်းသည်။

သူ့ဘေးက ဆရာဝန်ဟုထင်ရသော လူကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က နုနုကို လှမ်းဆွဲထားဖို့ ပြောလိုက်တာကို ငွေရည် ကြားသည်။

"မမ… မမ သတိထားပါဦး၊ နုနု ပြောမယ်"

"ငါ့ကိုဆွဲမထားပါနဲ့ နုနုရယ်၊ သူ့ကို ရင်ခွဲရုံမရောက်ခင် ငါ ကြည့်ပါရစေ၊ ဘာဖြစ်လို့ ငါ့ကို အိမ်ပြန်ပို့ထားကြတာလဲ၊ ငါ သူ့နားမှာ နေပါရစေ"

သတိလစ်နေတုန်းက ငွေရည် သူ့နားကို စိတ်က သွားကြည့်ပြီးပါပြီ။

ခုလောက်ဆို သူတို့ ခွဲစိတ်ပြီးကြပြီလား…

"ဟာ… မမ… မမ မဟုတ်ဘူး၊ နေဦး"

"မေမေ"

ငွေရည် အိမ်ပေါ်ကနေ တအားပြေးထွက်ခဲ့သည်တွင်…

"ဟာ"

"ကျွီ"

ဆင်ဝင်အောက်မှာ ထိုးရပ်လာသော ကားတစ်စီး…

ကားက နောက်ပြန်ဆွဲမတတ် ဘရိတ်ကို နိုင်နင်းစွာ သုံးလိုက်သဖြင့် ကားရှေ့မှာ ခွေခေါက်လဲကျသွားသည့် ငွေရည် သက်သာရာရသွားသည်။

"ငွေရည်… ငွေရည် ဘာဖြစ်သွားလဲဟင်"

"ဟင်"

ရင်ဘတ်ထဲက အောင့်သွား၍ မိုတ်ကြိတ်ကုန်းထ





နေသော ငွေရည်…

နားထဲမှာ ကြားလိုက်ရသည့်အသံကြောင့် ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

"ဟင်"

ရုတ်တရက် မထင်မှတ်စွာ… မယုံနိုင်စွာ အံ့သြဝမ်းသာလွန်း၍ ငွေရည် သတိလစ်မေ့မြောသွားမတတ် ဝမ်းသာလုံးဆို့သွားတာ ဘာစကားမှ မပြောနိုင်တော့ပေ။

"ငွေရည်"

ဘုန်းစက်က ငွေရည့်ကို စိုးရိမ်တကြီး ပြေးပွေ့သည်။

ငွေရည် ဘုန်းစက်ကို ခြေလက်မျက်နှာ အားလုံးထိ ပြူးကြောင်စွာ ကြည့်နေမိဆဲ…

သူ့ကို သွေးအလိမ်းလိမ်းနဲ့ သူ သေသေချာချာ မြင်ခဲ့ရတာ…

ခု သူ့ရဲ့လက်ဖျံမှာ ပတ်တီးတစ်ခုရှိနေသည်မှလွဲ၍ ဘာမှရှိမနေ။

သူ့ကို စိုးရိမ်စွာ ပြေးထွက်လာကြသည့် ဆရာဝန်နဲ့ နုနုနဲ့ သားလေး…

သူတို့က ငွေရည့်ကို ချစ်စနိုး ပြုံးကြည့်ကြလို့ပါလား။

ငွေရည် ဘာကိုမှ မယုံနိုင်စွာ ကြောင်နေမိသည်။

"အစ်ကိုလေး… မမက အစ်ကိုလေးဆုံးသွားပြီထင်ပြီး ဆေးရုံကိုသွားဖို့ အတင်းပြေးထွက်တာ"

"ဖေဖေ မေမေက ဖေဖေ့ကို မရှိတော့ဘူးတဲ့၊ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



နားမှာ သွားနေမယ်တဲ့၊ ဟီး ဟီး...''

ဆရာဝန်က ပြုံး၍ ဆက်တိုက်ဆင်းလာကာ သူ့ကားထဲ သို့ဝင်သည်။

နုနုက ခစ်ခနဲရယ်၍ သားကို ကောက်ချီကာ အထဲ ဝင်ပြေးသွားလေသည်။

''ငွေရည်''

''ကိုဘုန်းစက်ရယ်''

ငွေရည် သူ့ကိုယ်လုံးကို တအားဖက်၍ တအင့်အင့် ငိုရှိုက်လိုက်မိသည်။

''ငွေရည်... ငွေရည် ကိုယ့်ကို အဲလောက်ထိ စိတ်ပူသွားလားဟင်''

ဘုန်းစက် ငွေရည့်ကိုယ်လုံးလေးကို သိမ်းဖက်၍ ကြည်နူးခြင်းများစွာနှင့် မေးသည်။

''စိတ်ပူတာမဟုတ်ဘူး၊ ရှင့်ကို ငွေရည် ဆုံးရှုံးသွားပြီ ဆိုတာကို မခံစားနိုင်တော့တာ၊ ရှင်သေသွားပြီဆိုရင် ငွေရည့် ဘဝ အကောင်းအတိုင်း ကျန်ခဲ့မှာ မဟုတ်တော့ဘူး၊ ငွေရည် ရှင့်ကို... ရှင့်ကို သိပ်ချစ်တယ် သိလား''

''ငွေရည်ရယ်... ဝမ်းသာလိုက်တာ၊ မင်းအချစ်ကို ကို့ ရခွင့်မရှိတော့ဘူးလို့ ထင်ခဲ့မိတာ''

တစ်ယောက်ကိုတစ်ယောက် ဖက်ထားမိကြတာ ဆရာဝန်ပြန်သွားတာကိုပင် နှုတ်ဆက်ဖို့ သတိမရကြ။

ဘုန်းစက်က ငွေရည့်ကိုတွဲ၍ အထဲဝင်ကာ တံခါးကို





သေချာစွာ သော့ခတ်ပိတ်လိုက်သည်။

''ကိုဘုန်းစက်''

''ဟင်''

''ရှင့်ဆိုင်ကယ်ကြီး အဲဒီမှာမှောက်နေတာ ငွေရည် တွေ့ခဲ့တယ်၊ သွေးတွေရဲနေတဲ့ လူတစ်ယောက်ကိုလည်း ရှင်ပဲ ထင်လိုက်တာ၊ ရှင် ဘာမှမဖြစ်ဘူးနော်''

''ဖြစ်တာတော့ ကိုယ်နဲ့ဖြစ်ဖို့ပဲ ငွေရည်ရဲ့၊ ဒါပေမယ့် ကိုယ်က ဆိုင်ကယ်နဲ့ကားကို ကစားစရာလုပ်လာတဲ့ ကောင်ပဲ ဟာ၊ အတင်းပွတ်ရှောင်ပစ်လိုက်တာ လွဲသွားတယ်၊ အဲဒီတော့ နောက်က ကားနဲ့ ဆက်ဖြစ်သွားတာပေါ့၊ ဒါပေမယ့် ကိုယ် လည်း မသက်သာဘူး၊ လိမ့်ထွက်သွားပြီး အကျကောင်းလို့ မသေတာ သိလား၊ အသက်ရှူမှားပြီး တော်တော်နဲ့ မထနိုင် ဘူး''

''အို''

သေများသေခဲ့ရင်ဆိုတဲ့ အတွေးနှင့် ငွေရည် မျက်ရည် တွေ ပြိုက်ခနဲ ကျလာသည်။

''ငွေရည်လာတာ ကိုယ် မသိဘူး၊ ယာဉ်တိုက်မှုဖြစ် တော့ သက်ဆိုင်သူအားလုံး ပါရတာပေါ့၊ အမျိုးသမီး တစ်ယောက် မူးလဲသွားတယ်ဆိုမှ အမှတ်တမဲ့ လှမ်းကြည့် လိုက်လို့ ငွေရည့်ကို မြင်တာ''

ဘုန်းစက်က ငွေရည်ကို ဖေးမ၍ ဧည့်ခန်းဆိုဖာပေါ်မှာ ထိုင်စေကာ သူ့ရင်ခွင်ထဲမှာ မှီနွဲ့စေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငွေရည်"

"ဟင်"

"ကိုယ့်ကို အဲလောက်ချစ်လျက်နဲ့ ဘာလို့မုန်းဟန် ဆောင်ခဲ့တာလဲ ငွေရည်ရယ်၊ စောစောက ကားတိုက်လို့ သေသွားခဲ့ရင် ငွေရည်ရဲ့ ချစ်တယ်ဆိုတဲ့အသံလေးကိုတောင် ကိုယ် ကြားလိုက်ရမှာ မဟုတ်ဘူး"

ငွေရည် ဘုန်းစက်မျက်နှာကို လက်ကလေးတစ်ဖက်နှင့် ဆွဲနိမ့်ချကာ ဘုန်းစက်ရဲ့မေးဖျားကို နမ်းသည်။

"အဲဒါ ငွေရည်ရဲ့အတ္တပါ၊ သူတစ်ပါးရဲ့ချစ်ခြင်းကို သံသယမျက်လုံးနဲ့ပဲ ကြည့်နေမိတာ၊ ငွေရည် ဘယ်သူ့ကိုမှ မယုံတာ၊ ငွေရည့်ကို ခွင့်လွှတ်ပါနော်"

ဘုန်းစက် ငွေရည့်နဖူးလေးကို သူ့ပါးနဲ့ ပွတ်တိုက်ကာ ပြုံးသည်။

"ကိုယ်ကတော့ ငွေရည့်ကို ချစ်တယ်၊ ခေတ်ပုံမြင်ကတည်းက ချစ်တာ၊ ဒါကြောင့် လက်ထပ်ပြီးတာနဲ့ ကိုယ့်ဘက်က ပိုင်အောင် သိမ်းပိုက်ထားလိုက်တာပဲ"

ငွေရည့်မျက်နှာလေး ခပ်ရဲရဲနှင့် သူ့ရင်ခွင်ထဲမှာ ကွယ်သည်။

"ဟုတ်တယ်၊ ကိုကို့လို မောင်က အဖြစ်မခံနိုင်ဘူးလေ၊ အချစ်ကို မက်မောပေမယ့် အချစ်ပေးနိုင်မယ့်လူ ထွက်မပြေးနိုင်မှ သူ့အချစ်ကို ရမှာမို့လား၊ အဲဒီလို နာမည်ဖျက်ခံပြီး သိမ်းပိုက်ထားခဲ့လို့ ဒီကောင်မလေး ကိုယ့်ရင်ခွင်ထဲမှာ မလှုပ်ရဲ





တာ၊ ဒီနေ့ ကိုယ့်ကို ချစ်တယ်ဆိုတဲ့အဖြေရပြီ၊ ကိုယ် မပော်ဘူးလား"

"သွား"

"ဒါပေမယ့် အချစ်ကို အခမ့်ယူတဲ့ လူယုတ်မာကြီးတော့ ဖြစ်သွားတာပေါ့နော်"

"သိပ်တော်ပါတယ်၊ ဟင်း... လူလည်"

"အဲဒါ မင်းကိုချစ်လို့၊ မင်းအကြောင်းတွေ ပြောပြပြီး လက်ထပ်နိုင်းတဲ့ ခေတ်ပုံရောက်လာကတည်းက ကိုယ့်မှာ မင်းကိုအပိုင်ရဖို့ စီမံကိန်းတွေ တစ်လှေကြီးနဲ့လာတာဗျ၊ သိလား"

"သွားပါ၊ သူများကို အနိုင်ကျင့်နိုင်းနေပြီးတော့များ"

"ဟာ.. ခက်ပါလား၊ အဲဒါ မျက်နှာပူလို့ ကာကွယ်တာပါကွာ၊ ကိုယ့်နားမှာ မင်းကို စက္ကန့်မလပ်ရှိစေချင်လို့ မျက်နှာတည်တည်ကြီးလုပ်ပြီး တမင်ခိုင်းခဲ့တာ"

ဘုန်းစက်က ငွေရည့်နှာခေါင်းချွန်ချွန်လေးကို ဆွဲလိမ်လိုက်၍

"အဲဒီလိုခိုင်းနေရင်း ကိုယ် ပြေးပွေ့မိလိုက်မှာစိုးလို့ ငါ ဒီမိန်းမကို မုန်းတယ်၊ ကလဲ့စားချေနေတာ၊ ချေနေတာနဲ့ ကိုယ့်ကိုယ်ကို သံပတ်ပေးနေရတာ ဘယ်သူမှမသိဘူး"

ငွေရည်က ပြုံးနေသည်။

"မုန်းပါတယ်ဆိုတဲ့ကောင် မင်းနားမှာချည်းရှိနေတာကို မင်း သတိမထားမိပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မထားမိပါဘူး၊ ငွေရည် ငိုချင်တာပဲ သိတယ်"

"ကိုယ့်ကိုချစ်လား ငွေရည်"

"ချစ်တယ်"

"ဘယ်လောက်ချစ်လဲဟင်"

"ဟောဒီဗိုက်ကြီးနဲ့ အပြည့်ချစ်တယ်"

ငွေရည်က သူ့ဗိုက်ကလေးကို သူ့ ခပ်ကုန်းကုန်းလေး ပြန်ဖက်ပြပြီး နှုတ်ခမ်းလှလှလေးကိုပါ လက်ညှိုးလေးနဲ့ ထောက်ပြကာ…

"တကယ်နော်… နှုတ်ခမ်းဖျားနဲ့ မဟုတ်ဘူး"

"ဟုတ်လား၊ ကိုယ် စမ်းကြည့်မယ်"

"အာ… ရှင်နော်"

ငွေရည် သူ့မျက်နှာကို တွန်းထား၍ ရှက်မျက်နှာလေး နီကိုးရာမဲ့နေရှာပြီ။

ချစ်တေးသီသော လွမ်းကျင်ငှက်တို့…

မောင်နှံ့ တူဆုံလေသောခါဝယ်…

*အားလုံးအတွက်*

*သျှင်မ*

www.burmeseclassic.com